# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပြာဟ္မဏ**

နက်နဲသော ပညာရှိသော၊ ထက်မြက်သော ပညာရှိသော၊ လမ်းမှန်ဟုတ်သည်မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ပြာဟ္မဏဟု ငါဘုရားဟော၏။

ပြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)


၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၁၄၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၇၂) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် စုပေါင်းရေစက်သွန်းလောင်း အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ**

ပြည်တွင်းသတင်း | စာ ၃

**နိုင်ငံတော်ကာကွယ်ရေးတွင် တပ်မတော်နှင့် အရပ်ဘက်ဆိုင်ရာ ဝန်ထမ်းကောင်းများကို မွေးထုတ်ပေးလျက်ရှိသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC)မှ ရင်တွင်းစကားသံများ**

တွေ့ဆုံမေးမြန်း | စာ ၆

**ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားစံနှုန်းများ**

ဆောင်းပါး | စာ ၁၀




## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နှမ်းသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် နှမ်းစပါး ၃၁၂၈၇ ဧက စိုက်ပျိုးမည်

ပွင့်ဖြူ ဖေဖော်ဝါရီ ၂၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နှမ်းသီးနှံစိုက်ပျိုးရာသီ၌ မဲဇလီရေလွှဲဆည်ရေဖြင့် နှမ်းစပါးသီးနှံ ၃၁၂၈၇ ဧက လျာထား စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နှမ်းသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် ၂၉၉၅၉ ဧက၊ ရေစုပ်စက်စနစ်ဖြင့် ၁၃၂၈ ဧက စုစုပေါင်း ၃၁၂၈၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကာ ဖေဖော်ဝါရီလကုန်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ဒေသခံတောင်သူများ နှမ်းစပါးသီးနှံ အခက်အခဲမရှိ အဆင်ပြေစွာ

*စာမျက်နှာ ၄ ကော်လံ ၅* ❍



## မန္တလေးဈေးကွက်၌ ပြည်ပပို့ကုန် ပဲတီစိမ်းသီးနှံနှင့် ဆီထွက်သီးနှံများ အရောင်းအဝယ်ကောင်းနေ

မန္တလေး ဖေဖော်ဝါရီ ၂၅

၂၀၂၄ ခုနှစ် တရုတ်နှစ်သစ်ကူးပြီးချိန်ကာလတွင် မန္တလေးဈေးကွက်အတွင်း၌ ပြည်ပပို့ကုန် ပဲတီစိမ်းသီးနှံနှင့်ဆီထွက်သီးနှံများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

လက်ရှိအချိန်တွင် မန္တလေးဈေးကွက်အတွင်း၌ ပြည်ပဈေးကွက်ဝင် ပို့ကုန်များဖြစ်သည့် ဆီထွက်သီးနှံပစ္စည်းများနှင့် ပဲတီစိမ်းသီးနှံများ အရောင်းအဝယ် ပိုမိုကောင်းမွန်နေကြောင်း၊ ယခုအချိန်တွင် ဆီထွက်သီးနှံများဖြစ်သည့် ဂျပန်နှမ်းဖြူမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀၊ ရိုးရိုးနှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀ နှင့် မြေပဲလုံးဆန် S1 တစ်ပိဿာလျှင်ငွေကျပ် ၉၀၀၀၊ မြေပဲလုံးဆန်အနီ တစ်ပိဿာလျှင် ငွေကျပ် ၈၈၀၀၊ ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ ဈေးနှုန်းအသီးသီးတို့ဖြင့် အရောင်းအဝယ်များကောင်းမွန်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၇၂) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့် စုပေါင်းရေစက်သွန်းလောင်း အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၇၂) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာနှင့် စုပေါင်းရေစက်သွန်းလောင်း အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ အဆိုပါစေတီတော်ဝင်းအတွင်း၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးအား ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူပူဇော်ကြသည်။

**ပရိတ်တရားတော်များနာယူ**

ထို့နောက် စုပေါင်းရေစက်သွန်းလောင်း အလှူတော်မင်္ဂလာအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တကေသရာဘိဝံသ (မစိုးရိမ်) ဆရာတော်ထံမှ ဥဩ့ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ချီးမြှင့်တော်မူသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်(၇၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးလှထွန်းက ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ထို့နောက် ဘဒ္ဒန္တကေသရာဘိဝံသ(မစိုးရိမ်) ဆရာတော်ထံမှ ကုသိုလ်ကောင်းမှု အစုစုတို့အတွက် အနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဆွမ်းဆန်စိမ်းလောင်းလှူ**

ယင်းနောက် မြတ်စွာဘုရားရှင်နှင့် အဂ္ဂသာဝက ရဟန္တာအရှင်မြတ်ကြီးများ၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် ပင့်သံဃာတော် ၄၅ ပါးတို့အား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြသည်။

**ကိုကိုဇော်(သတင်းစဉ်)**



# DMO တွင်ပါဝင်သည့် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဒေသ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို အားသွန်ခွန်စိုက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လေကြောင်းလိုင်းများမှတစ်ဆင့် လာရောက်လည်ပတ်ကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသဆိုင်ရာ သတင်းအချက်အလက်များကို လွယ်ကူစွာသိရှိနိုင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ညောင်ဦးလေဆိပ်အတွင်း ဖွင့်လှစ်ထားသည့် သတင်းပြန်ကြားရေးကောင်တာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နိုင်ငံပိုင်ဟိုတယ်များဖြစ်သည့် သရပါဟိုတယ်၊ ပုဂံသံတဲဟိုတယ်၊ သီရိပစ္စယာဟိုတယ်နှင့် စန္ဒာဟိုတယ်များသို့ သွားရောက်၍ ဟိုတယ်များတွင် ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ် (Hotels Guest List Management System–HGLMS) အသုံးပြုနေမှု၊ ဟိုတယ်သို့ လာရောက်တည်းခိုနေထိုင်ကြသည့် ခရီးသွားဧည့်သည်များကို ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံစိတ်ချမှုရှိစေရေး စသည့်အရည်အသွေးရှိသော ဝန်ဆောင်မှုများ ပေးနိုင်ရေးနှင့် ဟိုတယ်အဆောက်အဦများ နိုင်ငံတကာအဆင့်မီ ကောင်းမွန်ပြီး အမြင်တင့်တယ်မှုရှိစေရေး ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ထုံးလုပ်နည်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ် (Health and Safety Protocols – HSP) ကို ဒေသအဆင့်ရရှိထားသော ဟိုတယ်များက အမျိုးသားအဆင့်ရရှိအောင် ဆက်လက်ဆောင်ရွက်သွားကြရန်၊ မသန်စွမ်းသူများ အတားအဆီးမဲ့ခရီးသွားလာနိုင်ရေး (Barrier Free Tourism) အတွက် စီစဉ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် Bagan Information and Training Center (BITC) သို့ သွားရောက်၍ ပုဂံသတင်းပြန်ကြားရေးကောင်တာနှင့် Virtual Reality Tour ပြခန်းကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ညောင်ဦးခရိုင် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization–DMO) နှင့် ပုဂံမြို့ရှိ Aureum Palace Hotel & Resort ၌ တွေ့ဆုံပြီး ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် DMO များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသောကြောင့် DMO တွင် ပါဝင်သည့် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဒေသ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို အားသွန်ခွန်စိုက်ဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်က ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (DMO) များ ဖွဲ့စည်းဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်နေမှုနှင့် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ရွှေဖုံးမှ*

"၂၀၂၄ ခုနှစ် တရုတ်နှစ်သစ်ကူးချိန်မှာတော့ မန္တလေးပဲနှမ်းဈေးကွက်ကို ခေတ္တရပ်နားခဲ့ပါတယ်။ လက်ရှိအချိန်မှာ နှစ်သစ်ကူးပြီးသွားတာကြောင့် တရုတ်ဝယ်လက်တွေ ပြန်လည်ဝယ်ယူနေပြီးတော့ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နှမ်း၊ မြေပဲလုံးဆန်တွေ စတင်ဝင်ရောက်နေပါပြီ။ ပဲတီစိမ်းသီးနှံတွေလည်း အရောင်းအဝယ်တွေ ဖြစ်နေပါတယ်။ အခုချိန်မှာ ဆောင်းပဲတီစိမ်း ခရမ်းရွှေဝါတွေနဲ့ ဆောင်းနှမ်းတွေလည်း ဈေးကွက်ထဲကို ဝင်ရောက်တာများသလောက် အရောင်းအဝယ်တွေ ကောင်းနေကြပါတယ်။ ဒီနှစ်က ရာသီဥတုကလည်း ကောင်း၊ သီးနှံတွေလည်း အထွက်ကောင်းတာကြောင့် အဆင်ပြေနေကြပါတယ်။ ၂၀၂၄ ခုနှစ်ဟာ ဖောက်သည်နိုင်ငံတွေကလည်း ဝယ်ယူမှုတွေ များပြားပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် ပြည်ပဈေးကွက်ဝင်ပို့ကုန် ဆီထွက်သီးနှံများနှင့် ပဲတီစိမ်းသီးနှံများ ဈေးကွက်သို့ ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ ယင်းသီးနှံများကို မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရာသီမရွေးစိုက်ပျိုးထွက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

# ပင်လောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေး ထုတ်ကုန်လုပ်ငန်းသုံး ပစ္စည်းများ ပေးအပ်

**ပင်လောင်း ဖေဖော်ဝါရီ ၂၅**

အသေးစားစက်မှု လက်မှုလုပ်ငန်း ဦးစီးဌာနမှ အသေးစားထုတ်ကုန်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ဘက်စုံသုံးခန်းမ၌ ယမန်နေ့ နံနက်က ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်ထူးက ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားစေရန်နှင့် အသေးစား၊ အငယ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရန်အတွက် လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုနည်းပညာသင်တန်းများ၊ စက်မှုထိန်းသိမ်းပြုပြင်ရေးများ သင်တန်းဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းတွင် ပို့ချပေးသည့်နည်းပညာဖြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လိုသူများအား လိုအပ်သော နည်းပညာနှင့် စက်ပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်ထူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်ဇော်ထက်နှင့်အဖွဲ့ဝင်များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကျော်မျိုးတို့က ပင်မွန်းကျေးရွာ အုပ်စုတွင်



အကောင်အထည်ဖော် ဆောင်ရွက်သည့် ဘိန်းစိုက်ပျိုးသည့်မြို့နယ်များတွင် အစားထိုးအသေးစားကုန်ထုတ်လုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်း (အခြေခံမော်တော်ဆိုင်ကယ် ထိန်းသိမ်းပြုပြင်ရေးသင်တန်း)မှ သင်တန်းသား ငါးဦးအား ဖွံ့ဖြိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများ၊ ပင်လောင်းကြီးကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဒေသတစ်ခုထုတ်ကုန်တစ်ခုဆောင်ရွက်သည့် (လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုနည်းပညာသင်တန်း)မှ သင်တန်းသူငါးဦးအားဖွံ့ဖြိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးနှင့် ပုလဲမွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ခရိုင်သစ်တောဦးစီးဌာနရုံးသို့ သွားရောက်၍ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီးအတွင်း သစ်တောဖုံးလွှမ်းမှု တိုးတက်ကောင်းမွန်ရေး၊ ဒီရေတောများထိန်းသိမ်းကာကွယ်ရေး၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းရေး၊ တရားမဝင်သစ်နှင့် သတ္တုထုတ်ယူသယ်ဆောင်ခြင်းများကို ကာကွယ်တားဆီးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရန်နှင့် အဂတိတရားကင်းရှင်းစွာ တာဝန်ထမ်းဆောင်ကြရန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြိတ်မြို့နယ်ရှိ ရှမ်းချောင်းသစ်တောပျိုးဥယျာဉ်သို့ သွားရောက်၍ ၂၀၂၄ မိုးရာသီတွင် လူထုဖြန့်စိုက်ပျိုးရန် သစ်မျိုး ၁၅ မျိုးဖြင့် ပျိုးပင် ၆၈၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြိတ်ခရိုင် ကျွန်းစုမြို့နယ် နတ်သမီးရေတွင်းကျွန်းရှိ အဏ္ဏဝါပုလဲကုမ္ပဏီသို့ရောက်ရှိပြီး ဒေသဖွံ့ဖြိုးရေးအတွက် အနီးပတ်ဝန်းကျင် ကျေးရွာများရှိ စာသင်ကျောင်းများပြုပြင်ရန်နှင့် ကျေးလက်ဆေးပေးခန်းများဆောက်လုပ်ရန် ထောက်ပံ့ငွေများကို ပေးအပ်ကာ သားဖောက်ခန်းအတွင်း မုတ်ကောင်သားဖောက်မွေးမြူနေမှုနှင့် မုတ်ကောင်အတွင်း ဝတ်ဆံသွင်းပုလဲမွေးမြူမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းရှိ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ ပုလဲမွေးမြူထုတ်လုပ်ရေးကျွန်းစခန်းသို့ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးက ပုလဲလုပ်ငန်းဖြစ်ပေါ်တိုးတက်လာမှု၊ သားဖောက်မုတ်ကောင်မှ ပုလဲထုတ်လုပ်မှုအဆင့်ဆင့်၊ ဌာနနှင့် ပြည်တွင်း/ပြည်ပကုမ္ပဏီများ၏ နှစ်အလိုက် ပုလဲထုတ်လုပ်မှု၊ ရောင်းချမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံမှ ထွက်ရှိသော တောင်ပင်လယ်ပုလဲသည် ကမ္ဘာတွင် အရည်အသွေးကောင်းမွန်ပြီး ဈေးကွက်လိုအပ်ချက် မြင့်မားလာသောကြောင့် မြန်မာ့ပုလဲ မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုလဲကျွန်းစခန်း ဝန်ထမ်းအိမ်ရာကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးမြင့်စိုး ဝါးခယ်မမြို့နယ် ကြာဖြူကျေးရွာ၌ ရှုရှားသဘာဝမြေသြဇာသုံး နေကြာစိုက်ခင်းရိတ်သိမ်းပြီးစီးမှု ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကြာဖြူကျေးရွာရှိ ရွှေကြာဖြူ (၁) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးဝင်းဗိုလ်၏ နေကြာ၊ မြေပဲစိုက်ခင်းများအနက် ရုရှားသဘာဝမြေသြဇာ အသုံးပြု၍ စိုက်ပျိုးထားသော ဆင်းရွှေကြာ-၂ နေကြာမျိုး တစ်ဧက ရိတ်သိမ်းပြီးစီးမှုကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**



အဆိုပါ နေကြာစမ်းသပ်စိုက်ခင်းကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၁၆ ရက်တွင် စိုက်ပျိုးခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် ရိတ်သိမ်းခဲ့ရာ တစ်ဧကအစိုအထွက်နှုန်း ၇၂တင်း၊ အခြောက်အထွက်နှုန်း ၆၈ တင်း ထွက်ရှိခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အသင်းသားတောင်သူများ၏ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပဲခူးမြို့နယ်အတွင်း လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် အဆောက်အအုံမှတ်တမ်းတင်ခြင်းလုပ်ငန်းဆောင်ရွက်

**ပဲခူး ဖေဖော်ဝါရီ ၂၅**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းတစ်ရပ် ဖြစ်သည့် အဆောက်အအုံမှတ်တမ်းတင်ခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်က ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး (၇) ဗိုလ်ချုပ်အောင်ဆန်းလမ်း၌ ဆောင်ရွက်ရာ တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမောင်ကြည်နှင့် ကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ဝင်းဦးတို့သည် ပဲခူးခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုအားပေးသည်။



ပဲခူးမြို့နယ်သည် ရပ်ကွက် ၄၀၊ ကျေးရွာအုပ်စု ၆၆ အုပ်စု၊ ကျေးရွာ ၂၁၁ ရွာဖြင့် ဖွဲ့စည်းထားရှိပြီး မြို့ပေါ်ရပ်ကွက် ၄၀ တွင် စာရင်းကောက်ကွက် ၂၆၄ ကွက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးမြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ သက်ဆိုင်ရာရပ်ကွက်သန်းခေါင်စာရင်းကော်မတီဝင်များက ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး (၇) ရွာသစ်ရပ်ကွက်နှင့် အင်းတကော်မြို့(၄)ရပ်ကွက်တို့တွင် သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းဖြစ်သည့် အဆောက်အအုံမှတ်တမ်းတင်ခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်သည်။

ပဲခူးမြို့နယ် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီအနေဖြင့် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အဆောက်အအုံ မှတ်တမ်းတင်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ကောက်ကွက် ၁၄၅ ကွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သက်ထက်**

○ *ရှေ့ဖုံးမှ*

စိုက်ပျိုးသွားနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းပြီး စိုက်ပျိုးရေဖူလုံစွာရရှိရေး၊ စိုက်ပျိုးရေးနည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေရန်အတွက် တစ်မြို့နယ်လုံး နွေစပါးသီးနှံ ၃၁၂၈၇ ဧက လျာထားစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ဒီနှစ် နွေစပါးသီးနှံကို တောင်သူတွေ အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အခုလ ၁၆ ရက်မှစတင်ပြီး မြောက်မုန်းမြောင်းမကြီးမှ တစ်ဆင့် စိုက်ပျိုးလယ်မြေအရောက် ဖြန့်ဝေဆောင်ရွက်ပေးသွားမှာဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူတွေကို လိုအပ်တဲ့ သွင်းအားစုတွေနဲ့ စိုက်ပျိုးရေးနည်းပညာတွေကို ကူညီဖြည့်ဆည်းပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နွေစပါးသီးနှံစိုက်ပျိုးရာတွင် လိုအပ်တဲ့ ဓာတ်မြေသြဇာတွေ စနစ်တကျသုံးစွဲတတ်စေဖို့ တောင်သူနည်းပညာပေးလုပ်ငန်းတွေကိုလည်း စိုက်ပျိုးရေးလုပ်ငန်းနဲ့ ဆက်စပ်တဲ့ ဌာနတွေ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးသီးနှံ ၃၁၂၈၇ ဧက လျာထားစိုက်ပျိုးရာတွင် ရတနာတိုး၊ မနောသု၊ ဆင်းသုခ၊ ချမ်းမြေ့မေ၊ ဆာဖိုးသာ၊ GW 1 စသည့် စပါးမျိုးများကို အဓိက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တောင်ကြီးမြို့နယ်ရှိ အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (အောင်သပြေ)၊ အခြေခံပညာအထက်တန်းကျောင်း (တောင်လေးလုံး) နှင့် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း (အင်းခေါင်း) များသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထိုသို့စစ်ဆေးစဉ် ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာအရည်အသွေး တိုးတက်အောင် အမြဲမပြတ် ကြိုးစား၍ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူမှု အခွင့်အလမ်း အပြည့်အဝရရှိစေရေး ဆောင်ရွက်ပေးကြရန်၊ ကျောင်းဥပမိရုပ်ကောင်းမွန်ရေး၊ စိမ်းလန်းစိုပြည် သန့်ရှင်းသာယာရေးကိုလည်း အမြဲမပြတ် အလေးထားဆောင်ရွက်ကြရန်၊ မိမိတို့ကျောင်းများရှိ ဆောက်လုပ်ဆဲတည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်အရည်အသွေး အပြည့်အဝဖြင့် သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးရန်နှင့် အန္တရာယ်ကင်း၍ ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရန် မှာကြားပြီး ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





## သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် “အဂ္ဂမဟာရွှေမေတ္တာ” လေးထပ်ဆွမ်းစားကျောင်းတော်ကြီး ကျောင်းဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းတို့အား ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက်ပဓာန နာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်၏ သက်တော်(၇၇)နှစ်ပြည့် ဝိဇာတမွေးနေ့ပူဇာမင်္ဂလာနှင့် “အဂ္ဂမဟာရွှေမေတ္တာ” လေးထပ်ဆွမ်းစားကျောင်း ကျောင်းလွှတ်ပူဇာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် “အဂ္ဂမဟာရွှေမေတ္တာ” လေးထပ်ဆွမ်းစားကျောင်းကို သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး **(အပေါ်ပုံ)** “အဂ္ဂမဟာရွှေမေတ္တာ” လေးထပ်ဆွမ်းစားကျောင်းဆောင် ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းတို့ကို စက်ခလုတ်နှိပ်ဖွင့်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဆရာတော်ကြီးအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာထမနဲထိုးပွဲ ပြုလုပ်

**ပဲခူး ဖေဖော်ဝါရီ ၂၅**

၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာထမနဲထိုးပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ယာဉ်ရပ်နားကွင်း၌ ယမန်နေ့ညနေပိုင်းက ပြုလုပ်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး မြန်မာစာဌာနပါမောက္ခ ဒေါက်တာသဇင်သောင်းက တပို့တွဲလ ထမနဲထိုးပွဲနှင့် ပတ်သက်၍ သိကောင်းစရာများကိုလည်းကောင်း၊ ပဲခူးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဆန်းယုမော်က ထမနဲထိုးပြိုင်ပွဲ စည်းကမ်းချက်များကိုလည်းကောင်း ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြိုင်ပွဲဝင်အသင်းများကို စတင်ယှဉ်ပြိုင်နိုင်ရန် မင်္ဂလာမောင်း သုံးချက်တီး၍ ပြိုင်ပွဲအားဖွင့်လှစ်ပေးသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြိုင်ပွဲဝင်များ၏ စည်းလုံးမှုစုပေါင်းအားဖြင့် ထမနဲထိုးယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဂုဏ်ပြုအထူးဆုရရှိသော ပြိုင်ပွဲဝင် ခုနစ်သင်းအား ဆုငွေကျပ် နှစ်သိန်းစီနှင့် နှစ်သိမ့်ဆုရရှိသည့် ပြိုင်ပွဲဝင်အသင်းအဖွဲ့ ၃၆ ဖွဲ့အား ဆုငွေကျပ် တစ်သိန်းစီတို့ကို တိုင်းဒေသကြီး ဝန်ကြီးများနှင့် ပဲခူးတက္ကသိုလ် ပါမောက္ခချုပ်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများကလည်းကောင်း၊ တတိယဆုရရှိသည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဌာန (ခ)အသင်းအတွက် ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းကို တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က လည်းကောင်း၊ ဒုတိယဆုရရှိသည့် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးဌာန (ဃ) အသင်းအတွက် ဂုဏ်ပြုဆုငွေကျပ် ခုနစ်သိန်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးကလည်းကောင်း၊ ပထမဆုရရှိသည့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီးဌာန(ခ)အသင်းအတွက် ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းနှင့် ဒိုင်အဖွဲ့များအတွက် ဂုဏ်ပြုငွေကျပ် သုံးသိန်းတို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။




ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာထမနဲထိုးပွဲကို ဌာနဆိုင်ရာများမှ ပြိုင်ပွဲဝင်အသင်း ၁၈ သင်း၊ လူမှုရေးအသင်းအဖွဲ့မှ နှစ်သင်း၊ ဘုရားဂေါပကအဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ငါးသင်းနှင့် ရပ်ကွက်/ကျေးရွာအုပ်စုများမှ ပြိုင်ပွဲဝင် အသင်း ၂၁ သင်း စုစုပေါင်း ၄၆ သင်း ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ဆင်ပေါင်ဝဲ၌ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လာရောက်ထုတ်ယူသည့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများကို သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ ဦးဆောင်၍ သူနာပြုဆရာမများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ သွေးပေါင်ချိန်တိုင်းပေးခြင်း၊ သွေးချိုဆီးချိုရောဂါစစ်ဆေးကုသပေးခဲ့ပြီး သက်ဆိုင်ရာ ရောဂါများအလိုက် သောက်ဆေးများကို အခမဲ့ပေးအပ်ကြောင်း သိရသည်။ **(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့နှင့် မိုင်းယန်းမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# နိုင်ငံတော်ကာကွယ်ရေးတွင် တပ်မတော်နှင့် အရပ်ဘက်ဆိုင်ရာ ဝန်ထမ်းကောင်းများကို မွေးထုတ်ပေးလျက်ရှိသည့်တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC)မှ ရင်တွင်းစကားသံများ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်ကို ဖွဲ့စည်းတည်ထောင်ထားကြသည်။ နိုင်ငံတော်ကာကွယ်လိုသည့် စိတ်ဓာတ် မွေးဖွားပေါ်ပေါက်စေသည့် ကနဦးအခြေခံပညာအဆင့်တွင် ကင်းထောက်လူငယ်များအဖြစ် လည်းကောင်း၊ တက္ကသိုလ်အဆင့်တွင် တက္ကသိုလ်အရန်တပ်ရင်းဟု ခေါ်ဆိုသည့် တက္ကသိုလ်လေ့ကျင့်ရေး တပ်များအဖြစ် လည်းကောင်း လေ့ကျင့်သင်ကြားပေးလေ့ရှိသည်။ ထိုသို့လေ့ကျင့်သင်ကြားပေးရာတွင် ကျောင်းသား ကျောင်းသူများ စစ်ပညာသင်ကြားတတ်မြောက်စေရန်နှင့် ကိုယ်ကာယကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်၍ ရွေးချယ်လေ့ကျင့် သင်ကြားပေးခဲ့သည်။

၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် စတင်ပေါ်ပေါက်ပြီး တစ်နှစ်ခွဲအကြာ ၁၉၂၂ ဇွန်လတွင် တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ရင်း (University Training Corps)ဖွင့်လှစ်ခဲ့သည်။ ၁၉၂၂ ခုနှစ်၊ ဇွန်လတွင် အိန္ဒိယနယ်မြေတပ်ဖွဲ့ ဥပဒေအရ အမှတ်(၆) မြန်မာပြည်တပ်ရင်း၊ တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ဖွဲ့အဖြစ် စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၂၂ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ တက္ကသိုလ်အရန်တပ်ရင်း လေ့ကျင့်ရေးသင်တန်းများကို ဖွင့်လှစ်ခဲ့ပြီး ၁၉၄၂ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၂ ခုနှစ်တွင် တက္ကသိုလ်အရန်တပ်ရင်း၏ ဆောင်ရွက်မှုများ ရပ်ဆိုင်းခဲ့သည်။ ၁၉၅၂ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် တက္ကသိုလ်အရန် တပ်ရင်း(ရန်ကုန်)ကို ပြန်လည်ဖွဲ့စည်းခဲ့၍ ၁၉၆၂ ခုနှစ်တွင် တက္ကသိုလ်အရန်တပ်ရင်း(ရန်ကုန်)အား ဖွဲ့စည်းပုံအရ အသစ်ပြန်လည်ဖွဲ့စည်းခဲ့ရာ အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်ဟု အမည်ပြောင်းလဲခဲ့သည်။ ထို့မှတစ်ဖန် ၁၉၈၈ ခုနှစ်နောက်ပိုင်း ပြန်လည်ဖွင့်လှစ်ခဲ့ရာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ်(မန္တလေး)နှင့် အမှတ်(၃)တက္ကသိုလ်လေ့ကျင့်ရေးတပ် (မော်လမြိုင်) တို့ကိုလည်း ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် တက္ကသိုလ်လေ့ကျင့်ရေးတပ် ရှစ်ခုရှိပြီး ခုနစ်ခုသည် လေ့ကျင့်ရေး သင်တန်းများအတွက် တာဝန်ထမ်းဆောင်လျက် ရှိသည်။ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ နေပြည်တော်၊ ပုသိမ်၊ တောင်ငူတို့တွင် UTC များရှိပြီး လက်ရှိပုသိမ်မြို့တွင် ဖွင့်လှစ်လျက်ရှိသည်။



ဒေါက်တာတင်မောင်ထွန်း



ဗိုလ်ကြီးမင်းဝင်းမွန်



ဦးဇင်မောင်ဦး



ဒေါ်မေသူငြိမ်း

တပ်မတော်အင်အားရှိမှ တိုင်းပြည်စွမ်းအား တောင့်တင်းခိုင်မာမည်ဖြစ်ရာ ထိုသို့ တိုင်းပြည်အင်အားတောင့်တင်းခိုင်မာမှုသည် ကျောင်းသား၊ လူငယ်တို့၏ လက်ဝယ်တွင် တည်ရှိလျက်ရှိသည်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် အမျိုးဘာသာ သာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုသော စိတ်ဓာတ်သည် စစ်ပညာကာကွယ်ရေး လေ့ကျင့်သင်ကြားမှုမှ မွေးဖွားလာလေ့ရှိရာ နိုင်ငံ့ခေါင်းဆောင်များစွာကို မွေးထုတ်ပေးလျက်ရှိသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC)မှ တာဝန်ရှိသူတို့၏ ရင်တွင်းစကားသံတို့ကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဒေါက်တာတင်မောင်ထွန်း(ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်၊ အကြံပေးအဖွဲ့ ဥက္ကဋ္ဌ)**

တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC)ကို တက်ရောက်ခွင့်ရတဲ့အတွက် ခန္ဓာကိုယ် သန်စွမ်းမှု၊ ကျန်းမာရေးကောင်းမွန်မှုနဲ့ မိမိကိုယ်ကို ယုံကြည်မှု ရှိလာခြင်း၊ အမိန့်နာခံတတ်မှုနဲ့ စည်းကမ်းကောင်းမွန်လာခြင်း၊ အဖွဲ့လိုက် ဆောင်ရွက်ရတဲ့အတွက် ခေါင်းဆောင်မှု အခြေခံသဘောတရားကို သိရှိနားလည်မှုမှ ပူးပေါင်းဆောင်ရွက်တတ်တဲ့ စိတ်ထားဖြစ်ပေါ်လာခြင်း၊ လက်နက်ငယ်များကို ကိုင်တွယ်ပစ်ခတ်တတ်လာတဲ့အပြင် တပ်ကြပ်အဆင့် စစ်နည်းဗျူဟာများကိုလည်း တတ်မြောက်ခြင်းစတဲ့အကျိုးကျေးဇူးတွေရရှိစေပါတယ်။ တက္ကသိုလ်လေ့ကျင့်ရေး သင်တန်းကို တက်ရောက်ပြီး မဖြစ်မနေတပ်မတော်ကို ဝင်ရောက်ရမယ်ဆိုတဲ့ သတ်မှတ်ထားတာ မရှိပါဘူး။ သို့သော်လည်း တိုင်းပြည်ကာကွယ်ဖို့ ထမ်းဆောင်လိုတဲ့ ကျောင်းသူကျောင်းသားတွေ အတွက်တော့ လုံလောက်တဲ့ အထောက်အကူဖြစ်စေပါတယ်။

နိုင်ငံ့တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ကြမယ့် လူငယ်ကျောင်းသား ကျောင်းသူတွေအနေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်တဲ့အခါမှာ တက္ကသိုလ်လေ့ကျင့်ရေးတပ်က လေ့ကျင့်သင်ကြားပေးခဲ့တဲ့ စစ်ပညာနဲ့ အုပ်ချုပ်မှုဘာသာရပ်တွေက စစ်ဘက်၊ အရပ်ဘက်နဲ့ ကိုယ်ပိုင်လုပ်ငန်းတွေ ဆောင်ရွက်ကြရာမှာ စီမံခန့်ခွဲမှုဖြစ်တဲ့ အုပ်ချုပ်မှုပိုင်းဆိုင်ရာကိုလည်း အထောက်အကူ ဖြစ်စေပါတယ်။ သင်တန်းတက်ရောက်ရာမှာ ခံယူချက်၊ ပြင်းပြတဲ့စိတ်နဲ့ လေ့ကျင့်သင်ကြားခံယူမှုအပေါ်မှာ မူတည်ပြီး တစ်ချိန် မိမိအနာဂတ်ကို ပုံဖော်ရာမှာ အထောက်အပံ့ဖြစ်စေတဲ့အပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်လိုတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် ပိုပြီးအကျိုးရှိစေပါတယ်။

အနာဂတ်လူငယ်တွေဟာ နိုင်ငံတော်အတွက်သာမက တပ်မတော်အတွက်လည်း အရေးပါပါတယ်။ UTC နှစ်ပျိုစဉ်အချိန်ကစပြီး ယခုရင့်ကျက်လာတဲ့ကာလအထိ မွေးထုတ်ပေးခဲ့တဲ့ ကျောင်းသား ကျောင်းသူတွေဟာ နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်လာတဲ့အချိန်မှာ တက္ကသိုလ်လေ့ကျင့်ရေးတပ်များက ပူးပေါင်းဆောင်ရွက်ခဲ့တာဟာ အစဉ်အလာရှိခဲ့ပြီးသားပါ။ ဒါကြောင့် တက္ကသိုလ်အရန်တပ်ရင်းများက ထိုသို့သောပုဂ္ဂိုလ်များ ပေါ်ထွန်းလာမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ ကျောင်းသားဘဝကတည်းက UTC ရှိနေတာဖြစ်တဲ့အတွက် ထိုတပ်ရင်းများက ထွက်ပေါ်လာတဲ့ နိုင်ငံ့ခေါင်းဆောင်များဟာ ယနေ့ဌာနအသီးသီးမှာ နိုင်ငံ့တာဝန်ထမ်းဆောင်နေတာကို တွေ့ရမှာပါ။ နိုင်ငံအတွင်းက ကျောင်းသား ကျောင်းသူနဲ့ ပြည်သူများအားလုံး အမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ကိုယ်စီရှိကြပါတယ်။ လိုအပ်ရင် လိုအပ်သလို နိုင်ငံတာဝန်ကို ထမ်းဆောင်ဖို့ လေ့ကျင့်သင်ကြားပေးနိုင်တဲ့ တက္ကသိုလ်လေ့ကျင့်ရေးတပ်မှာ လေ့ကျင့်သင်ကြားဖို့ ကျောင်းသား ကျောင်းသူတွေကို တိုက်တွန်းလိုပါတယ်။ UTC ဟာ နိုင်ငံသားကောင်းများစွာကို မွေးထုတ်ပေးနေတဲ့ သင်တန်းတစ်ခုလည်း ဖြစ်ပါတယ်။

**ဗိုလ်ကြီးမင်းဝင်းမွန် (အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်၊ တပ်မှူး)**

တက္ကသိုလ် အရန်တပ်ရင်းကို ကိုလိုနီခေတ် ၁၉၂၂ ခုနှစ်ကနေ ၁၉၄၂ ခုနှစ်အထိ သင်တန်းဖွင့်လှစ်ခဲ့ပြီး ဒုတိယကမ္ဘာစစ်ဖြစ်ပွားချိန်မှာ ရပ်ဆိုင်းသွားပြီးတော့ ၁၉၅၂ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အထိ ဖွင့်လှစ်ခဲ့ပါတယ်။ အမှတ်(၁) တက္ကသိုလ် လေ့ကျင့်ရေးတပ်အနေနဲ့ ၂၀၁၄ ခုနှစ်မှ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်။ တက္ကသိုလ်လေ့ကျင့်ရေးတပ်ကို ဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်က စာသင်ကာလပြီးဆုံးသွားချိန်မှာ တပ်မတော်မှာ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအဖြစ် တာဝန် ထမ်းဆောင်နိုင်ဖို့အတွက် သင့်လျော်တဲ့ သင်တန်းတစ်ခု သင်ကြားပေးနိုင်ဖို့၊ သင်တန်းတက်ရောက်ပြီးတဲ့ ကျောင်းသား ကျောင်းသူများဟာ နိုင်ငံတော်အရေးကြုံလာချိန်မှာ စုဆောင်းထားရှိဖို့ ဖြစ်ပါတယ်။

UTC သင်တန်းကို နှစ်မျိုးခွဲပြီး လေ့ကျင့်သင်ကြားပေးပါတယ်။ ပထမသင်တန်းက အခြေခံစစ်ပညာသင်တန်းပါ။ နောက်တစ်မျိုးက တန်းမြင့်စစ်ပညာသင်တန်းပါ။ အခြေခံကို အောင်မြင်ပြီးရင် တန်းမြင့်စစ်ပညာကို တက်ရောက်သင်ကြားခွင့်ရပါတယ်။ အခြေခံစစ်ပညာသင်တန်းကို တပ်သားကြီးအဆင့်အထိ လေ့ကျင့်ပေးပြီးတော့ တန်းမြင့်စစ်ပညာသင်တန်းကို အကြပ်အဆင့်အထိ သင်ကြားပေးပါတယ်။ သာမန်သင်တန်းချိန်မှာ ဆရာ ဆရာမနဲ့ ကျောင်းသားကျောင်းသူတွေကို ခရီးအကွာအဝေးပေါ်မူတည်ပြီး ခရီးစရိတ်ပေးပါတယ်။ စစ်ဝတ်စုံ ကိုးမျိုးလည်း ထုတ်ပေးပါတယ်။

*စာမျက်နှာ ၇ သို့*



တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC) သင်တန်းသားများအား လက်နက်ငယ်ဘာသာရပ် သင်ကြားပေးစဉ်။



တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC) သင်တန်းသူများအား လက်နက်ငယ်ဘာသာရပ် သင်ကြားပေးစဉ်။

*စာမျက်နှာ ၆ မှ*

ရက် ၃၀ ထက်မပိုတဲ့ စခန်းချလေ့ကျင့်ရေးကာလဆိုရင် သင်တန်းသားများရဲ့ ရာထူးအဆင့်အလိုက် လစာနဲ့ ရိက္ခာလည်း ပေးပါတယ်။ UTC သင်တန်းဟာ သူတို့ရဲ့ဆန္ဒအရ တက်ရောက်ခွင့်ရတဲ့ သင်တန်းတစ်ခုပါ။ နိုင်ငံချစ်စိတ်၊ တပ်မတော်ကို ချစ်မြတ်နိုးစိတ်၊ တပ်မတော်သားများရဲ့ဘဝကို သိရှိခံစားလိုတဲ့စိတ်၊ ကိုယ်ချင်းစာနာတတ်တဲ့ စိတ်တွေနဲ့ သင်တန်းတက်ရောက်ကြတဲ့ UTC ကျောင်းသား ကျောင်းသူများလည်း ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ အကျိုးစီးပွားအတွက် အရန်ဆိုတာရှိပါတယ်။ ဥပမာအားဖြင့် အမျိုးသားအကျိုးစီးပွားအတွက် ရွှေကို အရန်အဖြစ်စုတာ၊ မဟာဗျူဟာမြောက်စွမ်းအင်အတွက် ရေနံကို အရန် ထားတာ၊ အင်အားကြီးနိုင်ငံတွေဆိုရင် မဟာဗျူဟာမြောက် တွင်းထွက်ပစ္စည်းတွေဖြစ်တဲ့ လေယာဉ်ထုတ်လုပ်တဲ့ သတ္တုတွေ၊ ဒုံးကျည်ထုတ်လုပ်တဲ့ သတ္တုတွေကို အရန်အဖြစ် ထားရှိလေ့ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဆိုရင်လည်း တိုင်းပြည်ကာကွယ်ရေးအတွက် UTC က လေ့ကျင့်ပြီးသား အရန်တပ်ဖွဲ့ဝင်များကို အရန်အဖြစ် စုဖွဲ့ပေးတဲ့တပ်ဖွဲ့ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး မျိုးချစ်စိတ် ရှင်သန်ထက်မြက်နေမှ နိုင်ငံတော်ကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် UTC တပ်ဖွဲ့ဝင်တွေဟာလည်း မျိုးချစ်စိတ်ထက်သန်ဖို့လိုပြီး UTC ကို ဝင်ရောက်လာသူများဟာလည်း မျိုးချစ်စိတ်ကိုအရင်းခံပြီး ဝင်ရောက်လာသူတွေပဲ ဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဟာ UTC တက်ရောက်ပြီး စစ်တက္ကသိုလ် တက်ရောက်ခဲ့သူဖြစ်ပါတယ်။ ယခုအဆောက်အဦရှေ့မှာပဲ နည်းပြဆရာနဲ့ သင်တန်းတက် ကျောင်းသားတွေ စုပေါင်းမှတ်တမ်းတင်ထားတာလည်း ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း အပါအဝင် နယ်ဘက်တွေမှာလည်း တာဝန်ထမ်းဆောင်နေတဲ့ UTC ကျောင်းသားဟောင်း များစွာရှိနေပါတယ်။ နိုင်ငံတော်ကာကွယ်ရေးဟာ နိုင်ငံသူ၊ နိုင်ငံသားအားလုံးမှာ တာဝန်ရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေဟာ နိုင်ငံသူ၊ နိုင်ငံသားတွေဖြစ်တဲ့အတွက် အမိနိုင်ငံကို ကာကွယ်ဖို့ မွေးရာပါ တာဝန်တစ်ခုလည်း ဖြစ်ပါတယ်။



တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC) သင်တန်းသားများ တပ်မတော်(ရေ) စစ်သင်္ဘော၌ လေ့လာကြစဉ်။

**ဦးဇင်မောင်ဦး(ဒဂုံတက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာန တွဲဖက်ပါမောက္ခ)**

တက္ကသိုလ် လေ့ကျင့်ရေးတပ် ပြန်လည်ဖွင့်လှစ်ချိန် အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ် (မန္တလေး) ဖွင့်လှစ်ချိန်ကစပြီး တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ သင်တန်းတက်ရောက်တဲ့ ကျောင်းသား ကျောင်းသူတွေဟာ စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်ကြတာ တွေ့ရပါတယ်။ တက္ကသိုလ်လေ့ကျင့်ရေးတပ်မှာ တက်ရောက်သင်ကြားခြင်းဟာ တပ်မတော်က သင်ကြားပေးတဲ့ သင်တန်းတွေဖြစ်တာကြောင့် အမိန့်နာခံတတ်မှု၊ ဒါပြီးရင်ဘာလုပ်ရမယ်ဆိုတဲ့ အချိန်ခွဲဝေသုံးစွဲတတ်မှု စတဲ့အကျင့်ကောင်းတွေကို ရရှိစေပါတယ်။ စစ်သင်တန်းတွေက ပေးလိုက်တဲ့ အခြေခံစစ်ရေးသဘောတရားတွေဟာ အခြားသောနေရာတွေမှာ အသုံးချဆောင်ရွက်နိုင်တာကိုလည်း တွေ့ရပါတယ်။

ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝမှာတုန်းက တက္ကသိုလ်လေ့ကျင့်ရေးတပ် (UTC) ပိတ်ထားတဲ့ ကာလတစ်ခုဖြစ်နေတော့ တက္ကသိုလ်ကျောင်းဆရာဘဝကို ရောက်လာချိန် UTC ပြန်ဖွင့်ချိန်မှာ UTC ကို ဝင်ဖြစ်ခဲ့တယ်။ UTC ဟာ လူငယ်တွေအတွက် အလွန်လိုအပ်တဲ့ သင်တန်းတစ်ခုလည်း ဖြစ်ပါတယ်။ အခြေခံစစ်ရေးပြသင်တန်း၊ လက်နက်ငယ် လေ့ကျင့်မှုသင်တန်း၊ စခန်းချ လေ့ကျင့်ရေးအစီအစဉ်တွေ၊ တပ်မတော်ရဲ့ အခြေခံစစ်ရေးသဘောတရားတွေ၊ စခန်းဝင်လေ့ကျင့်မှုအစီအစဉ်တွေ၊ တပ်ဖွဲ့ပုံစံ လေ့ကျင့်မှုအစီအစဉ်များနဲ့ စစ်ရေးပြလက်နက်ငယ် စတဲ့ဘာသာရပ်များကို သင်ကြားပေးတဲ့ သင်တန်းတစ်ခုလည်း ဖြစ်ပါတယ်။ နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်ပညာဟာ နိုင်ငံသားတိုင်းတတ်ထားရင် ပိုကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ဒါကို တတ်မြောက်ထားခြင်းအားဖြင့် မိမိကိုယ်ကို မိမိကာကွယ်နိုင်မယ်၊ မိမိရဲ့ ရပ်ရွာ၊ မြို့နယ်ကို ကာကွယ်နိုင်မယ်။ ပြီးရင် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်တဲ့အဆင့်ထိ အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်နေလို့ပါ။

**ဒေါ်မေသူငြိမ်း (ရန်ကုန်ပညာရေးတက္ကသိုလ်၊ အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ် တပ်ခွဲမှူး)**

တက္ကသိုလ် လေ့ကျင့်ရေးတပ်မှာ သင်တန်းတက်ရောက်ခြင်းဟာ ရုပ်ပိုင်းဆိုင်ရာအပြင် ကိုယ်ကာယ ကျန်းမာကြံ့ခိုင်မယ်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာဆိုရင်လည်း ဆုံးဖြတ်ချက်ကို မှန်မှန်ကန်ကန် ချမှတ်နိုင်မယ်၊ မိမိကိုယ်ကို ယုံကြည်စွာ ဆောင်ရွက်နိုင်တဲ့ ယုံကြည်မှုတွေ ရရှိစေပါတယ်။ လူမှုဆက်ဆံရေးအပိုင်းဆိုရင်လည်း အစုအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်တွေ ရရှိစေပါတယ်။ တက္ကသိုလ်အသီးသီးက လာရောက်တက်ကြတဲ့ ကျောင်းသားတွေကို ခေါင်းဆောင်ပြီး ကြီးကြပ်ကွပ်ကဲရတဲ့အတွက် ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ ခေါင်းဆောင်မှုကောင်းအရည်အသွေးနဲ့ စီမံခန့်ခွဲမှုပိုင်းကိုလည်း သင်တန်းသားများ တတ်မြောက်စေပါတယ်။

ကျွန်မက တက္ကသိုလ်ဆရာမအဖြစ် တာဝန်ထမ်းဆောင်ချိန်မှာ UTC ဖွင့်ချိန်နဲ့ ကြုံကြိုက်ခဲ့တာကြောင့် တပ်ဖွဲ့ဝင်ဆရာမအနေနဲ့ UTC တက်ရောက်ခဲ့ပါတယ်။ UTC သင်တန်းဟာ အပြင်က သင်တန်းတွေလို ငွေကြေးနဲ့တက်ရောက်လို့ရတဲ့ သင်တန်းမျိုးမဟုတ်ပါဘူး။ မိမိတာဝန်ကျတဲ့တက္ကသိုလ်မှာ ဒီသင်တန်းဖွင့်ချိန်နဲ့ ကြုံကြိုက်မှသာ တက်ရောက်ခွင့်ရတာပါ။ UTC သင်တန်းကို တက်ရောက်ခြင်းဖြင့် တက္ကသိုလ်အသီးသီးက မတူညီတဲ့ဘာသာရပ်တွေကို သင်ကြားကြတဲ့ ဆရာ ဆရာမတွေ အချင်းချင်းတွေ့ဆုံတဲ့အခါမှာ အတွေ့အကြုံတွေကို ဖလှယ်နိုင်တဲ့ အကျိုးကျေးဇူးများစွာလည်း ရရှိတယ်လို့ ခံစားမိပါတယ်။ နိုင်ငံသားများအနေနဲ့ စစ်ပညာကို သင်ယူခြင်းဟာ နိုင်ငံတော်က လုပ်ဆောင်နေတဲ့ စီမံကိန်းများမှာ အထောက်အကူတစ်စုံတစ်ရာ အကျိုးသက်ရောက်မှုဖြစ်စေမယ်လို့ ယုံကြည်ပါတယ်။ UTC သင်တန်းမှာ စာတွေ့၊ လက်တွေ့သင်ကြားရတဲ့အပြင် တစ်နှစ်မှာတစ်ကြိမ် မိုးရာသီစခန်းဝင် လေ့ကျင့်မှုအစီအစဉ်တွေကြောင့် တောတွေ၊ တောင်တွေထဲ သွားရတာလည်း ရှိပါတယ်။ ဒီအတွေ့အကြုံတွေဟာ တပ်မတော်သားတစ်ယောက်ရဲ့ နေ့စဉ်ဘဝကို ပိုပြီးစာနာ နားလည်မိလာစေပါတယ်။

*စာမျက်နှာ ၈ သို့*



တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC) သင်တန်းသားများ တပ်ဖွဲ့ပုံစံ လေ့ကျင့်စဉ်။

**❝ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်ပညာဟာ နိုင်ငံသားတိုင်းတတ်ထားရင် ပိုကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ဒါကို တတ်မြောက်ထားခြင်းအားဖြင့် မိမိကိုယ်ကို မိမိကာကွယ်နိုင်မယ်၊ မိမိရဲ့ရပ်ရွာ၊ မြို့နယ်ကို ကာကွယ်နိုင်မယ်။ ပြီးရင် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်တဲ့အဆင့်ထိ အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေလို့ပါ ❞**

# သတ်မှတ်နယ်စပ်မြို့ကိုဖြတ်ကျော်၍ ပြည်တွင်းသို့တင်သွင်းမည်ဆိုပါက သွင်းကုန်လုပ်ထုံးလုပ်နည်းများအတိုင်း သွင်းကုန်လိုင်စင်ရယူခြင်း၊ အခွန်အရပ်ရပ်ပေးဆောင်ခြင်းများ ဆောင်ရွက်ရေးတို့ကို စိစစ်ကြပ်မတ်ရန်နှင့် တရားမဝင် တင်ပို့၊ တင်သွင်းခြင်းများမရှိစေရေး အလေးထားဆောင်ရွက်



နေပြည်တော် ဖေဖော်ဝါရီ ၂၅

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား အမှတ်(၁) နှင့် (၂)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

**တရားမဝင် တင်ပို့၊ တင်သွင်းခြင်းများမရှိစေရေး**

ထို့သို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပို့ကုန်ကြေညာလွှာ (Export Declaration- ED) နှင့် သွင်းကုန်ကြေညာလွှာ (Import Declaration- ID) များ မှန်ကန်မှုရှိစေရေး ဌာနဆိုင်ရာ One-Stop-Service (OSS) အဖွဲ့များက စနစ်တကျစိစစ်စစ်ဆေးရန်၊ သတ်မှတ်နယ်စပ်မြို့ကို ဖြတ်ကျော်၍ ပြည်တွင်းသို့ တင်သွင်းမည်ဆိုပါက သွင်းကုန်လုပ်ထုံးလုပ်နည်းများအတိုင်း သွင်းကုန်လိုင်စင်ရယူခြင်း၊ အခွန်အရပ်ရပ်ပေးဆောင်ခြင်းများ ဆောင်ရွက်ရေးတို့ကို စိစစ်ကြပ်မတ်ရန်နှင့် တရားမဝင် တင်ပို့၊ တင်သွင်းခြင်းများမရှိစေရေး အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မဲခေါင်အပြည်ပြည်ဆိုင်ရာမြစ်တွင်းဆိပ်ကမ်း (ဝမ်ပုံ) ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မဲခေါင်မြစ်မှ သယ်ဆောင်လာသည့် ကုန်ပစ္စည်းကို စစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးနှင့် မှန်ကန်သည့်ကုန်သွယ်မှုဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်တို့ကို မှာကြားကာ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ကျိုင်းလပ်ကုန်သွယ်ရေးစခန်းနှင့် မြန်မာ-လာအို ချစ်ကြည်ရေးတံတားရှိ Border Control Facility (BCF) ဂိတ်၌ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျိုင်းလပ်(မြန်မာ)-ကျိုင်းခုတ်(လာအို) ချစ်ကြည်ရေးတံတားကိုအသုံးပြု၍ မြန်မာ-လာအိုနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့်တစ်ဆင့်ခံဖြတ်သန်းကုန်သွယ်မှု (Transit Trade) တိုးတက်ဖြစ်ထွန်းရေးတို့အတွက် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ဒေသရှိ တိုင်းရင်းသားပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၇ မှ*

**ဦးအောင်စိုး (ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲမှုပညာဌာန၊ ကထိက)**

UTC သင်တန်းဟာ အဓိကအနေနဲ့ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာကို ကျန်းမာကြံ့ခိုင်စေပါတယ်။ စိတ်ဓာတ်ကြံ့ခိုင်မှုရရှိစေပြီးတော့ ဘဝမှာ စဉ်ဆက်မပြတ် အောင်မြင်သူတစ်ယောက်ဖြစ်ဖို့ဆိုရင် ကြံ့ခိုင်တဲ့စိတ်ဓာတ်ရှိဖို့ လိုပါတယ်။ UTC ဟာ ဒါတွေကို အဓိကပြုစုပျိုးထောင်ပေးပါတယ်။ ယနေ့ခေတ်မှာ တစ်ယောက်တည်း ဆောင်ရွက်ရတဲ့ အလုပ်မျိုးထက် အသင်းအဖွဲ့နဲ့လုပ်ဆောင်ရတာတွေ များလာပါတယ်။ အသင်းအဖွဲ့မှာ မိမိပါဝင်တဲ့အခန်းကဏ္ဍက တစ်ခါတလေ Leader ဖြစ်မယ်၊ တစ်ခါတလေ Follower ဖြစ်မယ်။ Leader ဆိုရင်လည်း Good Leader၊ Follower ဖြစ်ရင်လည်း ကောင်းမွန်တဲ့ Follower အဖြစ်နဲ့ တပ်မတော်က စနစ်တကျပြုစုပျိုးထောင်ပေးပြီးသားဖြစ်တာကြောင့် အကျိုးကျေးဇူးများပါတယ်။

ဒီသင်တန်းကိုတက်ရင် ဘာအကျိုးကျေးဇူးရသလဲပေါ့။ ပညာရပ်ကတော့ မိမိအသုံးချတဲ့အပေါ်မှာ မူတည်ပါတယ်။ တက္ကသိုလ်ပဲဖြစ်ဖြစ်၊ စီးပွားရေးလုပ်ငန်းပဲဖြစ်ဖြစ် ရေရှည်အောင်မြင်တဲ့သူဖြစ်ဖို့အတွက် ကြံ့ခိုင်တဲ့စိတ်ကိုရရှိစေမှာဖြစ်ပါတယ်။ ရုပ်ပိုင်းနဲ့စိတ်ပိုင်းဆိုင်ရာကိုလည်း အထောက်အကူဖြစ်စေပါတယ်။ ဒီသင်တန်းကို တက်ရောက်ခဲ့ရတဲ့ကာလတွေမှာ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ၊ ပညာရှင်တွေဆုံဆည်းပြီး အချင်းချင်းပညာရပ်ပိုင်းဆိုင်ရာ ဖလှယ်ခွင့်ရကြပါတယ်။ မိတ်ဆွေတိုးတယ်။ UTC သင်တန်းကိုတက်ပြီးတဲ့နောက်မှာ ကိုယ်ချင်းစာတရား၊ စာနာနားလည်မှုတွေ ဆောင်ရွက်တတ်လာတယ်။ ဒါတွေဟာ အမှတ်တရကောင်းတွေပါပဲ။ မိမိတို့နိုင်ငံအနေနဲ့ ပထဝီအနေအထားရ မဟာဗျူဟာကျတဲ့နိုင်ငံတစ်နိုင်ငံဖြစ်နေပါတယ်။ နိုင်ငံကြီးနှစ်နိုင်ငံရဲ့ကြားမှာလည်း တည်ရှိနေပါတယ်။ မြန်မာနိုင်ငံဟာ ကုန်းတွင်းပိတ်နိုင်ငံ မဟုတ်တာကြောင့် အခြားအခြားသောနိုင်ငံတွေရဲ့ စိတ်ဝင်စားခြင်းကို ခံနေရတဲ့နိုင်ငံလည်းဖြစ်ပါတယ်။ နိုင်ငံသားတိုင်း၊ ကျောင်းသား ကျောင်းသူတိုင်း စစ်ပညာတတ်မြောက်မယ်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာမှာ ခမ်းနားတဲ့စိတ်ဓာတ်ရှိနေမယ်ဆိုရင် ဘယ်နိုင်ငံကမှ စိုးမိုးစွက်ဖက်နိုင်မှာ မဟုတ်ပါဘူး။ အင်အားကောင်းတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေမှာပါ။ ပြည်သူတွေ ပူးပေါင်းပါဝင် ထောက်ပံ့ပေးမှသာ အင်အားကောင်းတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပေါ်လာမှာပါ။ ကိုယ်ကိုယ်တိုင်လည်း ဝင်ရောက် တာဝန်ထမ်းဆောင်မှသာ စာနာနားလည်နိုင်မှာ ဖြစ်တာကြောင့် စိတ်ခွန်အားတွေ နိုးကြားပြီး တိုင်းပြည်ကာကွယ်ရေးမှာ များစွာအထောက်အကူပြုနိုင်ပါစေလို့ တိုက်တွန်းလိုပါတယ်။



ဦးအောင်စိုး



မောင်ဖွဲ့ထက်အောင်



မအေးငြိမ်းသူ

**မောင်ဖွဲ့ထက်အောင် (စတုတ္ထနှစ်ရုက္ခဗေဒ၊ ဒဂုံတက္ကသိုလ်)**

တက္ကသိုလ်လေ့ကျင့်ရေး တပ်မှာ ပထမနှစ် တန်းမြင့်စစ်ပညာသင်တန်းကို တက်ရောက်ခဲ့ပါတယ်။ ရှေးဘုရင်လက်ထက်ကဆိုရင် ယောကျ်ားကောင်း ယောကျ်ားမြတ်ဆိုတာ အဋ္ဌာရသ ၁၈ ရပ်ကို တတ်မြောက်ရမယ်လို့ သတ်မှတ်ထားတာပါ။

ကျွန်တော်တို့ တက္ကသိုလ်လေ့ကျင့်ရေးတပ် စတက်တဲ့ အခြေခံပထမနှစ်ကနေပြီး တန်းမြင့်ဒုတိယနှစ်အထိ လေးနှစ်ဆက်တိုက် နည်းစနစ်ကျကျ တတ်မြောက်ဖို့အတွက် တပ်မှူးဗိုလ်ကြီးမင်းဝင်းမွန်နဲ့အတူ သင်တန်းနည်းပြ အရာရှိ၊အရာခံ၊ဆရာကြီးတွေကောင်းစွာ သင်ကြားပေးခဲ့တာပါ။ ယခုလက်တွေ့အချိန်မှာ ကိုယ်လုပ်ရမယ့်လုပ်ငန်းကိစ္စတွေ အဆင်ပြေအောင်၊ အခက်အခဲတွေကြုံလာတဲ့အခါမှာလည်း ဖြေရှင်းတတ်အောင်၊ အုပ်ချုပ်မှုအပိုင်းမှာလည်း ဂျူနီယာညီငယ်၊ ညီမငယ်လေးတွေကိုလည်း ဘယ်လိုအုပ်ချုပ်ရမယ်ဆိုတာ သင်ကြားပြသ ပေးနိုင်တဲ့အတွက် ကျွန်တော်တို့ သင်တန်းတက်ရောက်ခဲ့ရတာ အကျိုးကျေးဇူးများစွာ ရရှိစေပါတယ်။

ဒီသင်တန်းကို တက်ရောက်ပြီးတဲ့နောက်ပိုင်းမှာ အများတကာနဲ့ ရင်ပေါင်တန်းပြီးတော့ ဘယ်အဖွဲ့အစည်းမဆို ပါဝင်နိုင်တဲ့ စိတ်အားထက်သန်မှုကိုလည်း ရရှိလာပါတယ်။ တိုင်းပြည်ရဲ့ အနာဂတ်အတွက် ကျောင်းသားလူငယ်တွေဟာ အလွန်ပဲအရေးကြီးပါတယ်။ ဥပမာအနေနဲ့ပြောရရင် တိုင်းပြည်ရဲ့ အနာဂတ်ဟာ လှေတစ်စင်းဆိုရင် နိုင်ငံတော်အကြီးအကဲတွေဟာ ပဲ့အနေနဲ့ ထိန်းပေးသူတွေပါ။ ရှေ့ဆက်ဖို့ဆိုတာ ကျွန်တော်တို့ လူငယ်တွေအနေနဲ့ အားပြိုင်လှော်ခတ်ကြဖို့ အရေးကြီးပါတယ်။ နိုင်ငံအေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် နိုင်ငံတော်နဲ့အတူ ကိုယ်တိုင်ပါဝင်ကြိုးစားမှသာ အောင်မြင်မှုပန်းတိုင်ကို တက်လှမ်းနိုင်မှာပါ။ နိုင်ငံနဲ့ပြည်သူ အကျိုးရှိစေမယ့် လုပ်ဆောင်မှုတွေကို တစ်ထောင့်တစ်နေရာကနေ အကောင်းဆုံးဖြစ်အောင် ထမ်းဆောင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။

**မအေးငြိမ်းသူ(စတုတ္ထနှစ်ရုက္ခဗေဒ၊ ဒဂုံတက္ကသိုလ်)**

ကျွန်မက ဒဂုံတက္ကသိုလ် စတုတ္ထနှစ် ရုက္ခဗေဒမှာ ပညာသင်ကြားနေတဲ့ မအေးငြိမ်းသူပဲ ဖြစ်ပါတယ်။ ကျွန်မက တက္ကသိုလ်လေ့ကျင့်ရေးတပ်မှ အခြေခံဒုတိယနှစ်သင်တန်းကို တက်ရောက်ခဲ့သူဖြစ်ပါတယ်။ ကျွန်မတို့ လူငယ်တွေအနေနဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ဖို့ဆိုရင် ကျွန်မတို့လို လူငယ်တွေရဲ့ ကြိုးစားအားထုတ်မှု အထူးလိုအပ်ပါတယ်။ လူငယ်တွေရဲ့ ကြိုးစားအားထုတ်မှုကို နိုင်ငံတော်အနေနဲ့ ယုံကြည်မှုရှိရှိနဲ့ ထောက်ပံ့ပေးစေချင်ပါတယ်။ ကိုယ်တတ်မြောက်ထားတဲ့ ပညာရပ်တွေနဲ့ နိုင်ငံတော်ကာကွယ်ရေးမှာ တစ်ထောင့်တစ်နေရာကနေ ကူညီဖို့ရှိနေပါတယ်။

တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ရင်းဟာ အခြေခံစစ်ရေးသဘောတရားတွေ သင်ကြားပေးတဲ့သင်တန်းဖြစ်တဲ့အတွက် သင်တန်းတက်ပြီးနောက်ပိုင်းမှာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိစေပါတယ်။ စည်းစနစ်ကျလာတယ်၊ အချိန်တွေကို စီမံခန့်ခွဲတတ်လာတယ်၊ လူမှုပေါင်းသင်း ဆက်ဆံရေးမှာလည်း ပိုပြီးတိုးတက်လာတယ်။ ယူနီဖောင်းဝတ်ထားတဲ့အချိန်မှာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိလာတယ်။ သူများနဲ့ယှဉ်ရင်ငါဟာ နိုင်ငံတော်ကို ကာကွယ်နိုင်တဲ့လူပါလားလို့ ခံစားချက်တွေ ဖြစ်လာတယ်။ Camp တွေ သွားတဲ့အခါမှာလည်း ကိုယ့်အားကိုယ်ကိုးတဲ့စိတ်တွေ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တဲ့စိတ်တွေ၊ အသင်းအဖွဲ့နဲ့ နေတတ်တဲ့စိတ်တွေ၊ စုပေါင်းလုပ်ဆောင်နိုင်တဲ့စိတ်တွေ ဖြစ်ပေါ်စေပါတယ်။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ လူငယ်တွေအပေါ်မှာ အများကြီးမူတည်နေပါတယ်။ လူငယ်တွေဟာ တိုင်းပြည်ရဲ့ အနာဂတ်ခေါင်းဆောင်တွေ ဖြစ်တာကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်တွေကိုပဲ အားကိုးရမှာပါ။ ကျောင်းသားလူငယ်တွေ ဒီလိုသင်တန်းမျိုးကို တက်စေချင်ပါတယ်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ တက်ပြီးတဲ့အခါမှာ အနည်းဆုံးတော့ မိမိကိုယ်ကို ကာကွယ်တတ်လာစေပါတယ်။ ကိုယ့်မိသားစု၊ ကိုယ်နေထိုင်တဲ့ပတ်ဝန်းကျင်၊ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်နဲ့ နိုင်ငံတော်ကို ကာကွယ်ချင်စိတ်ဖြစ်ပေါ်စေပါတယ်။ နိုင်ငံကိုချစ်တဲ့ မျိုးချစ်စိတ်တွေလည်း တက်ကြွလာစေပါတယ်။ ရန်ကုန်မှာ UTC သင်တန်းဖွင့်ရင် သင်တန်းဆက်တက်ဖို့ အသင့်ရှိနေပါတယ်။ တက်ရောက်သင်ကြားဖို့လည်း တိုက်တွန်းလိုပါတယ်။ အနည်းဆုံးတော့ မိမိနိုင်ငံအကြောင်း၊ တပ်မတော်သားတွေ တိုင်းပြည်အတွက် ဘယ်လိုကာကွယ်ပေးနေတယ်ဆိုတာ တစ်စိတ်တစ်ဒေသဖြစ်စေ၊ လက်တွေ့ကျကျဖြစ်စေ နားလည်သဘောပေါက်လာစေမှာပါ။

**အင်တာဗျူး - သတင်းအဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်




**နေပြည်တော် ဖေဖော်ဝါရီ ၂၅**
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ချောင်းသာကမ်းခြေနှင့် ရွှေသောင်ယံကမ်းခြေများရှိ ဟိုတယ်များနှင့် Sea & Lake အပန်းဖြေစခန်း၌ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် စွန့်စားခရီးသွားလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ဒီရေတောတံတားနှင့် ခရီးသွားဧည့်သည်များ အပန်းဖြေအနားယူနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လေ့လာကြည့်ရှုသည်။

**ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ဟိုတယ်၌ ပုသိမ်ခရိုင် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့၊ ဟိုတယ်လုပ်ငန်းရှင်များ၊ တည်းခိုရိပ်သာနှင့် စားသောက်ဆိုင်များ၊ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုသိမ်မြို့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် သဘောသဘာဝများ၊ ရည်ရွယ်ချက်များ၊ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း ဆောင်ရွက်ခြင်း၏ အရေးပါမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ရွှေမုဋ္ဌောဘုရားသို့ သွားရောက်ဖူးမြော်ကာ ဘုရားဖူးခရီးသွားဧည့်သည်များအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ပုသိမ်မြို့ ကမ်းနားလမ်းတစ်လျှောက် ခရီးသွားပြည်သူများ အပန်းဖြေအနားယူနိုင်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ချောင်းသာမြို့သို့ သွားရောက်၍ ချောင်းသာကမ်းခြေဒေသရှိ Azura Hotel ၌ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

**အစိုးရ-ပုဂ္ဂလိကအားလုံး ပူးပေါင်းဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ချောင်းသာကမ်းခြေဒေသသည် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ ကြိုက်နှစ်သက်သည့် ဆွဲဆောင်မှုရှိသော ကမ်းခြေခရီးစဉ်ဒေသတစ်ခုဖြစ်ပြီး ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သော ခရီးသွားလှုပ်ရှားမှုများကိုဖန်တီး၍ ဈေးကွက်မြှင့်တင်ကြော်ငြာရေးဆိုင်ရာကိစ္စရပ်များကို ဒေသရှိ အစိုးရ-ပုဂ္ဂလိက အားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ထံ လာရောက်သောဧည့်သည်များကို ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးစွမ်းနိုင်ရန်၊ ဝန်ကြီးဌာနမှ စီစဉ်ရေးဆွဲထားသော အစီအစဉ်များကို လိုက်ပါ အကောင်အထည်ဖော်ကြရန်နှင့် ချောင်းသာကမ်းခြေခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ချောင်းသာကမ်းခြေဒေသပတ်ဝန်းကျင်တွင် ခရီးစဉ်ဒေသများ ဖော်ထုတ်ထားရှိမှု၊ ဈေးကွက်မြှင့်တင်ကြော်ငြာရေးဆိုင်ရာကိစ္စရပ်များ၊ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ ခရီးသွားလုပ်ငန်းအမျိုးအစားများ ဖော်ထုတ်ဆောင်ရွက်နေမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများ ကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချောင်းသာကမ်းခြေဒေသရှိ New Chaung Tha Hotel သို့ သွားရောက်၍ ခရီးသွားဧည့်သည်များအတွက် ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဟိုတယ်အတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာ့ရိုးရာယဉ်ကျေးမှုထမနဲထိုးပြိုင်ပွဲကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၂၅**
ကရင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်(တပို့တွဲလပြည့်နေ့) မြန်မာ့ရိုးရာယဉ်ကျေးမှု ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၃ နာရီခန့်က ဘားအံမြို့ သီရိကွင်း၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲသို့ ဘားအံမြို့ပေါ်ရှိ ရပ်ကွက်/ကျေးရွာအုပ်စုများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တပ်ရင်းတပ်ဖွဲ့များမှ ထမနဲထိုးပြိုင်ပွဲဝင်အသင်းပေါင်း ၅၈ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ်အတွင်း နှစ်စဉ်ထမနဲထိုးပြိုင်ပွဲများကိုကျင်းပခဲ့ပြီး စည်းလုံးညီညွတ်ခြင်း၊ ပျော်ရွှင်တက်ကြွခြင်း၊ ရိုးရာယဉ်ကျေးမှုကို ပေါ်လွင်စေခြင်း၊ အာဟာရဒါနဖြစ်စေခြင်းဟူသည့် ဂုဏ်ပုဒ်များဖြင့် ပြည့်စုံအောင် ဦးတည်ကျင်းပခြင်းဖြစ်ကြောင်း၊ ထမနဲထိုးခြင်းဖြင့် ဌာနတစ်ခုနှင့်တစ်ခု၊ လူတစ်ဦးနှင့်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုနှင့် ပျော်ရွှင်စေရန်အဓိကရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းနှင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး ထမနဲထိုးပွဲကို ပျော်ပျော်ရွှင်ရွှင်၊ စည်းစည်းလုံးလုံးဖြင့် ပါဝင်ဆင်နွှဲကြပါစို့ဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ထမနဲထိုးပြိုင်ပွဲ စတင်ယှဉ်ပြိုင်နိုင်ကြောင်း မင်္ဂလာ ရွှေမောင်းသုံးချက်တီး၍ အချက်ပေးကြေညာပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးရာ ပြိုင်ပွဲဝင် ထမနဲထိုးအသင်းများက အိုးစည်၊ ဒိုးပတ်၊ အတီးအမှုတ်၊ အကအခုန်များ၊ ကရင်ရိုးရာဒုံးအကများဖြင့် သီဆိုကပြဖျော်ဖြေ၍ ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ထမနဲထိုးယှဉ်ပြိုင်နေမှုများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြိုင်ပွဲဝင် ထမနဲထိုးအဖွဲ့များ ယှဉ်ပြိုင်မှုအပြီးတွင် ဒိုင်အဖွဲ့များ အမှတ်ပေးအကဲဖြတ်နေစဉ်အတွင်း ထမနဲထိုးပြိုင်ပွဲအထိမ်းအမှတ် ဌာနဆိုင်ရာများ၏ အနည်းဆုံး အမြင့်ပေ ၄၀ နှင့်အထက်၊ အောက်ခြေအချင်း ၈ ပေရှိ မီးပုံးပျံ ၁၀ လုံးကို လွှတ်တင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အထူးဆုရရှိကြသည့် ထမနဲထိုးအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်တို့က နှစ်သိမ့်ဆုရရှိကြသည့် ပြိုင်ပွဲဝင် ထမနဲအသင်းများကို လည်းကောင်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးက တတိယဆုရ ထမနဲအသင်းကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက ဒုတိယဆုရ ထမနဲထိုးအသင်းကို လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထမနဲထိုးအသင်းအား ငွေကျပ် သုံးသိန်းနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၇၇)ကြိမ်မြောက် မွန်အမျိုးသားနေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ



**မုဒုံ ဖေဖော်ဝါရီ ၂၅**
(၇၇)ကြိမ်မြောက် မွန်အမျိုးသားနေ့အထိမ်းအမှတ် အလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယမန်နေ့က မွန်ပြည်နယ် မုဒုံမြို့ရှိ မြို့မ(၄)ရပ်ကွက်၌ ကျင်းပသည်။

မွန်လူမျိုးတို့၏ ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ သမိုင်းအစဉ်အလာများ မတိမ်ကောမပျောက်ကွယ်စေရန် မွန်အမျိုးသားနေ့ကို ကျင်းပရခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ လူငယ်လူရွယ်များ အားကစားစိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်၊ အချင်းချင်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှုကို ပိုမိုရရှိစေရန်နှင့် ပြည်နယ်အတွင်း အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်အတွက် မြန်မာ့ရိုးရာပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်မှစတင်ကာ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းတို့က လေးသင်းတစ်အုပ်စု၊ သုံးသင်း သုံးအုပ်စုတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ဗိုလ်လုပွဲစဉ်တွင် ၄၄၄ အသင်းနှင့် သုံးဆူအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ သုံးဆူအသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။ ဆက်လက်၍ ဆုပေးပွဲကျင်းပရာ ပြိုင်ပွဲကျင်းပရေးကော်မတီမှ ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းငါးသောင်းနှင့် မွန်အမျိုးသားနေ့အမှတ်တရ ဒိုင်းဆုများကို ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

# ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားစံနှုန်းများ

မောင်မောင်ဉာဏ်နိုင်

**အဂတိလိုက်စားမှုသည် ကိုယ်ကျင့်တရားပျက်ယွင်းခြင်း သို့မဟုတ် ကိုယ်ကျင့်တရားဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ထိရောက်စွာ စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်သည့်နည်းတူ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ ကိုယ်ကျင့်တရား ဆိုင်ရာစံနှုန်းများ မြင့်မားရေးအတွက်လည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့်ကိုယ်ကျင့်တရားဆိုင်ရာ စံနှုန်းများမြင့်မားပါက အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံပိုင်ပစ္စည်းနှင့် ငွေကြေးဆုံးရှုံးမှုများ၊ လူ့စွမ်းအား ပြုန်းတီးဆုံးရှုံးမှုများကို ကြိုတင်တားဆီးကာကွယ်နိုင်မည်ဖြစ်ပါသည်။ ထို့အတွက် ကိုယ်ကျင့်တရားကောင်းမွန်ရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာစံနှုန်းများမြင့်မားရေးတို့သည် အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် အခြေခံကျသောအချက် ဖြစ်ပါသည်။**

ကိုယ်ကျင့်တရားကောင်းမွန်ရေးဆိုသည်မှာ ယခုရေတွင်းတူး၊ ယခုရေကြည်သောက်၍မရဘဲ ငယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင်ရသောအရာတစ်ခုဖြစ်ပါသည်။ ကိုယ်ကျင့်တရားဆိုသည်မှာ လုပ်သင့်သည်ကို လုပ်ခြင်း (စာရိတ္တသီလ)နှင့် မလုပ်သင့်သည်ကို မလုပ်ခြင်း (ဝါရိတ္တသီလ)ပင်ဖြစ်သည်။ ကိုယ်ကျင့်တရားကို အင်္ဂလိပ်ဘာသာစကားဖြင့် Morality ဟု ခေါ်ဆိုပြီး ဂုဏ်ဒြပ်တစ်ခု၊ လူတစ်ယောက်၏ အဆင့်အတန်းကို တိုင်းတာသော ပေတံတစ်ခု၊ အကောင်းဆုံးအဆင်တန်ဆာတစ်ခုအဖြစ် မှတ်ယူကျင့်သုံးကြပါသည်။ "လူသေသော်လည်း နာမည်မသေ" ဆိုသည့်စကားအတိုင်း လူတစ်ယောက်သည် ကိုယ်ကျင့်တရားကောင်းမွန်မည်ဆိုပါက ၎င်းကျင်လည်ရာပတ်ဝန်းကျင်တွင် လူသေသည့်တိုင်အောင် နာမည်ဂုဏ်သတင်းမွှေးပျံ့နေမည် ဖြစ်ပါသည်။ မိမိ၏ဂုဏ်သတင်းသည် မိမိ မိသားစု၏ဂုဏ်သတင်းဖြစ်သည်၊ မိမိသားသမီး၏ဂုဏ်သတင်းဖြစ်သည်။ မြန်မာဆိုရိုးစကားတွင် "စမ်းရေဘယ်လောက်အေးအေး၊ စန္ဒကူးဘယ်လောက်မွှေးမွှေး လောကတွင် အအေးဆုံး၊ အမွှေးဆုံးမှာ ကိုယ်ကျင့်တရားပင် ဖြစ်သည်" ဟု အဆိုရှိသည်ကို ကြည့်ခြင်းအားဖြင့် ကိုယ်ကျင့်တရားကို ခါးဝတ်ပုဆိုးကဲ့သို့ ခိုင်မာမြဲမြံစွာစောင့်ထိန်းရမည်ဖြစ်ပါသည်။

### ကိုယ်ကျင့်တရားဆုံးရှုံးပါက...

အတွေးအခေါ်ပညာရှင်ကြီး ဆိုကရေးတီးက **"ကျန်းမာရေးဆုံးရှုံးသည့်အခါ တစ်စုံတစ်ရာကိုသာ ဆုံးရှုံးရသည်၊ ကိုယ်ကျင့်တရားဆုံးရှုံးပါက ဘဝတစ်ခုလုံးကို ဆုံးရှုံးရသည်"** ဟု ဆိုခဲ့ဖူးသည်ကို မှတ်သားမိပါသည်။ လူတစ်ဦး၏ ဘဝတစ်လျှောက် ခံယူချက်၊ အတွေးအခေါ်၊ အပြောအဆို၊ အပြုအမူအားလုံးကို ကိုယ်ကျင့်တရားကသာ ထိန်းကျောင်းသည်။ ကောင်းမွန်သည့်စံနှုန်းများသည် ကောင်းမွန်သည့် ကိုယ်ကျင့်တရားကို ဖြစ်ပေါ်စေပြီး ညံ့ဖျင်းသည့်စံနှုန်းများက လူတစ်ယောက်၏ဘဝအပေါ် မကောင်းသောသက်ရောက်မှုများကိုသာ ဖြစ်ပေါ်စေသည်။ လူတို့၏လက်ငင်းချောင်းပင် မတူညီကြသည့်အလျောက် လူတစ်ဦးနှင့်တစ်ဦး ကိုယ်ကျင့်တရားဆိုင်ရာစံနှုန်းများလည်း ကွဲပြားကြသည်။ ၎င်းကိုယ်ကျင့်တရားဆိုင်ရာစံနှုန်းများသည် လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘဆိုသလို မိဘဆီမှ အမွေရခြင်းလည်းရှိသည်၊ သူတော်ကောင်းနှင့် သူခိုးဓားပြဆီ ရောက်သွားကြသည့် ကျေးညီနောင်ပုံပြင်ကဲ့သို့ ရောက်ရှိရာ၊ တစ်နည်းအားဖြင့် နေထိုင်ရာအရပ်ဒေသအပေါ်လည်း မူတည်သည်၊ သင်ယူတတ်မြောက်သည့် ပညာရပ်၊ တွေ့ဆုံကြုံကြိုက်ရသည့် လူ့ပတ်ဝန်းကျင်၊ ရှင်သန်ကျင်လည်ရသည့် အသိုက်အဝန်းအစရှိသည်ဖြင့် တွေ့ကြုံဖြတ်သန်းခဲ့ရသည့် ဘဝဖြတ်သန်းမှုအမျိုးမျိုးအရ ကွဲပြားကြသည်။ မည်သို့ပင်ဆိုစေကာမူ ကောင်းမွန်သောကိုယ်ကျင့်တရားဆိုင်ရာစံနှုန်းများကို တည်ဆောက်ခြင်းဖြင့် မိမိနှင့် မိမိပတ်ဝန်းကျင်ကို ကောင်းကျိုးပြုရန် အရေးကြီးပါသည်။

လူတိုင်းတွင် ၎င်းတို့တန်ဖိုးထားသောအရာများရှိကြသည်။

**ယနေ့လူငယ်၊ နောင်ဝယ်လူကြီးဆိုသည့်အတိုင်း ကျောင်းသားလူငယ်များသည် နိုင်ငံ၏အနာဂတ်ဖြစ်သည်။ အဂတိလိုက်စားမှုကို လုံးဝလက်သင့်မခံသော လူ့အသိုက်အဝန်းကို ပုံဖော်ရာတွင် လူငယ်ထု၏အင်အားကို လိုအပ်သည်။ ထိုလူငယ်များကို ဗလငါးတန်နှင့် ပြည့်စုံစေရန်၊ ကိုယ်ကျင့်တရားကောင်းမွန်စေရန် ငယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင်ပေးမည်ဆိုပါက ကျောင်းပညာရေးတွင် ဖြောင့်မတ်တည်ကြည်မှုရှိမည်ဖြစ်သလို လုပ်ငန်းခွင်ဝင်ရောက်ချိန်တွင်လည်း အဂတိလိုက်စားမှုများကို ရှောင်ရှားနိုင်မည်**

**"ဖြောင့်မတ်တည်ကြည်မှုကို ကိုယ်ကျင့်တရားရှုထောင့်မှ လေ့လာရလျှင် လူတို့သည် မိမိတို့၏ဘဝကို လူ့ကျင့်ဝတ်နှင့်အညီ အသက်ရှင်နေထိုင်သွားရန်သန္နိဋ္ဌာန်ချမှတ်၍နေထိုင်ခြင်းဟု ပညာရှင်များက ဆိုခဲ့ပါသည်။ လူ့ကျင့်ဝတ်ဟုဆိုရာ၌ လူသားတို့သည် မိမိတို့ အသက်ရှင်နေထိုင်စဉ် မည်သို့အသက်ရှင်နေထိုင်မည်၊ မည်သည့်အပြုအမူများကို ဆောင်ရွက်မည် စသည့်လူ့တန်ဖိုးများကို မှန်မှန်ကန်ကန်အသုံးချခြင်းဖြစ်သည်။ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်သည် ဆက်စပ်နေ"**

ဥပမာ – ဖြောင့်မတ်တည်ကြည်မှု၊ ရိုးသားမှု၊ အချိန်တိကျမှု၊ ပျော်ရွှင်မှု၊ ချမ်းသာကြွယ်ဝမှု၊ လုပ်ပိုင်ခွင့်အာဏာ၊ ရာထူးဂုဏ်ဒြပ် စသည်ဖြင့် လူတို့၏အသက်ရှင်နေထိုင်မှုအလိုက် တန်ဖိုးထားသည့်အရာများ မတူညီကြပေ။ ၎င်းအရာများကို လူမှုတန်ဖိုးများ (Social Values) ဟုခေါ်ဆိုပြီး ၎င်းလူမှုတန်ဖိုးများသည် လူတို့၏ကျင့်ဝတ်ဆိုင်ရာကိစ္စရပ်များဆုံးဖြတ်ရာတွင် အခြေခံကျသည့်အတွက် လူမှုတန်ဖိုးများ၏ အခန်းကဏ္ဍသည် အရေးကြီးသည်ဟု ဆိုရပေမည်။ မိမိတို့ကိုယ်ပိုင်လူမှုတန်ဖိုးကို တချို့က သိသည်၊ တချို့က မသိ။ မိမိက အရာတစ်ခုနှင့် စပ်လျဉ်းပြီး ပျော်ရွှင်သည်၊ ထိုအရာကို ပြုလုပ်လိုက်သည့်အတွက် မိမိကိုယ်ကို ဂုဏ်ယူမိသည် သို့မဟုတ် ပြီးပြည့်စုံသည်ဟု ခံစားရသည့်အရာသည် မိမိ၏လူမှုတန်ဖိုးဖြစ်သည်ဟု လေ့လာမှတ်သားဖူးသည်။

ထိုလူမှုတန်ဖိုးများအနက် ဖြောင့်မတ်တည်ကြည်မှုသည် အရေးကြီးဆုံးနှင့် အမြင့်မားဆုံးလူမှုတန်ဖိုးဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းမွန်ရန် ဖြောင့်မတ်တည်ကြည်မှုသည် အခြေခံဖြစ်သည်။ ဖြောင့်မတ်တည်ကြည်မှုဟုဆိုရာတွင် ကိုယ်ကျင့်တရားစံနှုန်းများကို အလေးထားသည့်၊ လိုက်နာသည့် Commitment တစ်မျိုး၊ တစ်နည်းအားဖြင့် မိမိ၏စံနှုန်းများကို မည်သည့်အခြေအနေမျိုးတွင်မဆို လိုက်နာစောင့်ထိန်းမည်ဟု မိမိကိုယ်ကိုကတိပေးထားခြင်းတစ်မျိုးပင် ဖြစ်သည်။ ဖြောင့်မတ်တည်ကြည်သည်ဆိုရာတွင် မိမိ၏စံနှုန်းအရ ဖြစ်ပေါ်လာသည့် အပြုအမူ၊ အပြောအဆိုတို့သည် တစ်ထပ်တည်းကျနေခြင်း သို့မဟုတ် အပြောနှင့်အလုပ်ညီခြင်းဟုမှတ်ယူနိုင်သည်။ ထို့အတွက် ဖြောင့်မတ်တည်ကြည်မှုရှိရန် Courage – သတ္တိလိုအပ်သည်။

### ချိမ်းဘားစ် ၂၁ ရာစုအဘိဓာန်တွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုထား

ဖြောင့်မတ်တည်ကြည်မှု – Integrity ဟူသောစကားမှာလက်တင်ဝေါဟာရဖြစ်သည့် "integritas" မှ ဆင်းသက်လာပြီး "ကိုယ်ကျင့်တရားဆိုင်ရာတန်ဖိုးထားမှုများနှင့် အခြေခံမူ သဘောတရားများကို တိကျစွာ လိုက်နာခြင်း" ဟု ချိမ်းဘားစ် ၂၁ ရာစုအဘိဓာန်တွင် အနက်အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။ ယုံကြည်ချက်၊ ဆုံးဖြတ်ချက်နှင့် ပြုမူဆောင်ရွက်ချက်များအကြား လိုက်လျောညီထွေရှိပြီး စံသတ်မှတ်ချက်နှင့် အခြေခံမူများကို လိုက်နာမှုရှိခြင်း၊ ကိုက်ညီမှုရှိခြင်းဟု ဆိုလိုပါသည်။ ဖြောင့်မတ်တည်ကြည်မှုကို ကျင့်ဝတ်နှင့် ယှဉ်တွဲသုံးတတ်ပြီး ရိုးသားဖြောင့်မတ်ခြင်း၊ ပွင့်လင်းခြင်း၊ တာဝန်ယူမှု/တာဝန်ခံမှုရှိခြင်းနှင့် ယုံကြည်စိတ်ချရခြင်းတို့သည် ဖြောင့်မတ်တည်ကြည်မှုရှိခြင်း၏ လက္ခဏာများဟုဆိုနိုင်ပါသည်။ ထို့ကြောင့် ဖြောင့်မတ်တည်ကြည်မှုရှိသူသည် လူအများ၏ယုံကြည်မှုကို ရရှိနိုင်ပြီး အပြန်အလှန်အားဖြင့် လူအများ၏ယုံကြည်မှုကို ရလိုပါက ဖြောင့်မတ်တည်ကြည်မှုရှိစွာ ကျင့်ကြံနေထိုင်ရမည်ဖြစ်သည်။ ဖြောင့်မတ်တည်ကြည်မှုရှိခြင်းဖြင့် အဂတိလိုက်စားမှုများကို ဟန့်တားနိုင်မည်ဖြစ်ပါသည်။

ဖြောင့်မတ်တည်ကြည်မှုသည် မည်သူမျှကြည့်မနေလျှင်တောင်မှ သို့မဟုတ် မည်သူမျှမသိလျှင်တောင်မှ မှန်ကန်သည့်အရာကို ပြုလုပ်ခြင်းဖြစ်ပြီး ဖြောင့်မတ်တည်ကြည်မှုရှိခြင်းသည် မိမိနှင့်ပတ်ဝန်းကျင်အပေါ် စစ်မှန်ခြင်းဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ အရဟံဂုဏ်တော်တွင်လည်း မကောင်းမှုမှန်သမျှကို မပြုခြင်း၊ ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို မပြုခြင်းဟု လမ်းညွှန်ထားပါသည်။ ဖြောင့်မတ်တည်ကြည်မှုရှိခြင်းဟု ဆိုလိုက်လျှင် အလွယ်တကူမမြင်တတ်ကြဘဲ မည်သည့်အရာက ဖြောင့်မတ်တည်ကြည်မှုရှိပြီး မည်သည့်အရာက ဖြောင့်မတ် တည်ကြည်မှုမရှိသည်ကို မခွဲခြားနိုင်ဖြစ်လေ့ရှိပါသည်။ မိမိကိုယ်ကိုဖြစ်စေ၊ သူတစ်ပါးအားဖြစ်စေ ပေးထားသောကတိကို တည်ခြင်း၊ ဈေးဆိုင်တွင် ဝယ်ယူသည့်ပစ္စည်းများအနက် ငွေမချေဘဲ ပါလာသောပစ္စည်းများအား သွားပြန်ပေးခြင်း၊ မိတ်ဆွေသူငယ်ချင်းမှ ယုံကြည်၍ ပြောပြသည့်ကိစ္စရပ်များအပေါ် နှုတ်စောင့်စည်းခြင်း၊ ကောက်ရပစ္စည်းအား ပိုင်ရှင်ထံပြန်ပေးခြင်း၊ စာမေးပွဲဖြေရာတွင် မိမိအရည်အချင်းဖြင့်သာ ဖြေဆိုခြင်း၊ မိမိအမှားအား သူတစ်ပါးအပေါ် မပုံချခြင်း စသည့်နေ့စဉ်ဘဝတွင် ကြုံတွေ့နေရသည့်အရာများသည် ဖြောင့်မတ်တည်ကြည်မှုရှိသည့် အခြေခံအပြုအမူများပင်ဖြစ်သည်။ ဖြောင့်မတ်တည်ကြည်မှုရှိမည်ဆိုလျှင် ကောင်းမွန်သောကိုယ်ကျင့်သိက္ခာကို ရရှိမည်၊ ကိုယ်ကျင့်သိက္ခာသည် အပြောအဆိုနှင့် ပြုမူပုံကို ဦးဆောင်သည်၊ ထိုမှတစ်ဆင့် အလေ့အကျင့်များဖြစ်လာပြီး မိမိတို့၏ ဘဝအပေါ် သက်ရောက်မှုရှိလာမည်ဖြစ်သည်။

ဖြောင့်မတ်တည်ကြည်မှုကို ကိုယ်ကျင့်တရားရှုထောင့်မှ လေ့လာရလျှင် လူတို့သည် မိမိတို့၏ဘဝကို လူ့ကျင့်ဝတ်နှင့်အညီ အသက်ရှင်နေထိုင်သွားရန် သန္နိဋ္ဌာန်ချမှတ်၍နေထိုင်ခြင်းဟု ပညာရှင်များက ဆိုခဲ့ပါသည်။ လူ့ကျင့်ဝတ်ဟုဆိုရာ၌ လူသားတို့သည် မိမိတို့ အသက်ရှင် နေထိုင်စဉ် မည်သို့အသက်ရှင်နေထိုင်မည်၊ မည်သည့်အပြုအမူများကို ဆောင်ရွက်မည် စသည့်လူ့တန်ဖိုးများကို မှန်မှန်ကန်ကန်အသုံးချခြင်းဖြစ်သည်။ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်သည် ဆက်စပ်နေသည်။ ကျင့်ဝတ်လိုက်နာခြင်းဖြင့် ဖြောင့်မတ်တည်ကြည်မှု ရှိမည်ဖြစ်သလို ဖြောင့်မတ်တည်ကြည်သူသည် ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာစောင့်ထိန်းသူဖြစ်သည်။

### အကောင်းအဆိုး၊ အမှားအမှန်ကို လမ်းညွှန်ပေးသော စည်းမျဉ်းစည်းကမ်း

ကျင့်ဝတ် – Ethic ဆိုသည်မှာ ဂရိဘာသာစကား "ethos" မှ ဆင်းသက်လာခြင်းဖြစ်ပြီး မြန်မာအဘိဓာန်တွင် "လိုက်နာကျင့်ထိန်းအပ်သောဝတ္တရား" ဟု ဖွင့်ဆိုထားကာ အကောင်းအဆိုး၊ အမှားအမှန်ကို လမ်းညွှန်ပေးသော စည်းမျဉ်းစည်းကမ်းဟု ဆိုလိုထားပြီး ချိမ်းဘားစ်အဘိဓာန်တွင် "ကိုယ်ကျင့်တရားဆိုင်ရာပညာရပ်ကို လေ့လာခြင်း"ဟု ဖွင့်ဆိုထားပါသည်။ ပညာရှင်ဘလက်ဘန်း၏ အဆိုအရ **"လူသားဆိုသည်မှာ ကျင့်ဝတ်ရှိသောသတ္တဝါများဖြစ်သည်"** ဟု ဆိုခဲ့သည်ကို ကြည့်ခြင်းအားဖြင့် မိမိတို့သည် ကျင့်ဝတ်နှင့်အညီ ပြုမူကြရာ၌ အကျိုးအကြောင်းသင့်စွာ၊ ခွဲခြမ်းစိတ်ဖြာကြရန် လိုအပ်ပါသည်။ ထို့ကြောင့်လည်း ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ အယူအဆ သဘောတရားများမှာ အမှားနှင့်အမှန်ကြားက ခြားနားချက်ကို ဖြေရှင်းခြင်းဟု ဆိုကြခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကျင့်ဝတ်ဆိုသည်မှာ လူတို့၏အပြုအမူကို ထိန်းညှိလမ်းညွှန်ပေးသော စည်းမျဉ်းများဖြစ်ပြီး ဖြောင့်မတ်တည်ကြည်မှုဆိုသည်မှာ လူတို့၏ နေ့စဉ်ဘဝနှင့် လှုပ်ရှားမှုများပြုလုပ်ရာ၌ ကိုယ်နှင့်မကွာ သယ်ဆောင်သွားရမည့် ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းတစ်ခုပင် ဖြစ်ပါသည်။

မြန်မာမှုနယ်ပယ်တွင် သားသမီးဝတ်၊ တပည့်ဝတ်၊ မိဘဝတ်၊ ဆရာဝတ် အစရှိသည့်ကျင့်ဝတ်များကဲ့သို့ အဖွဲ့အစည်းအသီးသီးမှ ချမှတ်ထားသောကဏ္ဍအလိုက် ကျင့်ဝတ်များလည်းရှိသည်။ ကျင့်ဝတ်သည် ဥပဒေကဲ့သို့ မဖြစ်မနေလိုက်နာရသည်မဟုတ်ဘဲ လူတို့၏ အသိတရားအပေါ် အခြေခံသည့် ဆုံးဖြတ်ချက်အပေါ် မူတည်ပါသည်။

ကျင့်ဝတ်ဟုဆိုရာတွင် ရေးဆွဲပြဋ္ဌာန်းထားသည့် ကျင့်ဝတ်များလည်း ရှိသကဲ့သို့ Hidden Ethics သို့မဟုတ် Understood Ethics– ဆင်ခြင်ဉာဏ်ဖြင့်လိုက်နာစောင့်ထိန်းရသည့်ပြဋ္ဌာန်းမထားသောကျင့်ဝတ်များလည်းရှိသည်ကို သတိပြုသင့်ပါသည်။

*စာမျက်နှာ ၁၁ သို့*



## လျှပ်စစ်ဓာတ်အား လေးမဂ္ဂါဝပ်ထွက်ရှိမည့် ဟွေထိုက်ချောင်းရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်

လဟယ် ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်၌ လျှပ်စစ်ဓာတ်အား လေးမဂ္ဂါဝပ်ထွက်ရှိမည့် ဟွေထိုက်ချောင်းအသေးစားရေအားလျှပ်စစ်စီမံကိန်း ရေယူအဆောက်အအုံဖောင်ဒေးရှင်း ကွန်ကရစ်သွန်းလောင်းခြင်းနှင့် ရေလွှဲရေထုတ်ပြွန် ကွန်ကရစ်သွန်းလောင်းနိုင်ရေး ပြင်ဆင်ခြင်း ဆောင်ရွက်နေမှုကို နာဂဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ လဟယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ဝင်းနှင့်အဖွဲ့ဝင်များ ယနေ့မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ဟွေထိုက်ချောင်းရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်မည့် လုပ်ငန်းများကို စီမံကိန်းတာဝန်ခံက ရှင်းလင်းတင်ပြရာ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သတ်မှတ် ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြို့နယ်များ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ အသိပညာပေး

**နိုင်ငံတစ်ဝန်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိသဘောပေါက် နားလည်စေရန်နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေရန်အတွက် ဟောပြောပွဲများ ကျင်းပနေမှုကို စုစည်းဖော်ပြအပ်ပါသည်-**

### ကန့်ဘလူ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ကန့်ဘလူမြို့ အမှတ်( ၄)ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာခန်းမ၌ကျင်းပရာ ခရိုင်ဥပဒေအရာရှိ ဦးထက်ဝေလင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနိုင်ဝင်းက ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြီး ယင်းနှင့်ပတ်သက်သည့် သတင်းတု၊ သတင်းအမှားများကို မယုံကြည်ကြစေရန် ရှင်းလင်းဟောပြောသည်။ ယင်းနောက် မော်တော်ကျေးရွာ သာသနာ့အလင်းရောင် ကျောင်းတိုက် ဆရာတော် ဦးဝါသဝက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ဖြည့်စွက်မိန့်ကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တက်ရောက်သည့် ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တပ်ဖွဲ့ဝင်များနှင့်ဒေသခံပြည်သူ ၅၅၀ ခန့်ကို ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ အသိပညာပေး လက်ကမ်းစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**





### ပွင့်ဖြူ

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများ သိရှိနားလည်နိုင်စေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက ပွင့်ဖြူမြို့နယ် ညောင်ပင်ကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပွင့်ဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်၊ ဒုတိယမြို့နယ် ဥပဒေအရာရှိ ဒေါ်ရှယ်ရတနာဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးမင်းပိုင်စိုးတို့က ပြည်သူ့စစ်မှုထမ်းဥပဒေပါ အချက်အလက်များ၊ လူမှုကွန်ရက်စာမျက်နှာများတွင် ပြည်သူလူထု အထင်အမြင် လွဲမှားစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ကြံရေးသားသည့် သတင်းတု၊ သတင်းမှားများအကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မေးမြန်းဆွေးနွေးမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

### အထက်မင်းလှ

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က တောင်ရပ်ကွက်ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်၊ မင်းလှမြို့မစခန်းမှူး၊ ဒုရဲမှူး ကျော်သန်းထွန်း၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးအောင်သူမြင့်တို့က ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်၊ပြည်သူ့စစ်မှုထမ်းဥပဒေ၏ အကျိုးခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် အသက်အရွယ်နှင့် စစ်မှုထမ်းရမည့်ကာလစသည်တို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့်သူများ၏ မေးမြန်းဆွေးနွေးမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း သိကောင်းစရာလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

### ချောက်

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ဒေသခံပြည်သူများအားပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ နားလည်သဘောပေါက်စေရန် ဖေဖော်ဝါရီ ၂၅ ရက်က အမှတ် (၉)ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် အမှတ်(၁၀)ရပ်ကွက်ဓမ္မာရုံ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးတင်ထွန်းဦးက ဥပဒေအကြောင်းအရာများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသန့်ဇင်ထူးက စစ်မှုထမ်းဥပဒေဆိုင်ရာ သိသင့်သိထိုက်သည့်အချက်များကိုလည်းကောင်း၊ ဒုမြို့နယ်ဥပဒေအရာရှိ ဦးအာကာကျော်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများ ကိုလည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန လက်ထောက်မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးတို့က ပြည်ပထွက်ခွာခွင့်များနှင့် ပတ်သက်၍ ခွင့်ပြုပေးနေမှုအပိုင်းများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာအသိပညာ ပေးလက်ကမ်းစာစောင်များကို ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ပညာရှင် ဂျိမ်းမက်ဒီစင်က လူသားများက လူသားများကို စီမံအုပ်ချုပ်ရသည့် အစိုးရတစ်ရပ်ကို ဖွဲ့စည်းရတော့မည်ဆိုလျှင် အုပ်ချုပ်ရမည့်သူများကို ထိန်းချုပ်နိုင်စွမ်းရှိအောင် ဦးစွာပြုလုပ်ပေးရမည်ဟု ဆိုခဲ့သည်။ ထို့အတွက် ကျင့်ဝတ်များကို ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်လာရခြင်းဖြစ်သည်။ ဥပမာ-နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အတွက် ကော်မရှင် ကျင့်ဝတ် စသည်ဖြင့် အဖွဲ့အစည်းဆိုင်ရာကျင့်ဝတ်များ ရေးဆွဲပြဋ္ဌာန်းထားခြင်းဖြင့် အများပြည်သူကဏ္ဍ တာဝန်ရှိသူများကို ထိန်းညှိပေးသည်။ လမ်းစည်းကမ်းဆောင်ပုဒ်တစ်ခုဖြစ်သည့် "စည်းကမ်းလိုက်နာ ဘေးကင်းကွာ" ဆိုသလိုပင် ရေးဆွဲပြဋ္ဌာန်းထားသော ကျင့်ဝတ်များကို လိုက်နာခြင်းဖြင့် ဘေးအန္တရာယ်များ၊ မလိုလားအပ်သောပြဿနာများကို ရှောင်ကြဉ်နိုင်မည်ဖြစ်ပြီး မှန်ကန်သော ဆုံးဖြတ်ချက်များကို ချမှတ်ခြင်းဖြင့် ကောင်းမွန်သောဘဝသို့ လျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်။

အဂတိလိုက်စားမှုများကို ရှောင်ကြဉ်ရန်ကျင့်ဝတ်များကို စောင့်ထိန်းရန်အရေးကြီးသည်။ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုလုပ်ရန် လက်ဆောင်ပဏ္ဏာပေးခြင်း/ လက်ခံခြင်းမှအစ နိုင်ငံတော်ပိုင်ပစ္စည်းနှင့် ငွေကြေးကို အလွဲသုံးစားလုပ်ခြင်းတို့သည် ကျင့်ဝတ်မလိုက်နာခြင်း၊ ဖြောင့်မတ်တည်ကြည်မှု မရှိခြင်းတို့ကြောင့် ဖြစ်ပေါ်လာရသည်။ ဥပမာ - လူတစ်ဦးသည် ၎င်း၏ ရာထူးတိုးကိစ္စအတွက် မိမိအရည်အချင်းနှင့် ကြိုးစားရမည့်အစား အထက်လူကြီးသို့ တံစိုးလက်ဆောင်ပေးကာ မသမာသောနည်းလမ်းဖြင့် အခွင့်အရေးလိုချင်သည်ဆိုပါက လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းဖြင့် အဂတိမှုကျူးလွန်ရာရောက်ပြီး လက်ခံသူသည်လည်း ၎င်းအား ပေးအပ်ထားသည့် အခွင့်အာဏာကို ကိုယ်ကျိုးအတွက် အသုံးချခြင်းကြောင့် အဂတိမှုမြောက်မည်ဖြစ်ပါသည်။ အဂတိလိုက်စားမှုတွင် တံစိုးလက်ဆောင်လက်ခံသူသာမက တံစိုးလက်ဆောင်ပေးသူကိုပါ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခံရမည်ဖြစ်ပါသည်။ ထို့ကြောင့် လူတို့သည် မိမိတို့နေ့စဉ်ဘဝလှုပ်ရှားမှုများတွင် သေးငယ်သောအရာများမှစတင်ကာ ဖြောင့်မတ်တည်ကြည်မှုရှိစွာ ကျင့်ကြံနေထိုင်ရမည်။ သို့မှသာ အလေ့အကျင့်ဖြစ်လာပြီး အဂတိလိုက်စားမှုများကို ရှောင်ကြဉ်နိုင်မည်ဖြစ်သည်။

### ကျင့်ဝတ်ပညာရေးကို သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းသင်ကြား

မြန်မာနိုင်ငံတွင် ပညာရေးဝန်ကြီးဌာန၏ အခြေခံပညာကျောင်းများတွင် စာရိတ္တနှင့် ပြည်သူ့နီတိများကို ကျောင်းသားလူငယ်တို့၏ ကိုယ်ကျင့်တရား မြင့်မားလာစေရေးအတွက် ကျင့်ဝတ်ပညာရေးကို သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းသင်ကြားလာသည်ကို တွေ့ရှိရပါသည်။ ယနေ့လူငယ်၊ နောင်ဝယ်လူကြီး ဆိုသည့်အတိုင်း ကျောင်းသားလူငယ်များသည် နိုင်ငံ၏အနာဂတ်ဖြစ်သည်။ အဂတိလိုက်စားမှုကို လုံးဝလက်သင့်မခံသော လူ့အသိုက်အဝန်းကို ပုံဖော်ရာတွင် လူငယ်ထု၏အင်အားကို လိုအပ်သည်။ ထိုလူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ ကိုယ်ကျင့်တရားကောင်းမွန်စေရန် ငယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင်ပေးမည်ဆိုပါက ကျောင်းပညာရေးတွင် ဖြောင့်မတ်တည်ကြည်မှု ရှိမည်ဖြစ်သလို လုပ်ငန်းခွင်ဝင်ရောက်ချိန်တွင်လည်း အဂတိလိုက်စားမှုများကို ရှောင်ရှားနိုင်မည် ဖြစ်သည်။

အဂတိလိုက်စားမှုသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အဟန့်အတားတစ်ခုဖြစ်သည့်အတွက် ထိုအဟန့်အတားကို ဖယ်ရှားပစ်ရန်မှာ ကျောင်းသားလူငယ်များအပါအဝင် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကလည်း ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များ၊ လူငယ်နှင့်ဖြောင့်မတ်တည်ကြည်မှု၊ လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ ခေါင်းစဉ်များဖြင့် လူငယ်စကားဝိုင်းများအား ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်နေသလို ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာသဘောတရားများ၊ ကိုယ်ကျင့်တရားဆိုင်ရာစံနှုန်းများ မြင့်မားလာရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲများပြုလုပ်ကာ ဆောင်ရွက်လျက်ရှိပါသည်။ အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အခြေခံကျသည့်ဖြောင့်မတ်တည်ကြည်မှုရှိရေး၊ ကိုယ်ကျင့်တရားဆိုင်ရာစံနှုန်းများ မြင့်မားလာစေရေးတို့ကို လူတစ်ဦးချင်းမှ ဆောင်ရွက်ရမည်ဖြစ်သည်။ လူတစ်ဦးချင်းမှ လူတစ်ဖွဲ့၊ လူတစ်ဖွဲ့မှသည် နိုင်ငံအဆင့်အထိ ဖြောင့်မတ်တည်ကြည်မှုရှိလာပါက အဂတိလိုက်စားမှုများသည် တဖြည်းဖြည်းလျော့နည်းသွားမည်ဟု ယုံကြည်မိပါတော့သည်။ ။

**ကိုးကား**

၁။ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၁)

၂။ ကျင့်ဝတ်နှင့်ကိုယ်ရည်ကိုယ်သွေးဆောင်းပါး(သိန်းထွန်း - IR)

# ပြည်မြို့တစ်မြို့တည်း၌ နှစ်စဉ်ကျင်းပသော အကြိမ် (၁၀၀)မြောက် ဥဩဖ်ရိုးမီးပူဇော်ပွဲကျင်းပ

**ပြည် ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ အကြိမ်(၁၀၀) မြောက် ရိုးရာဥဩဖ်ရိုးမီးပူဇော်ပွဲကို ရွှေဆံတော် စေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းအနီးရှိ လေးထောင့်ကန်၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပ သည်။

အဆိုပါ ရိုးရာဥဩဖ်ရိုးမီးပူဇော်ပွဲကို ပျူလူမျိုး များလက်ထက် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင် ကျော်ခန့်ကပင် စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဥဩဖ်ရိုးပူဇော်ပွဲသည် ရိုးရာယဉ်ကျေးမှုဘာသာရေး ပွဲတော်တစ်ခုဖြစ်ပြီး တပို့တွဲလပြည့်နေ့ နံနက် ၄ နာရီ တွင် စတင်ကျင်းပကြောင်း၊ တပို့တွဲလပြည့်နေ့ မတိုင်မီ တပို့တွဲလဆန်း ၁၄ ရက်တွင် ပြည်ဒေသ အနီးတစ်ဝိုက် ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ တောထဲ မှရရှိလာသော ဥဩဖ်ရိုးပင်များကို ခုတ်လှဲကာ နေလှန်းအခြောသပ်၍ ရွှေဆံတော်စေတီတော်မြတ် ကြီးဘုရားစောင်းတန်းရှေ့၌ ပြည်သူများ ကုသိုလ် ပွားများနိုင်ရေးအတွက် တောရွာများမှ ဥဩဖ်ရိုး ဈေးသည်များက လာရောက်ရောင်းချကြကြောင်း သိရသည်။

ချမ်းအေးလွန်းလှသည့် တပို့တွဲလ ဆောင်းရာသီ တွင် မြတ်စွာဘုရားကို အလင်းဓာတ်နှင့် အနွေးဓာတ် လှူဒါန်းသည့်အနေဖြင့် ဥဩဖ်ရိုးမီးပူဇော်ပွဲကို ရွှေဆံတော်စေတီတော်မြတ်ကြီး၌ နှစ်စဉ်ကျင်းပ လာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် အကြိမ်(၁၀၀) မြောက် ရှိပြီဖြစ်ကြောင်း သိရသည်။

မြတ်စွာဘုရားအား ဥဩဖ်ရိုးမီးပူဇော်ရခြင်း ကြောင့် ဥဩဖ်အမြော်အမြင်ကြီးမားခြင်း၊ ထိုးထွင်း ဥဩဖ်ကောင်းမွန်ခြင်း၊ ဆုတောင်းပြည့်ဝခြင်း စသည့် အကျိုးကျေးဇူးများရရှိကြောင်း ပြည်မြို့သူ မြို့သား များက လက်ခံယုံကြည်ကြပြီး ပြည်သူများက ဘုရားကြီးတောင်ဘက်စောင်းတန်းရှိ လေးထောင့် ကန်အတွင်းသို့ နံ့သာတုံးများနှင့် မီးမွှေးပြီး ဥဩဖ်ရိုး



များကို ကိုင်ဆောင်ပစ်ထည့်ကာ လိုရာဆုတောင်း၍ မီးပူဇော်ကုသိုလ်ပြုကြခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဥဩဖ်ရိုးမီး ပူဇော်သူများ၊ ဘုရားဖူးလာပြည်သူများဖြင့် အထူး စည်ကားခဲ့ပြီး စေတီတော်မြတ်ကြီးရှိ ကျားပျံမွှာရုံ၌ ရွှေဆံတော်ဘုရားဂေါပကအဖွဲ့များနှင့်ဘုရားဝေယျာဝစ္စ အသင်းများက ဘုရားဖူးလာပြည်သူများအား ရာသီ စာ ထမနဲများဖြင့် တည်ခင်းဧည့်ခံ၍ စတုဒိသာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**ကိုစိုး(ပြည်)**

## ပေါင်မြို့နယ်၌ ၂၀၂၄ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်း စတင်ဖွင့်လှစ်

**ပေါင် ဖေဖော်ဝါရီ ၂၅**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၄ ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းကို ဖေဖော်ဝါရီ ၂၄ ရက်က အားကစားနှင့် ကာယ ပညာဦးစီးဌာန မြို့နယ်အားကစားကွင်း၌ စတင်ဖွင့်လှစ်သည်။

ဦးစွာ ပေါင်မြို့နယ် အားကစားနှင့်ကာယ ပညာဦးစီးဌာနမြို့နယ်အားကစားမှူး ဒေါ်အေး



သီတာအောင်က မြန်မာ့အားကစား ကမ္ဘာကို လွှမ်းရမည်ဆိုသည့် ဆောင်ပုဒ်အတိုင်း အားကစားများ နေ့စဉ် ပြုလုပ်နေခြင်းဖြင့် ပြိုင်ပွဲများယှဉ်ပြိုင်ရာတွင် လွယ်ကူစွာယှဉ်ပြိုင် နိုင်ရန် လူငယ်များအတွက် နွေရာသီအားကစား သင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး သင်တန်းများကို စတင်ပို့ချသည်။

အဆိုပါသင်တန်းတွင် မြန်မာ့သိုင်း၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ Fitness Dance စသည့် အားကစားလေးမျိုးကို ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၁၂ ရက်အထိ ၁၈ ရက်ကြာ ပိတ်ရက်မရှိ အခမဲ့ သင်ကြားပို့ချမည်ဖြစ် ကြောင်း သိရသည်။ **မွန်မလေး (ပြန်/ဆက်)**

## ရွှေဘိုသနပ်ခါးများ ပြည်တွင်းဈေးကွက်၌ ရောင်းအားတက်နေသည့်အပြင် ထိုင်းနိုင်ငံဘက်မှလည်း မှာယူမှုရှိနေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရွှေဘိုသနပ်ခါးအမျိုးအစားသည် ပြည်တွင်း ဈေးကွက်၌ ရောင်းအားတက်နေသည့်အပြင် ထိုင်းနိုင်ငံဘက်မှလည်း မှာယူမှုရှိနေကြောင်း သနပ်ခါးရောင်းဝယ်ရေး အသိုင်းအဝိုင်းမှ သိရသည်။ သနပ်ခါးသည် မြန်မာနိုင်ငံ၌ အသုံး ပြုမှုအများဆုံး အလှပြင်ပစ္စည်းတစ်မျိုးဖြစ်ပြီး မြန်မာအမျိုးသမီးများ၏ သနပ်ခါး ပါးကွက် ကျားသည် ကမ္ဘာကျော်အလှတစ်မျိုးပင် ဖြစ်သည်။

“ရောင်းရပါတယ်။ အွန်လိုင်းပေါ်မှာ ရော အပြင်မှာပါ ရွှေဘိုသနပ်ခါးက ရောင်းရ တယ်။ ဒီမှာဆို ထိုင်းနိုင်ငံအထိပို့ရတယ်။ ထိုင်း နိုင်ငံမှာနေတဲ့သူတွေက ပြန်ရောင်းတာပေါ့။ ပြန်ရောင်းဖို့မှာကြတယ်။ ကျွန်မတို့ ရွှေဘို သနပ်ခါးက အရာတော်က ထွက်တယ်။ အရာတော်သနပ်ခါးက ရွှေဘိုသနပ်ခါးပေါ့။ ပခုက္ကူကတော့ ပခုက္ကူသနပ်ခါးသပ်သပ် ပေါ့” ဟု ဖြိုးရွှေဘိုသနပ်ခါးရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**အများဆုံးမှာယူ**

သနပ်ခါးကို ပြည်တွင်း၌ ရန်ကုန်တိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးက အများဆုံးမှာယူကာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှလည်း မှာယူမှုရှိပြီး ဈေးနှုန်း များအနေဖြင့် ရွှေဘိုသနပ်ခါး လေးလက်မခွဲ တစ်တုံးလျှင် ကျပ် ၅၀၀ မှစတင်ကာ လက်မ အရွယ်အစားအလိုက် အမြင့်ဆုံး ကျပ် ၅၀၀၀ အထိ ဈေးပေါက်ကြောင်း သိရသည်။

**သစ်တော်**

## ယခု လကုန်ပိုင်းအထိ မတ်ပဲဈေး ဆက်လက်ကျဆင်းနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ဈေးကောင်းပြီးနောက် ပြန်လည်ကျဆင်းလာခဲ့သည့် မတ်ပဲ ဈေးနှုန်း များမှာ ယခုလကုန်ပိုင်းအထိ ဆက်လက်ကျဆင်းနေနိုင်ကြောင်း မတ်ပဲရောင်းဝယ်ရေး အသိုင်းအဝိုင်းထံမှ စုံစမ်းမေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

လက်ရှိအနေအထားအရ ပဲ၊ နှမ်းဈေးကွက်မှာ ဈေးကျဆင်းလာ နေပြီး မြေပဲဆန်မှာမူ ဈေးကောင်းရနေကြောင်းလည်း သိရသည်။ “မတ်ပဲဈေးတွေ ကျနေပါတယ်။ တစ်အိတ်ကို နှစ်သိန်းကိုးသောင်း တစ်ထောင်ပါ။ ပြီးခဲ့တဲ့ရက်တွေက သုံးသိန်းပြန်ဖြစ်တယ်။ အများဆုံး သုံးသိန်း၊ သုံးသိန်းငါးရာ ဖြစ်ရာကနေ အခု နှစ်သိန်းကိုးသောင်း တစ်ထောင်ပါ။ ကြားထဲမှာတော့ တက်လိုက်ကျလိုက်နဲ့ပဲ သွားနေ တာပေါ့။ ဒီလကုန်လောက်အထိတော့ ကျနေမယ်လို့ထင်တယ်”ဟု နိုင်မဟာ မတ်ပဲရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မတ်ပဲမှာ ပြည်ပဈေးကွက်များတွင် ဝယ်လိုအားများနေကြောင်း နှင့် ဇန်နဝါရီလအတွင်းက ပြည်ပသို့ မတ်ပဲတင်ပို့မှုမှာ တစ်တန်လျှင် ၃၁ သိန်း ဈေးပေါက်ခဲ့ကြောင်း မတ်ပဲရောင်းဝယ်ရေးအသိုင်းအဝိုင်း မှ သိရသည်။

“မတ်ပဲက ပဲအသစ်တွေပေါ်လာလို့ ပစ္စည်းနည်းနည်းပေါ်သွားလို့ ဈေးကျတာပါ” ဟု အောင် ဆန်နှင့်ပဲမျိုးစုံရောင်းဝယ်ရေးမှ တာဝန် ရှိသူတစ်ဦးက ပြောကြားသည်။ အိန္ဒိယနိုင်ငံက ပဲဈေးကို ရည်ညွှန်း ဈေးသတ်မှတ်မည်ဆိုသောသတင်းကြောင့် ပဲဈေးများ ကျဆင်း လာခြင်းဖြစ်နိုင်ပြီး လက်ရှိတွင် အရောင်းအဝယ်မှာ ပုံမှန်ရှိနေ ကြောင်းလည်း ဆက်သွယ်မေးမြန်းထားသည့် အချက်အလက်များ အရ သိရသည်။

**သစ်တော်**

## မအူပင်ခရိုင်အတွင်း နွေစပါး သတ်မှတ်စိုက်ဧကထက်ကျော်လွန် စိုက်ပျိုးပြီးစီး

**ပုသိမ် ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးအစိုးရ၏ စီစဉ်ကြီးကြပ် မှုဖြင့် ခရိုင်အလိုက်၊ မြို့နယ်အလိုက် နွေစပါး ပြည့်ပြည့်ဝဝ အချိန်မီ စိုက်ပျိုးရန် ဌာနဆိုင်ရာများက ဆောင်ရွက်လျက်ရှိပြီး တောင်သူများ ကလည်း အားကြိုးမာန်တက်စိုက်ပျိုးလျက်ရှိသည်။

တိုင်ဒေသကြီးအတွင်းမှ မအူပင်ခရိုင်တွင် နွေစပါး ၂၁၃၇၃၅ ဧက စိုက်ပျိုးရန်လျာထားရာ ယခုအခါ ၂၁၉၀၉၂ ဧကအထိ ကျော်လွန် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားချက်ထက်ကျော်လွန်၍ ၁၀၂ ဒသမ ၅၁ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။ စိုက်ပျိုးရန်ကျန်ရှိနေသော လယ်မြေများကိုလည်း အချိန်မီပြီးစီးရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

မအူပင်ခရိုင်အတွင်း မြို့နယ်အလိုက် နွေစပါးစိုက်ပျိုးပြီးစီးမှု အနေ ဖြင့် မအူပင်မြို့နယ်က ၈၄၂၇၈ ဧက၊ ပန်းတနော်မြို့နယ်က ၄၇၂၉၅ ဧက၊ ညောင်တုန်းမြို့နယ်က ၅၁၉၈၆ ဧက၊ ဓနုဖြူမြို့နယ်က ၃၅၅၃၃ ဧက စိုက်ပျိုးပြီးစီးနေပြီး အဆိုပါ စိုက်ပျိုးပြီးစီးမှုထဲတွင် စပါး/ငါး ရောနှော စိုက်ဧကမှာ ၂၄၄၆ ဧကပါဝင်ကြောင်း သိရသည်။



ခရိုင်စိုက်ပျိုးရေးဦးစီးဌာနကလည်း နွေစပါးစိုက်ပျိုးသည့် တောင်သူ များအား နွေစပါးစိုက်ပျိုးနည်းများ နည်းပညာအကူအညီပေးခြင်း၊ ဒေသရေမြေနှင့်ကိုက်ညီသည့် မျိုးစပါးရွေးချယ်ပေးခြင်း၊ စိုက်ပျိုးနည်း စနစ်မှန်ကန်ရေးနှင့် ပိုးမကျရောက်စေရေးအတွက် အကူအညီပေးခြင်း များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်မြင့် (ရေနံ့သာမြေ)**

## မြဝတီမြို့ မြို့မကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း၌ မူလတန်းကြိုပြီးမြောက်ကြောင်း လက်မှတ်ချီးမြှင့်

**မြဝတီ ဖေဖော်ဝါရီ ၂၅**

ကရင်ပြည်နယ် မြဝတီခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ မြို့မကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာ သင်နှစ် မူလတန်းကြိုပြီးမြောက်ကြောင်း လက်မှတ်ချီးမြှင့်ပွဲ၊ ကျောင်းသင်္ကြန်နှင့် နှုတ်ဆက်မုန့်စားပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က အမှတ် (၄) ရပ်ကွက်ရှိ ပညာရွှေဖူး ကိုယ်ပိုင်မူလတန်းကျောင်း ခန်းမ ဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူလေးများက ဘက်စုံ ပညာရည်တို့လှမ်းချီ တေးသီချင်း သီဆိုဖျော်ဖြေပြီး အဆိုပါ လက်မှတ် ချီးမြှင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးအောင်မင်းစိုး၊ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ ၉၅ ဦးတို့အား လက်မှတ် များ ချီးမြှင့်ပေးခဲ့ကာ ကျောင်းသင်္ကြန်နှင့် နှုတ်ဆက်မုန့်စားပွဲတော် ကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

# ဂါဇာကမ်းမြောင်၌ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှုရရှိရန် ကာတာနှင့် အီဂျစ်တို့၌ ဆွေးနွေးပွဲများပြုလုပ်မည်

ကိုင်ရို ဖေဖော်ဝါရီ ၂၅

**လက်ရှိတွင် အစ္စရေးတပ်ဖွဲ့၏ ဝိုင်းဝန်းပိတ်ဆို့ခံရမှုနှင့်ဗုံးကြဲတိုက်ခိုက်မှုများ ခံနေရသော ဂါဇာကမ်းမြောင်၌ ပစ်ခတ်မှု ရပ်စဲရေးနှင့်ပတ်သက်ပြီး သဘောတူညီမှုရရှိရန် ကာတာနှင့်အီဂျစ်နိုင်ငံတို့၌ ဆွေးနွေးမှု နှစ်ကြိမ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံမှ Al-Qahera သတင်းဌာနက ဖေဖော်ဝါရီ ၂၅ ရက်တွင် အစီရင်ခံဖော်ပြခဲ့သည်။**



အစ္စရေးတိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။

အီဂျစ်၊ ကာတာ၊ အမေရိကန်နှင့် အစ္စရေးတို့မှ အထူးပုဂ္ဂိုလ်များအပြင် ဟားမားစ် လှုပ်ရှားမှု ကိုယ်စားလှယ်အဖွဲ့တို့ဖြင့် ဒိုဟာနှင့် ကိုင်ရိုမြို့တို့၌ ဆွေးနွေးမှုများ ပြုလုပ်သွားမည် ဖြစ်သည်။ အဆိုပါ ဆွေးနွေးညှိနှိုင်းမှုက ပါလက်စတိုင်း အကျဉ်းသားများနှင့်အစ္စရေးဓားစာခံများ လဲလှယ်မှုနှင့်အတူ ဂါဇာကမ်းမြောင်၌ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရန် သဘောတူညီမှု ရယူနိုင်ဖွယ်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၇ ရက်နောက်ပိုင်း အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၂၉၆၉၂ ဦး သေဆုံးပြီး အခြား ၆၉၈၇၉ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဂါဇာကျန်းမာရေး အာဏာပိုင်၏ ဖေဖော်ဝါရီ ၂၅ရက်တွင် ထုတ်ပြန်သောနောက်ဆုံး အချက်အလက်များအရ သိရသည်။

နောက်ဆုံး ထွက်ပေါ်လာသော သတင်းများအရ အစ္စရေးနှင့် ညှိနှိုင်းဆွေးနွေးသူများသည် ဓားစာခံများ လဲလှယ်ရန် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အဆိုပြုချက်ကို သဘောတူလိုက်ကြောင်း သိရသည်။ အမေရိကန်နှင့် ကာတာအပါအဝင် အစ္စရေးကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးသူများသည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဖေဖော်ဝါရီ ၂၃ ရက်က စတင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆင်ဟွာ

# ယီမင်ရှိ ဟူသီအုပ်စုက အမေရိကန် ရေနံတင်သင်္ဘောနှင့် စစ်သင်္ဘောများကို တိုက်ခိုက်

ဆာနား ဖေဖော်ဝါရီ ၂၅



ယီမင်နိုင်ငံရှိ ဟူသီလက်နက်ကိုင်အုပ်စုသည် အေဒင်ပင်လယ်ကွေ့နှင့် ပင်လယ်နီရှိ အမေရိကန်ရေတပ်သင်္ဘောများကို ဒီဇင်ဘာ ၂၄ ရက်က ဒုံးကျည်များနှင့်ဒရုန်းများဖြင့် တိုက်ခိုက်ခဲ့သဖြင့် အမေရိကန်စစ်တပ်က လေကြောင်းတိုက်ခိုက်မှုဖြင့် ပြန်လည်တုံ့ပြန်ခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုများသည် ပါလက်စတိုင်းတို့အား ထောက်ခံကြောင်း ပြသခြင်းဖြစ်ပြီး ယီမင်နိုင်ငံအပေါ် အမေရိကန်-ဗြိတိန်တို့၏ ရန်စမှုများကို တုံ့ပြန်ခြင်းဖြစ်ကြောင်း ဟူသီပြောရေးဆိုခွင့်ရှိသူ ရာဟီရာ ဆာရီရာက ပြောကြားသည်။

သူပုန်များသည် အေဒင်ပင်လယ်ကွေ့ရှိ အမေရိကန်ရေနံတင်သင်္ဘော တွမ်သောရ်နှင့် ပင်လယ်နီရှိ အမေရိကန်စစ်သင်္ဘော အများအပြားကို ပစ်မှတ်ထားကာ ဒုံးကျည်များ၊ မောင်းသူမဲ့ လေယာဉ်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ဂါဇာကမ်းမြောင်ဒေသရှိ အစ္စရေး၏ တိုက်ခိုက်မှုများကို ရင်ဆိုင်နေကြရသည့် ပါလက်စတိုင်းများနှင့် စည်းလုံးညီညွတ်မှု ရှိကြောင်းကို ပြသရန်အတွက် ဟူသီလက်နက်ကိုင်အဖွဲ့များသည် လွန်ခဲ့သည့်နှစ် နိုဝင်ဘာလလယ်ကတည်းက နိုင်ငံတကာ သင်္ဘောများကို တိုက်ခိုက်မှုများ အရှိန်မြှင့် လုပ်ဆောင်လာခဲ့သည်။ **ဆင်ဟွာ**

# အထက်လွှတ်တော် ရွေးကောက်ပွဲတွင် ကမ္ဘောဒီးယား အာဏာရပါတီ အပြတ်အသတ် အနိုင်ရ

ဖနောင်ပင် ဖေဖော်ဝါရီ ၂၅

အာဏာရ ကမ္ဘောဒီးယားပြည်သူ့ပါတီ (စီပီပီ)သည် ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပသော ပဉ္စမအကြိမ် အထက်လွှတ်တော်(ဆီးနိတ်) ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ကြောင်း ပါတီ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**၈၀ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရရှိ**

ကမ္ဘောဒီးယားပြည်သူ့ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဆုတ်ခ်အိုဆန်က ရွေးကောက်ပွဲတွင် စီပီပီသည် မဲအများစုဖြင့် အနိုင်ရခဲ့ကြောင်း၊ ဆီးနိတ်လွှတ်တော်တွင် အမတ်နေရာ ၅၈ နေရာအနက် အနည်းဆုံးနေရာ ၅၀ ကို စုစုပေါင်းမဲ ၈၀ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ပဏာမရလဒ်များကို ကိုးကား၍ ပြောကြားသည်။

**နောက်ထပ် အောင်မြင်မှုတစ်ခုဖြစ်**

ကမ္ဘောဒီးယားပြည်သူ့ပါတီအတွက် ၂၀၂၃ ခုနှစ် ဇူလိုင်လ အထွေထွေရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရပြီးနောက် ယခုအကြိမ်သည် နောက်ထပ် အောင်မြင်မှုတစ်ခုဖြစ်ကြောင်း အိုင်ဆန်က ပြောကြားသည်။ အသက် (၇၁) နှစ်ရှိ စီပီပီပါတီ၏ ဥက္ကဋ္ဌဖြစ်သူ ဝန်ကြီးချုပ်ဟောင်း ဆမ်ဒက်ဟွန်ဆန်သည် ရွေးကောက်ပွဲအပြီးတွင် အထက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်ပြီး ၎င်းကို ဘုရင်မင်းမြတ် နိုင်ငံရပ်ခြားသွားရောက်ချိန်တွင် ခေတ္တနိုင်ငံ့ခေါင်းဆောင်ရာထူးတာဝန် ထမ်းဆောင်ခွင့်ကို ပေးအပ်မည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

ဆင်ဟွာ

# လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုကို ဟန့်တားနေသည်ဟူသော အမေရိကန်၏ စွပ်စွဲချက်ကို ဆူဒန် ငြင်းဆို

ခါတွန် ဖေဖော်ဝါရီ ၂၅

ဆူဒန်နိုင်ငံရှိ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ခြင်းကို ဆူဒန်အာဏာပိုင်များက အဟန့်အတား ပြုလုပ်နေသည် ဟူသော အမေရိကန် နိုင်ငံခြားရေးဌာန၏ ထုတ်ပြန်ချက်ကို ဆူဒန်နိုင်ငံက ဖေဖော်ဝါရီ ၂၃ရက်တွင် ရှုတ်ချခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အရပ်သားများအတွက် လုပ်ဆောင်မှုများနှင့် ပတ်သက်၍ ဆူဒန်တပ်ဖွဲ့နှင့် ဆူဒန်အစိုးရတို့အပေါ် အမေရိကန်၏ စွပ်စွဲချက်များမှာ မှားယွင်းသည့် စွပ်စွဲချက်များဖြစ်သည်ဟု ဆူဒန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြန်လည်တုံ့ပြန်ခဲ့သည်။

အမေရိကန်၏ ထုတ်ပြန်ချက်တွင် Rapid Support Forces (RSF) နှင့်ပတ်သက်၍မူ ရှင်းလင်းပြတ်သားစွာ တုံ့ပြန်မှုမျိုးကို ရှောင်ရှားထားကြောင်း တွေ့ရသည်ဟု ဆူဒန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ ဆူဒန်နိုင်ငံ၌ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးမှုတွင် အဟန့်အတားဖြစ်နေသည်ဟု ဖေဖော်ဝါရီ ၂၂ ရက်တွင် အမေရိကန်ပြည်ထောင်စုက ရှုတ်ချခဲ့သည်။



နယ်စပ်ဖြတ်ကျော်ရန် စောင့်ဆိုင်းနေကြသည့် ဆူဒန်ဒုက္ခသည်များကို တွေ့ရစဉ်။

ဆူဒန်တပ်ဖွဲ့နှင့် RSF အဖွဲ့ တို့သည် ဆူဒန်နိုင်ငံရှိ အခြားသော ဒေသအများအပြားသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဝင်ရောက်ခွင့်ကို ချက်ချင်းခွင့်ပြုပေးသင့်သည်ဟု အမေရိကန်က တောင်းဆိုခဲ့သည်။ RSF အဖွဲ့ ထိန်းချုပ်ထားသည့် ဒေသများသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ရောက်ရှိမည်ကို ဆူဒန်တပ်ဖွဲ့က အတားအဆီးများ ပြုလုပ်နေသည်ဟူသော သတင်းပို့မှုများအတွက် စိုးရိမ်မိကြောင်းနှင့် ချဒ်နိုင်ငံဘက်မှ ဝင်ရောက်လာမည့် အကူအညီများကို နယ်စပ်ဖြတ်ကျော်ရာတွင် တားဆီးမိန့် လတ်တလော ထုတ်ပြန်ထားသည့်အတွက်လည်း စိုးရိမ်မိကြောင်း အမေရိကန်က ပြောသည်။

၂၀၂၃ ခုနှစ် ဧပြီ ၁၅ ရက်မှစတင်ကာ ဆူဒန်တပ်ဖွဲ့နှင့် RSF အဖွဲ့တို့ကြား ကြောက်မက်ဖွယ်တိုက်ပွဲများ စတင်ပေါ်ပေါက်ခဲ့သည်။ တိုက်ပွဲများ စတင်ဖြစ်ပွားသည့်အချိန်မှ စတင်ကာ လူပေါင်း ၁၃၀၀၀ ကျော် အသက်ခံခဲ့ရသည်ဟု ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး၏ ခန့်မှန်းချက်များအရ သိရသည်။ **ဆင်ဟွာ**

# ဆီးရီးယားတပ်ဖွဲ့က နိုင်ငံအနောက်ပိုင်းဒေသ၌ လက်နက်တပ်ဆင်ထားသော ဒရုန်းခုနစ်စင်းကို ပစ်ချ

ဒမတ်စကတ် ဖေဖော်ဝါရီ ၂၅

ဆီးရီးယားတပ်ဖွဲ့သည် ဟားမားနှင့်အိုင်ဒလစ်မြို့များတွင် လက်နက်တပ်ဆင်ထားသော ဒရုန်းခုနစ်စင်းကို ဖေဖော်ဝါရီ ၂၅ ရက်က ပစ်ချဖျက်ဆီးလိုက်ကြောင်း ဆီးရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

အကြမ်းဖက်သမားများ အသုံးပြုသော အဆိုပါဒရုန်းများကို စစ်ဘက်ဆိုင်ရာနေရာများအပြင် အိုင်ဒလစ်နှင့်ဟားမားမြို့ နှစ်ခုလုံးရှိ ကျေးရွာများအား ဖျက်ဆီးရန် စေလွှတ်လိုက်ခြင်းဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ သူပုန်များသည် လတ်တလောတွင် အစိုးရထိန်းချုပ်ရာဒေသများ၌ ဒရုန်းတိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာခဲ့သည်။ အသေအပျောက် အများဆုံးဖြစ်ရပ်မှာ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင်ဖြစ်ပြီး ဟုမ်းစ်မြို့ရှိ စစ်ဘက်ဆိုင်ရာ သင်တန်းကျောင်းတစ်ခု၌ ဘွဲ့နှင်းသဘင်အခမ်းအနားပြုလုပ်စဉ်အတွင်း ဒရုန်းတိုက်ခိုက်မှုကြောင့် စစ်ဘက်နှင့် အရပ်ဘက်သေဆုံးသူ ၈၀ ကျော် ရှိခဲ့သည်။

ဆင်ဟွာ

# ပဋိပက္ခတွေကြား ရေရှားပါးမှုဒဏ်ခံစားနေရတဲ့ လက်ဘနွန်တောင်ပိုင်းမှ ပြည်သူများ

— — — နှင်းမိုးအိမ် — — —

**လက်**ဘနွန်နိုင်ငံ တောင်ပိုင်းနယ်စပ်မှာ ရှိတဲ့ ကျေးရွာတွေနဲ့မြို့တွေမှာ ရေပြတ်လပ်မှုဒဏ်ကို ဆိုးဆိုးရွားရွား ခံစားနေရပါတယ်။ သောက်သုံးရေအတွက် အဓိကမှီခိုအားထားနေရတဲ့ သောက်သုံးရေစီမံကိန်းတွေဟာ အစ္စရေးတပ်ဖွဲ့ရဲ့တိုက်ခိုက်မှုတွေကြောင့် ပျက်စီးသွားတဲ့နောက်မှာ တောင်ပိုင်းနယ်စပ်မှာရှိတဲ့ ပြည်သူတွေအတွက် သောက်သုံးရေ အခက်အခဲပြဿနာနဲ့လုံးပန်းလာရပါတော့တယ်လို့ ဒေသခံတစ်ဦးက ဆင်ဟွာကို ပြောပြပါတယ်။



လက်ဘနွန်နိုင်ငံတောင်ပိုင်း ကျေးရွာတစ်ရွာတွင် အစ္စရေးတို့၏ ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် အရေးပေါ်ကယ်ဆယ်ရေး လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

### ပျက်စီးခဲ့ရ

၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ရက်က စတင်ပြီး လက်ဘနွန်နယ်စပ်မှာရှိတဲ့ သောက်သုံးရေစီမံကိန်းတွေကို အစ္စရေးက ပစ်မှတ်ထားပြီး တိုက်ခိုက်ခဲ့ပါတယ်။ နောက်ဆုံး တိုက်ခိုက်ခဲ့တာကတော့ ယခုနှစ် ဖေဖော်ဝါရီ ၆ ရက်နေ့ကပဲ ဖြစ်ပါတယ်။

တောင်ပိုင်းမှာ အကြီးဆုံး မြစ်ရေတင်ရေးစီမံကိန်းဖြစ်တဲ့ ဝဇ်ဇနီစမ်းချောင်းစီမံကိန်းဟာလည်း ဒီတိုက်ခိုက်မှုတွေကြားထဲမှာပဲ ပျက်စီးခဲ့ရပါတယ်။ ဟတ်စ်ဘာနီမြစ်အတွင်းသို့ စီးဝင်တဲ့ ဝဇ်ဇနီစမ်းရေကို စုပ်ယူခွင့်နဲ့ပတ်သက်ပြီး အစ္စရေးနဲ့ လက်ဘနွန်နိုင်ငံတို့ကြား ပြဿနာဖြစ်ခဲ့တာကလည်း ၂၀၀၂ ခုနှစ်ကတည်းကပါပဲ။

### ရေပေးဝေမှုရပ်နားထားရ

အစ္စရေးတို့ရဲ့ တိုက်ခိုက်မှုတွေကြောင့် ရေအားလျှပ်စစ်စီမံကိန်း၊ ရေစုပ်ယူခြင်းစီမံကိန်းနဲ့ ရေဖြန့်ဖြူးရေးကွန်ရက်တို့ကို ပျက်စီးစေခဲ့ပြီး နယ်စပ်ဒေသမှာရှိတဲ့ ကျေးရွာနဲ့ မြို့ပေါင်းများစွာကို ရေပေးဝေမှုတွေရပ်နားထားရတယ်လို့ ဝဇ်ဇနီမြို့တော်ဝန် အာမက်အယ်မိုဟာမက် က ဆင်ဟွာကို ပြောပါတယ်။ ရေပေးဝေရေးစက်ရုံအနီး အတားအဆီးတွေကို အစ္စရေးဘက်မှ ချထားတဲ့အတွက် ဝန်ထမ်းတွေဟာ ဘယ်နေရာမှာ ပျက်စီးနေတယ်ဆိုတာ သိရှိပြင်ဆင်နိုင်ဖို့ အခက်တွေ့နေရပါတယ်။

ဒီမြစ်ရေတင်ရေး စီမံကိန်းကနေ တစ်နေ့မှာ ရေကုဗမီတာ ၁၂၀၀၀ အထိ စုပ်ယူနိုင်ပြီး ကျေးရွာနဲ့မြို့နယ်ပေါင်း ၇၀ အထိ ရေပေးဝေထောက်ပံ့ ပေးနိုင်ပါတယ်လို့ မြူနီစီပယ်အသင်းချုပ်ဥက္ကဋ္ဌဟောင်းဖြစ်သူ အလီအယ်-ဇီအင်က ပြောပါတယ်။

### ရေရှားပါးမှုဖြစ်နေ

အလီအယ်-ဇီအင်ကတော့ ဝဇ်ဇနီရေပေးဝေရေးစီမံကိန်းကို ဖွင့်ပွဲမတိုင်မီတည်ဆောက်ဆဲကာလ ကတည်းကတာဝန်ယူ ဆောင်ရွက်ခဲ့သူလည်း ဖြစ်ပါတယ်။ အခုလို ထိခိုက်ပျက်စီးမှုတွေကြောင့် နယ်စပ်ဒေသမှာ သောက်သုံးရေရှားပါးမှုကိုဖြစ်စေတယ်လို့ သူက ဆက်ပြောပါတယ်။ အန္တရာယ်ရှိတဲ့စစ်ရေးအခြေအနေကြောင့် အခြေအနေတွေဟာ ပိုပြီးဆိုးရွားလာပါတယ်။

တောင်ပိုင်းမှာ နေထိုင်တဲ့ ဒေသခံတွေအတွက် မြစ်ရေနဲ့စိမ့်စမ်းရေ ရရှိမှုမှာ အဟန့်အတားတွေ ဖြစ်လာပါတယ်။

### ရေပြဿနာစိုးရိမ်ရ

ရေစုပ်ယူရေးစီမံကိန်းရဲ့ အပျက်အစီးတွေကိုပြုပြင်ဖို့ရာ အစ္စရေးတပ်ဖွဲ့က ဆက်လက် ဟန့်တားနေခဲ့မယ်ဆိုရင် ရေပြဿနာ ပိုပြီးကြီးထွားလာမှာကို စိုးရိမ်ရတယ်လို့ အယ်-ဇီအင်က သူ့ရဲ့ စိုးရိမ်ပူပန်မှုကို ပြောပြပါတယ်။ နောက်ပြီးပျက်စီးမှုတွေအတွက် အစားထိုးလဲလှယ်ရာမှာလည်း ကုန်ကျစရိတ်ကြီးမြင့်နိုင်တယ်လို့ သူက ဆက်ပြောပါတယ်။

သောက်သုံးရေ ပြတ်လပ်လာတဲ့အတွက် နယ်စပ်မှာနေထိုင်တဲ့ ပြည်သူတွေဟာ မိုးရေကို စုဆောင်းမှုတွေ လုပ်ဆောင်လာရပါတယ်။

### အသက်စွန့်ပြီးကြိုးစားလာကြ

ခေါင်မိုးပေါ်ကနေ ပိုက်တွေနဲ့ သွယ်တန်းပြီး မိုးရေကို စည်ပိုင်းထဲ ထည့်ကာစုဆောင်းလာပါတယ်။ လူအများစုကတော့ အများပိုင်ရေတွင်းနေကနေ ရေသုံးစွဲဖို့ ကြိုးစားကြပါတယ်။ အချို့ကတော့ ရေအတွက် အသက်စွန့်ပြီး စမ်းချောင်းကနေ ရေရယူဖို့ကြိုးပမ်းလာကြပါတယ်။



လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ အကြီးဆုံး မြစ်ရေတင်ရေးစီမံကိန်းဖြစ်သည့် ဝဇ်ဇနီစမ်းချောင်း စီမံကိန်းမှ ရေစုပ်ယူမှုကို တွေ့ရစဉ်။

### အရှိန်ကောင်းလာ

လက်ဘနွန်တောင်ပိုင်း နယ်စပ်မှာရှိတဲ့လူဦးရေဟာဆိုရင် ခန့်မှန်းခြေအားဖြင့် ၁၃၃၆၀၀ ခန့်ရှိပြီး ကျေးရွာနဲ့ မြို့နယ်ပေါင်း ၈၃ ခုမှာ ဖြန့်ကြက်နေထိုင်ကြတယ်လို့ လက်ဘနွန်ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အချက်အလက်တွေအရ သိရပါတယ်။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ ရက်နေ့က စပြီး လက်ဘနွန်နဲ့အစ္စရေးတို့ကြား တင်းမာမှုတွေ အရှိန်အားကောင်းလာခဲ့ပါတယ်။

အစ္စရေးနဲ့ တိုက်ပွဲတွေဖြစ်ပွားနေတဲ့ ဟားမားစ် အုပ်စုဘက်ကနေ ချစ်ကြည်ညီညွတ်ကြောင်း ပြသတဲ့အနေနဲ့ လက်ဘနွန်က ဟစ်ဇ်ဘိုလာ အုပ်စုဟာ အစ္စရေးဘက်ကို ပစ်မှတ်ထားပြီး ဒုံးကျည်တွေနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးတဲ့နောက် တင်းမာမှုတွေဟာ ပိုပြီးအရှိန်ကောင်းလာပါတယ်။

> **“ပြီးခဲ့တဲ့နှစ် အောက်တိုဘာ ၇ ရက်ကစလို့ အစ္စရေးနဲ့ ဟစ်ဇ်ဘိုလာအုပ်စုတို့ကြား အပြန်အလှန်ပစ်ခတ်မှုတွေ နေ့စဉ်နဲ့အမျှ ဆိုသလို ဖြစ်ပေါ်နေပါတယ်။ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလကစပြီး လက်ဘနွန်ဘက်က လူပေါင်း ၂၇၃ ဦး သေဆုံးခဲ့ပြီး အဲဒီထဲက အများစုကတော့ ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမားများပါပဲ”**

### အခြေအနေကို ပိုမိုဆိုးရွားစေ

ဟစ်ဇ်ဘိုလာတွေကို ပြန်လည်လက်တုံ့ပြန်တဲ့အနေနဲ့ လက်ဘနွန်အရှေ့တောင်ပိုင်းကို အမြောက်များ တပ်ဖြန့်ချထားခဲ့ပါတယ်။ အစ္စရေးတို့ဂါဇာမှာ စစ်ပွဲမဖြစ်မီ အချိန်ကတည်းက လက်ဘနွန်ဟာ စီးပွားရေးအကျပ်အတည်းကြားထဲမှာ ကျရောက်နေခဲ့တာပါ။

၂၀၁၉ ခုနှစ်ကစလို့ တိုင်းပြည်ရဲ့ ဂျီဒီပီဟာ ၅၀ ရာခိုင်နှုန်းကျဆင်းသွားပါတယ်။ လူဦးရေရဲ့ ၈၀ ရာခိုင်နှုန်းဟာ ဆင်းရဲမွဲတေမှုကြားထဲ ကျရောက်နေပါတယ်။ အစ္စရေးနဲ့ လက်ဘနွန်နိုင်ငံ တောင်ပိုင်းနယ်စပ်မှာရှိတဲ့ ဟစ်ဇ်ဘိုလာ အုပ်စုတို့ကြား ပဋိပက္ခတွေကြောင့် အခြေအနေကို ပိုပြီးဆိုးရွားစေခဲ့ပါတယ်။

၂၀၀၆ ခုနှစ်မှာတော့ အစ္စရေးနဲ့ ဟစ်ဇ်ဘိုလာ အုပ်စုတို့ကြား ပဋိပက္ခတွေ အရှိန်ပြင်းထန်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီတုန်းက အခြေအနေနဲ့ အခုအခြေအနေဟာ မတူတော့ပါဘူး။ အဲဒီအချိန်တုန်းက လက်ဘနွန်ရဲ့ စီးပွားရေးအခြေအနေဟာ တောင့်တင်းခဲ့ပါတယ်။ အခုလို စီးပွားရေး အကျပ်အတည်းကြား ကျရောက်နေတဲ့ အချိန်လိုမျိုး မဟုတ်ပါဘူး။

လက်ဘနွန်နိုင်ငံ တောင်ပိုင်းက ဒေသခံများနေထိုင်တဲ့ အဆောက်အအုံတစ်ခုကို အစ္စရေးတို့က ဒရုန်းဖြင့် တိုက်ခိုက်ခဲ့မှုကြောင့်လည်း ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမား နှစ်ဦး သေဆုံးခဲ့ပါတယ်။

### အပြန်အလှန်ပစ်ခတ်မှုတွေဖြစ်ပေါ်

ပြီးခဲ့တဲ့နှစ် အောက်တိုဘာ ၇ ရက်ကစလို့ အစ္စရေးနဲ့ ဟစ်ဇ်ဘိုလာအုပ်စုတို့ကြား အပြန်အလှန်ပစ်ခတ်မှုတွေ နေ့စဉ်နဲ့အမျှ ဆိုသလို ဖြစ်ပေါ်နေပါတယ်။ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလကစပြီး လက်ဘနွန်ဘက်က လူပေါင်း ၂၇၃ ဦးသေဆုံးခဲ့ပြီး အဲဒီထဲက အများစုကတော့ ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမားများပါပဲ။

ဒါပေမယ့်လည်း သေဆုံးသူတွေထဲမှာ အရပ်သား ၄၂ ဦး ပါဝင်ပါတယ်။ အစ္စရေးဘက်ကတော့ တပ်ဖွဲ့ဝင် ၁၀ ဦးနဲ့ အရပ်သားခြောက်ဦးသေဆုံးခဲ့တယ်လို့ အစ္စရေးတပ်ဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

အစ္စရေးနဲ့လက်ဘနွန်တောင်ပိုင်းက ဟစ်ဇ်ဘိုလာ အုပ်စုတို့ကြားပဋိပက္ခတွေကြောင့် လတ်တလောမှာ ရေမရရှိနိုင်ဘဲ ရေရှားပါးမှုဒဏ်ကို ခံစားနေရတာကတော့ တောင်ပိုင်းနယ်စပ်ဒေသက ပြည်သူတွေပဲဖြစ်ပါတယ်။

**ကိုးကား-ဆင်ဟွာ**

# (၂၇) ကြိမ်မြောက် မြို့တော်ဂေါက်ကွင်း နှစ်ပတ်လည်အသင်းသားများ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၂၅

**(၂၇) ကြိမ်မြောက် မြို့တော်ဂေါက်ကွင်း နှစ်ပတ်လည်အသင်းသားများ ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက် သီရိမင်္ဂလာလမ်းရှိ ရန်ကုန်မြို့တော်ဂေါက်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့တော်ဂေါက်ကွင်းအသင်းသား ဂေါက်သီးရိုက်အားကစားသမားများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ ပါဝင်ယှဉ်ပြိုင်ကစားကြသည်။**

အစီအစဉ်အရ နံနက် ၆ နာရီခွဲတွင် (၂၇) ကြိမ်မြောက် မြို့တော်ဂေါက်ကွင်း နှစ်ပတ်လည်အသင်းသားများ ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ မြို့တော်ဝန် (အငြိမ်းစား) ဦးအောင်သိန်းလင်း၊ မြို့တော်ဝန် (အငြိမ်းစား) ဦးလှမြင့်နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးတို့က Smoke Ball ရိုက်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက မြို့တော်ဂေါက်ကွင်းအတွင်း ဂေါက်သီးရိုက်ယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးပြီး အားကစားသမားများနှင့်အတူ ပါဝင်ယှဉ်ပြိုင် ကစားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ အထူးကုပြင်ပလူနာကြည့်ရှုမှုအချိန် တိုးမြှင့်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက် တစ်ရပ်ဖြစ်သော တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေး စောင့်ရှောက်မှုကို မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်သူများလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရရှိခြင်းဖြင့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသည် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းစဉ်တစ်ခုအဖြစ် အထူးကုဌာနများ ဖွင့်လှစ်ထားရှိသော ခုတင်(၁၀၀) နှင့်အထက် ပြည်သူ့ဆေးရုံများတွင် ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ ကြည့်ရှုကုသပေးသည့် အထူးကုပြင်ပလူနာဌာန ကြည့်ရှုမှုအချိန်ကို ၂၀၂၃ ခုနှစ် ဩဂုတ်မှစတင်၍ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပြီး ယခင်က နံနက်ပိုင်းသာ ကြည့်ရှုကုသပေးနိုင်ရာမှ ယခုအခါ မွန်းလွဲပိုင်းအထိ တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် အထူးကုဆရာဝန်ကြီးများနှင့် ပြသလိုပါက ဒေသန္တရဆေးခန်းများ၊ မြို့နယ်ပြည်သူ့ဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများမှတစ်ဆင့် ရောဂါအမျိုးအစားအလိုက် အထူးကုပြင်ပလူနာဌာနများသို့ **ညွှန်းပို့သည့်စာ(referral letter)**နှင့်အတူ ပြသနိုင်ပြီး အထူးကုပြင်ပလူနာဌာနများတွင် နေ့ရက်၊ အချိန်မှန်ကန်စွာ ပြသနိုင်ရေးအတွက် လာရောက်ပြသခြင်းမပြုမီ **မိမိတို့ ပြသလိုသော ဆေးရုံကြီးများ၏ အထူးကုပြင်ပလူနာ အချိန်ဇယားကို ကြိုတင်သိရှိရန်** လိုအပ်ကြောင်းနှင့် ပြည်သူ့ဆေးရုံကြီးများ၏ အထူးကု ပြင်ပလူနာအချိန်ဇယားကို သက်ဆိုင်ရာဆေးရုံကြီးများတွင် အများပြည်သူ အလွယ်တကူသိရှိနိုင်အောင် Vinyl/board များဖြင့် ကြေညာထားခြင်း၊ ကုသရေးဦးစီးဌာန Website စာမျက်နှာ www.doms.gov.mm ၌ ဖော်ပြထားခြင်းတို့ကို ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ဒုတိယအကြိမ် ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

အထူးကုသမှုများ (Super Speciality) လိုအပ်သော ပြည်သူများအနေဖြင့် သက်ဆိုင်ရာ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံကာ လိုအပ်သော ရောဂါရှာဖွေစမ်းသပ်မှုများနှင့် ကုသမှုများကို မိမိတို့ဒေသ၌ လက်လှမ်းမီရရှိခြင်းဖြင့် ပြည်သူများ စိုက်ထုတ်ကုန်ကျရသော ဆေးကုသမှုစရိတ် လျော့နည်းကျဆင်းစေရန်နှင့် ရောဂါများကို စောစီးစွာသိရှိပြီး လိုအပ်သောကုသမှုများကို အချိန်မီ ရရှိခြင်းဖြင့် သက်ရှည်ကျန်းမာစေနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသည် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများပါဝင်သော အထူးကုဆေးကုသရေးအဖွဲ့များ၏ ကွင်းဆင်းကုသမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။

မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး - မန္တလေးနှင့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး - မန္တလေးတို့မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ဒုတိယအကြိမ် သွားရောက်ကာ ပြည်သူ့ဆေးရုံကြီး မြစ်ကြီးနားမြို့မှ အထူးကု ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။



အဆိုပါ အထူးကုဆေးကုသရေးအစီအစဉ်တွင် မြစ်ကြီးနားမြို့ပေါ်သာမက ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ရှစ်မြို့နယ်တို့မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ လာရောက်ပြသခဲ့ပြီး နှလုံးရောဂါဆိုင်ရာလူနာ ၁၃၈ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ လူနာ ၁၂၁ ဦး၊ ရင်ခေါင်းဆေးကုသမှုဆိုင်ရာလူနာ ၄၃ ဦး၊ ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာလူနာ ၁၅၃ ဦး၊ ဆီးချိုနှင့်ဟော်မုန်းဆိုင်ရာလူနာ ၁၀၉ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာလူနာ ၉၇ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ လူနာ ၁၉ ဦး၊ အထွေထွေရောဂါဆေးပညာလူနာ ၅၉ ဦး၊ အရိုးအကြောအဆစ်ရောဂါလူနာ ၆၂ ဦး၊ အရိုးရောဂါလူနာ ၁၄၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဆိုင်ရာ လူနာ ၁၁၄ ဦး၊ ကလေးနှလုံးရောဂါလူနာ ၃၅ ဦး၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၃၉ ဦး၊ အထွေထွေခွဲစိတ်ရောဂါလူနာ ၁၃ ဦး၊ သားဖွားမီးယပ်ရောဂါလူနာ ၂၆ ဦး၊ သွားနှင့်ခံတွင်း လူနာ ၁၇ ဦး၊ မျက်စိရောဂါဆိုင်ရာလူနာ ၄၈ ဦး၊ အရေပြားရောဂါလူနာ သုံးဦး စုစုပေါင်း လူနာ ၁၂၆၁ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့သည်။

အဆိုပါလူနာများအနက် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း (Echocardiography) ၈၁ ဦး၊ အစာအိမ်နှင့်အူလမ်းကြောင်းမှန်ပြောင်းကြည့်ရှုခြင်း (OGDS) ၂၂ ဦး၊ အူမကြီး မှန်ပြောင်းကြည့်ရှုခြင်း လေးဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း မှန်ပြောင်းကြည့်ရှုခြင်း ၁၇ ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း (CT scan) ၁၉ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၉၇ ဦး၊ ဓာတ်ခွဲစမ်းသပ်သူ ၂၈၃ ဦး၊ သွေးချိုဓာတ် (HbA1C) တိုင်းတာခြင်း ၅၄ ဦး၊ Ultrasound ရိုက်ကူးခြင်း ၉၈ ဦး၊ နှလုံးစက်ဖြင့်စစ်ဆေးခြင်း (ECG) ၂၅၇ ဦးတို့ကို စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့ပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာခွဲစိတ်ကုသမှု ၃၉ ဦးတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ လူနာ ၂၅ ဦး၊ ကလေးနှလုံးရောဂါလူနာ လေးဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါလူနာ ၄၄ ဦး၊ အထွေထွေခွဲစိတ်ကုသလူနာ တစ်ဦးတို့ကို လိုအပ်သောစစ်ဆေးကုသမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် မန္တလေးနှင့် နေပြည်တော်ရှိ သက်ဆိုင်ရာ ပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဦးခေါင်းတွင်း သွေးခဲလူနာ တစ်ဦးကို ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့သည်။ အဆိုပါအစီအစဉ်နှင့်အတူ ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်ကို ဆောင်ရွက်ပေးခဲ့ရာ အသက်(၆၅) နှစ်နှင့်အထက် ပြည်သူလူထုနှင့် နာတာရှည်ရောဂါ ဝေဒနာရှင် စုစုပေါင်း ၇၀ တို့ကို ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့သည်။

ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ အထူးကုဆေးကုသရေး အစီအစဉ် ဆောင်ရွက်ရာနေရာသို့ လာရောက်၍ လာရောက်ပြသကုသမှု ခံယူကြသော လူနာများကို ကြည့်ရှုအားပေးစကား ပြောကြားပြီး ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများအား ကျေးဇူးတင်စကား ပြောကြားကာ အထူးကု ဆေးကုသရေး အစီအစဉ်အတွက် အလှူငွေပေးအပ်လှူဒါန်းသည်။

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှ အထူးကုသမှုဆိုင်ရာ (Super specialty) ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၏ အထူးကုကွင်းဆင်းကုသရေးခရီးစဉ်များကို ၂၀၂၄ ခုနှစ် နှစ်ဆန်းမှ စတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များ၌ ဆောင်ရွက်လျက်ရှိပြီး တောင်ကြီးမြို့၊ ပြည်မြို့၊ သံတွဲမြို့၊ ပုသိမ်မြို့၊ မော်လမြိုင်မြို့၊ မကွေးမြို့၊ မြိတ်မြို့၊ ညောင်ဦးမြို့နှင့် ယခု မြစ်ကြီးနားမြို့များသို့ သွားရောက်ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျွန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ကော်ဖီဥယျာဉ်ဝယ် လည်ကာပတ်ရင်း ကော်ဖီရနံ့နဲ့ အပန်းဖြေမယ်

ရဲယံ




**ဆပ်သွားဖူးပင်များအကြားရှိ သဘာဝရေထွက်များမှ စီးဆင်းလာသောချောင်းရေက ကော်ဖီပင်များအကြား ဝေ့ကာဝိုက်ကာ စီးဆင်းသွားသည်။ ကော်ဖီပင်များ ကောင်းစွာရှင်သန်နိုင်ရန် ခါတော်မီပင်များက အုပ်မိုးပေးထားသည်။ ကော်ဖီများ စိုက်ပျိုးထားသည့် ဥယျာဉ်ခြံကြီးဖြစ်သော်လည်း ခြံအတွင်း အပြန်အလှန်အထောက်အကူပြုနေသည့် သဘာဝဝန်းကျင်ပါ ယှဉ်တွဲတည်ရှိနေသည်။ ဆပ်သွားဖူးပင်များကလည်း သဘာဝရေထွက်ကို ထိန်းသိမ်းပေးထားသည်။ သဘာဝရေထွက်မှရေများက ကော်ဖီပင်စိုက်ပျိုးရေးကို အထောက်အပံ့ပေးရုံသာမက ပွေးတောင်ကော်ဖီခြံနှင့် ထိစပ်နေသည့် လူနေဝန်းကျင်ကိုပါ သုံးရေရရှိစေသည်။**

**ကော်ဖီဥယျာဉ်အဖြစ် ဖွင့်လှစ်**

ထိုသို့ သဘာဝရေထွက်များ၊ ဆပ်သွားဖူးရုံကြီးများ၊ ကော်ဖီပင်များ၊ အရိပ်ရသစ်ပင်ပန်းမန်များဖြင့် လှပစွာတည်ရှိနေသည့်အတွက် ပြင်ဦးလွင်မြို့မှ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ပွေးတောင်) ကို အများပြည်သူလည်ပတ်အပန်းဖြေအနားယူရင်း ကော်ဖီအကြောင်းသိကောင်းစရာဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ ပြင်ဦးလွင် ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park) အဖြစ် ဖွင့်လှစ်ထားပြီးဖြစ်သည်။

ကော်ဖီဥယျာဉ် ဖြစ်သည့်အတွက် လာရောက်လည်ပတ်သူများ မြန်မာ့ကော်ဖီသမိုင်း၊ ကမ္ဘာ့ကော်ဖီသမိုင်းကို ကြည့်ရှုလေ့လာနိုင်မည့် Coffee Knowledge Center ကိုလည်း စီစဉ်ထားသည်။ ထို့ပြင် ကော်ဖီစိုက်ပျိုးမှုမှ စားသုံးသူလက်ဝယ်သို့ ရောက်ရှိသည့် အဆင့်အထိ (Farm to Cup) ထုတ်လုပ်မှုလုပ်ငန်းစဉ်များကိုလည်း ပြသထားသည်။

ကော်ဖီဥယျာဉ်အတွင်း လှပသည့် နားနေဆောင်များ၊ သဘာဝရေထွက်မှ စီးဆင်းနေသည့် ရေစီးကြောင်းအပေါ်ရှိ ဖြတ်ကူးတံတားလေးများ၊ ရွှံ့ညွန်တောလျှောက်တံတား၊ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိပြီဖြစ်သော သက်တမ်းရင့် ညောင်ထောက်ပင်အပါအဝင် ခြံအတွင်းရှိ သဘာဝအလှအပများက လည်ပတ်သူများအား ထပ်ကာထပ်ကာ လည်ပတ်ချင်အောင် ဆွဲဆောင်ထားနိုင်သည်။ ကော်ဖီဥယျာဉ်ဖြစ်သည့် အားလျော်စွာ အနံ့အရသာနှင့် ပြည့်စုံသည့် ဒေသထွက် ကော်ဖီသောက်သုံးရင်း ကော်ဖီချစ်သူများကို အပန်းပြေစေနိုင်မည့် ကော်ဖီဆိုင်များနှင့် ဒေသအစားအစာများကို မြည်းစမ်းနိုင်မည့် စားသောက်ဆိုင်များကိုလည်း ကော်ဖီဥယျာဉ်အတွင်း ဖွင့်လှစ်ပေးထားသည်။

"ပြင်ဦးလွင်မြို့ကို ရောက်တိုင်း လည်ပတ်သင့်တဲ့ နေရာလေးတစ်ခုပါ။ အခမဲ့ ဝင်ရောက်လည်ပတ်ခွင့်လည်း ပေးထားတဲ့အတွက် သဘာဝအရသာကို ငွေကုန်ကြေးကျ မများဘဲ ခံစားနိုင်တယ်။ ကော်ဖီအကြောင်းလည်း လေ့လာနိုင်တယ်။ ဗဟုသုတလည်းရ၊ အပန်းလည်း ပြေတာမို့ နောင်လည်းလာလည်ဖြစ်ဦးမှာပါ" ဟု ကျောက်ပန်းတောင်းမြို့မှ လာရောက်လည်ပတ်သည့် ဒေါ်စမ်းစမ်းအေးက ပြောသည်။

ပြင်ဦးလွင်ကော်ဖီဥယျာဉ်ကို နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ သတ်မှတ်ဖွင့်လှစ်ပြီး အခမဲ့ဝင်ရောက်လည်ပတ်လေ့လာခွင့်ပြုထားကြောင်း စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီသီးနှံ ဌာနခွဲမှ သိရသည်။

**ကော်ဖီအကြောင်း သိကောင်းစရာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ပြင်ဦးလွင်ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park) အဖြစ် ဖွင့်လှစ်ထားပြီးဖြစ်။ ကော်ဖီဥယျာဉ် ဖြစ်သည့်အတွက် လာရောက်လည်ပတ်သူများ မြန်မာ့ကော်ဖီသမိုင်း၊ ကမ္ဘာ့ကော်ဖီသမိုင်းကို ကြည့်ရှုလေ့လာနိုင်မည့် Coffee Knowledge Center ကိုလည်း စီစဉ်ထား။ ထို့ပြင် ကော်ဖီစိုက်ပျိုးမှုမှ စားသုံးသူလက်ဝယ်သို့ ရောက်ရှိသည့်အဆင့်အထိ (Farm to Cup) ထုတ်လုပ်မှု လုပ်ငန်းစဉ်များကိုလည်း ပြသထား**

"အများပြည်သူကို အခမဲ့ဝင်ရောက်လေ့လာလည်ပတ်ခွင့် ပေးထားတဲ့အတွက် တစ်ဖက်ကလည်း ခြံရဲ့သဘာဝအရင်းအမြစ်တွေ မပျက်စီးအောင် ထိန်းသိမ်းရပါတယ်။ ကျွန်တော်တို့ ဥယျာဉ်ကို ကြားရက်တွေဆို ခရီးသွား ၁၀၀ ဝန်းကျင်၊ အများပြည်သူ အလုပ်ပိတ်ရက်ဆို ၂၀၀ ဝန်းကျင် လာရောက်လည်ပတ်မှုရှိပါတယ်။ ဒီလိုလည်ပတ်သူတွေအကြား ကော်ဖီနဲ့ ပတ်သက်တဲ့ အသိပညာတွေ ပြန့်ပွားအောင်နဲ့ ပြင်ဦးလွင်မြို့ရဲ့အမှတ်သင်္ကေတ ကော်ဖီဖွံ့ဖြိုးမှုကို ဒီနေရာကနေတစ်ဆင့် ရရှိစေအောင် ကြိုးစားနေပါတယ်" ဟု ပြင်ဦးလွင်ကော်ဖီဥယျာဉ်မှ တာဝန်ခံ ဦးစီးအရာရှိ ဦးမင်းလွင်ဦးက ပြောသည်။

ပြင်ဦးလွင်ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park) သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မန္တလေး-လားရှိုးကားလမ်းမကြီးဘေး မိုင်တိုင်အမှတ် (၃၉) တွင် တည်ရှိပြီး ဧရိယာအားဖြင့် ၃၈၆ ဒသမ ၃ ဧက ကျယ်ဝန်းသော ပွေးတောင်ကော်ဖီခြံအတွင်း၌ တည်ရှိကာ စိုက်ပျိုးရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ကာ ပြုစုထိန်းသိမ်းလျက်ရှိသည်။

**အရေးပါသော အစိတ်အပိုင်းတစ်ခု**

ပြင်ဦးလွင်မြို့ကို ကော်ဖီမြို့တော်အဖြစ် ပိုမိုထင်ရှားစေရန်၊ မြန်မာ့ကော်ဖီ အရည်အသွေး ပိုမိုမြင့်မားလာ၍ ထုတ်လုပ်မှုပမာဏ တိုးတက်လာပြီး ကမ္ဘာ့ဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရန် ရည်ရွယ်၍ ကော်ဖီဥယျာဉ်သည် ကော်ဖီမြို့တော် ပြင်ဦးလွင်၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

ထို့ကြောင့် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီသီးနှံ ဌာနခွဲအနေဖြင့် ပြင်ဦးလွင်ကော်ဖီဥယျာဉ်ကို အခြေပြု၍ ကော်ဖီနှင့် ပတ်သက်သော အသိပညာများ ပိုမိုလွယ်ကူစွာ ပြန့်ပွားရေးနှင့် တစ်နေရာတည်းတွင် လွယ်ကူလျင်မြန်စွာ ရောင်းဝယ်ဖောက်ကားနိုင်သော ကော်ဖီဈေးကွက်တစ်ခု နောင်လာမည့် အနာဂတ်ကာလတွင် ပေါ်ပေါက်လာစေရန်အတွက် ရည်ရွယ်ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

**သင်တန်းများ ပို့ချပေးလျက်ရှိ**

ကော်ဖီရာသီသီးနှံ ဌာနခွဲသည် စိုက်ပျိုးရေး ထုတ်ကုန်များအား ဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်နိုင်ရေးနှင့် စားသောက်ကုန်များတွင် ဓာတုဓာတ်ကြွင်းများ မကျန်ရှိစေရေးတို့အတွက် ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် သက်ဆိုင်သည့် သင်တန်းများကိုလည်း ပြင်ဦးလွင်ဒေသ ကော်ဖီစိုက်ပျိုးသူများထံ စဉ်ဆက်မပြတ် ပို့ချပေးလျက်ရှိကြောင်း သိရသည်။

ကော်ဖီဥယျာဉ်တွင် မွှေးရနံ့နှင့်ပတ်သက်၍ ထူးခြားသော မြေနိမ့်ကော်ဖီမျိုးဖြစ်သည့် သက်တမ်းရင့်လိုက်ဘေးရီးကား ကော်ဖီညီနောင်နှင့် ပြင်ဦးလွင်ဒေသတွင် စိုက်ပျိုးနိုင်သော ကော်ဖီမျိုး ၁၀ မျိုး၏ မျိုးအလိုက် မျိုးထိန်းစိုက်ကွက်များ တည်ထောင်ခြင်းနှင့် ကော်ဖီစိုက်ပျိုး ထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာပေးသင်တန်းများ၊ မျိုးစေ့ ပျိုးပင်ပျိုးထောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း ကော်ဖီဥယျာဉ်အတွင်း စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

"အဓိကကတော့ ပြင်ဦးလွင်ဒေသထွက် ကော်ဖီအကြောင်းကို အများပြည်သူတွေကို သိရှိလေ့လာစေချင်တယ်။ ပြီးတော့ ကော်ဖီစိုက်ပျိုးရေးကို အခြေပြုတဲ့ ခရီးသွားလုပ်ငန်းကိုလည်း အထောက်အပံ့ဖြစ်စေချင်တယ်။ ဒီနေရာမှာ ပြင်ဦးလွင်မြို့ဆိုတာ အပန်းဖြေမြို့လို့ လူတိုင်းသိပြီးဖြစ်တယ်။ ဒီဒေသမှာ စိုက်ပျိုးတဲ့ ကော်ဖီကလည်း အရည်အသွေးကောင်းလို့ ထင်ရှားတယ်။ ဒေသရဲ့ သဘာဝရေမြေရာသီဥတုကလည်း သာယာတယ်။ ဒီအချက်တွေက ပြည်တွင်းပြည်ပခရီးသွားတွေကို အများကြီး ဆွဲဆောင်နိုင်တယ်။ ဒီအရာတွေ အားလုံးက ပွေးတောင်ကော်ဖီခြံမှာ ရှိနေပြီးဖြစ်လို့ ကော်ဖီဥယျာဉ်အဖြစ် ဌာနအနေနဲ့ ထူထောင်ဖွင့်လှစ်တာဖြစ်ပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောကြားသည်။

*စာမျက်နှာ ၁၇ သို့*





ပြင်ဦးလွင် ကော်ဖီဥယျာဉ်အတွင်းမှ သဘာဝရေထွက်နှင့် လည်ပတ်အနားယူနိုင်မည့် နေရာများ။

# မန္တလေးမြို့ မဟာမုနိဘုရားကြီး (၆၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် စာရေးတံမဲနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မန္တလေးမြို့ မဟာမုနိဘုရားကြီး၏ (၆၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် စာရေးတံမဲနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲ အခမ်းအနားကို ယမန်နေ့က ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးရင်ပြင်တော်၌ ပြုလုပ်ရာ တောင်ထီးလင်းတိုက်၊ သဲကုန်းကျောင်း၊ မဟာမုနိရုပ်ရှင်တော်မြတ်ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ မဟာမုနိဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့တာဝန်ရှိသူများနှင့် အလှူရှင်များက ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြုသော သံဃာတော် ၁၁၁ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်းသပိတ်၊ လှူဖွယ်ပစ္စည်းများနှင့် စာရေးတံမဲများ ဆက်ကပ်လှူဒါန်းကြသည်။ (ယာပုံ)

အလားတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်မြတ်ကြီး၌ ဗုဒ္ဓပူဇနီယပွဲတော်၊ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် သံဃဒါနဆွမ်းလောင်းလှူပွဲများ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ယဉ်ကျေးလိမ္မာနည်းပြဆရာ မွမ်းမံသင်တန်းဆင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်တောရ (မြို့တော်ဝန်ကျောင်း )၌ ဓမ္မကျောင်းတော် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ နည်းပြဆရာ မွမ်းမံသင်တန်း(၇၉/၂၀၂၄) ဆင်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က အဆိုပါ မြို့တော်ဝန်ကျောင်း သီရိမင်္ဂလာဗိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော် ယဉ်ကျေးလိမ္မာစင်တာ ဓမ္မကျောင်းတော်၊ နည်းပြဆရာဖြစ်သင်တန်းဌာန ဩဝါဒါစရိယ ရန်ကင်းတောရဆရာတော်က ဩဝါဒစကားမိန့်ကြားပြီး နည်းပြဆရာဖြစ်သင်တန်းဌာန သင်တန်းမှူး ကျောင်းအုပ်ဒေါ်ခင်လင်းက သင်တန်းဆိုင်ရာနှင့် ပတ်သက်၍ သုံးသပ်လျှောက်ထားတင်ပြသည်။

ထို့နောက် နေပြည်တော် ဓမ္မကျောင်းတော်ယဉ်ကျေးလိမ္မာစင်တာမှ တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ် ပေးအပ်ခြင်းနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

## ပခုက္ကူမြို့ ကုသိန္နာရုံတောင်ဘုရားပွဲတော်( ခေါ် )တောင်ပေါ်ပွဲတော် နောက်ဆုံးနေ့တွင် ဘုရားဖူးပြည်သူများ စည်ကား

**ပခုက္ကူ ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၆)ရပ်ကွက်၌ ကုသိန္နာရုံ တောင်ဘုရားပွဲတော်(ခေါ်)တောင်ပေါ်ပွဲတော်ကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တပို့တွဲလဆန်း ၁ ရက်မှ စတင်ပြီးကျင်းပခဲ့ရာ နောက်ဆုံးနေ့ (လပြည့်နေ့) တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားကြောင်း သိရသည်။

ပခုက္ကူမြို့သည် ရှေးဟောင်း သမိုင်းဝင်စေတီပုထိုးများ တည်ရှိရာမြို့ဖြစ်သည်နှင့်အညီ မြန်မာ ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိပြီး တပို့တွဲလတွင် ကုသိန္နာရုံတောင် ဘုရားပွဲတော်(ခေါ်) တောင်ပေါ်ပွဲတော် ကျင်းပရာ ပွဲတော်ကာလများ အတွင်း ဒေသထွက်ကုန်များ၊ စားသောက်ဖွယ်ရာများ၊ လူသုံးကုန်ပစ္စည်းများ၊ ကလေးကစားစရာများကို ဈေးခင်းရောင်းချခြင်း၊ ဘုရားဖူးလာပြည်သူများအား နမ်းမနဲဖြင့် ဧည့်ခံကျွေးမွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

တပို့တွဲလပြည့်ပွဲတော်နောက်ဆုံးနေ့ (ဖေဖော်ဝါရီလ ၂၄ ရက်) ညနေပိုင်းတွင် ပခုက္ကူမြို့ရှိ ဒေသခံပြည်သူများအပြင် ရပ်နီးရပ်ဝေးမှပြည်သူများသည် မိတ်ဆွေ အပေါင်းအသင်းများ၊ မိသားစုများ အလိုက်စုပေါင်း၍ ကုသိန္နာရုံတောင် ဘုရားအား ဖူးမြော်ကြည်ညိုခြင်း၊ ဈေးခင်းအတွင်း ရောင်းချထားသည့် ဒေသထွက်ကုန်ပစ္စည်းများ ဝယ်ယူအားပေးခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။

အလားတူ ဘုရားဖူးပြည်သူများက ပခုက္ကူမြို့ရှိ အထင်ကရ ရှေးဟောင်းသမိုင်းဝင်စေတီပုထိုးများဖြစ်သည့် သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၊ ဖောင်တော်ဦးဘုရားကြီး၊ ရွှေကူမြတ်စွာဘုရားကြီး၊ ရွှေမုဋ္ဌောဘုရားများအား သွားရောက်ဖူးမြော်ခြင်း၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာများ ပူဇော်ခြင်း၊ ဘုရားပန်းများလဲလှယ်ခြင်း၊ သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ငါးအစာကျွေးခြင်းဖြင့် ကုသိုလ်ယူကြပြီး ဘုရားဝင်းအတွင်းရောင်းချသည့် စားစရာမုန့်ပဲသရေစာများ ဝယ်ယူစားသောက် အပန်းဖြေခြင်းများဖြင့် စည်ကားခဲ့သည်။

**ဘာမိသာ(ပခုက္ကူ)**



## မိုးကုတ်မြို့တွင် သံဃာတော် ၁၀၈ ပါးတို့အား အရုဏ်ဆွမ်းလောင်းလှူပွဲကျင်းပ

**မိုးကုတ် ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် ၁၀၈ ပါးတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းမိသားများ စုပေါင်းကာ အရုဏ်ဆွမ်းလောင်းလှူခြင်းကို ယမန်နေ့က ဘိုကုန်းရပ်အောင်ထွဋ်ခေါင်ဘုရား၌ ကုသိုလ်ပြုလောင်းလှူကြသည်။

အရုဏ်ဆွမ်းလောင်းလှူပွဲသို့ မိုးကုတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များနှင့် သာမဏေ ၁၀၈ ပါး ကြွရောက်တော်မူပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ကျော်နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့ဝင်များက ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများကို ကုသိုလ်ပြုလောင်းလှူခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စိုက်ပျိုးရေးဦးစီးဌာန ကန့်ဘလူဥယျာဉ်ခြံ၌ မျိုးစေ့ထုတ်ကြက်သွန်နီ (ရွှေဖလားမျိုး) များ အောင်မြင်ဖြစ်ထွန်း

**ကန့်ဘလူ ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲအောက်ရှိ ကန့်ဘလူဥယျာဉ်ခြံ၌ စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်နီ (ရွှေဖလားမျိုး) မျိုးကောင်းမျိုးသန့်များကို ဒေသတွင်းတောင်သူများ တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေ ရရှိရေးအတွက် မျိုးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်စိုက်ပျိုးထားသော မျိုးစေ့ထုတ် ကြက်သွန်နီ (ရွှေဖလား) မျိုးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါမျိုးစေ့ထုတ် ကြက်သွန်နီကို နိုဝင်ဘာလအတွင်းက စိုက်ပျိုးထားပြီး ရက်ပေါင်း ၁၄၅–၁၅၀ ရက်တွင် ရိတ်သိမ်းခူးဆွတ်နိုင်ကြောင်းနှင့် မျိုးစေ့ထုတ် ကြက်သွန်နီ တစ်ဧကစိုက်ပျိုးလျှင် ကျပ် ၁၅ သိန်းဝန်းကျင် ကုန်ကျကြောင်း သိရသည်။ အဆိုပါ မျိုးစေ့ထုတ်ကြက်သွန်နီများကို ဒေသတွင်းတောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရန် မျိုးများကို စက်တင်ဘာ/အောက်တိုဘာလတွင် ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း ကန့်ဘလူဥယျာဉ်ခြံ တာဝန်ခံဦးစီးအရာရှိ ဦးမျိုးနိုင်ထံမှ သိရသည်။

ကန့်ဘလူဥယျာဉ်ခြံ၌ မျိုးစေ့ထုတ် ကြက်သွန်နီ တစ်ဧကစိုက်ပျိုးထားပြီး မျိုးစေ့ ပြည် ( ၆၀– ၈၀) ထွက်ရှိမည်ဖြစ်ကာ ကြက်သွန်နီကို ပျိုးထောင်စိုက်ပျိုးပါက တစ်ဧကလျှင် မျိုးစေ့ပြည် (၂–၃) ပြည် ပျိုးထောင်ရပြီး ပျိုးပင်ကလေးများ ရက်ပေါင်း ၃၀ မှ ၄၅ ရက်သားအရွယ်တွင် စိုက်ခင်းသစ်သို့ ပြောင်းရွှေ့စိုက်ရခြင်းဖြစ်သည်။ ကြက်သွန်နီ တစ်ဧက စိုက်ပျိုးပါက ပိဿာချိန် ၄၀၀၀–၅၀၀၀ အတွင်း ထွက်ရှိကြောင်း သိရသည်။

ကန့်ဘလူဥယျာဉ်ခြံအနေဖြင့် စိန်တလုံးသရက် ပျိုးပင်ကိုင်းဆက်၊ ကြက်သွန်နီမျိုးစေ့များ၊ ခရမ်းမျိုးစေ့များကို ဖြန့်ဖြူးပေးလျက်ရှိပြီး ဒေသတွင်းရှိတောင်သူများ၊ စိတ်ပါဝင်စားသူများအား စိုက်ပျိုးရေးနည်းပညာပေး သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သရုပ်ပြပွဲများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

*စာမျက်နှာ ၁၆ မှ*

ပြင်ဦးလွင်မြို့တွင် ကော်ဖီအပန်းဖြေဥယျာဉ်တည်ရှိနေသည့်အတွက် မြန်မာ့ကော်ဖီသမိုင်း၊ ကမ္ဘာ့ကော်ဖီသမိုင်း၊ ပြည်သူအများ မသိရှိသေးသော ကော်ဖီသီးနှံ၏ သဘောသဘာဝများ၊ သတင်းအချက်အလက်များကိုအခြေခံ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကော်ဖီထွက်ကုန်များကို ဈေးနှုန်းမှန်ကန်၊ မြန်ဆန်စွာဖြင့် တစ်နေရာတည်းတွင် ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းကို ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

**အခွင့်အလမ်းတွေ ပိုပြီးပွင့်လာ**

“ပြင်ဦးလွင်ဒေသဟာ ကော်ဖီစိုက်ပျိုးမှုများတယ်။ ဒါကြောင့် ကော်ဖီနဲ့ ပတ်သက်တဲ့အရာတွေ ဒီမှာပိုပြီး ဖွံ့ဖြိုးမှုရစေချင်တယ်။ အခုလို ကော်ဖီနဲ့ ပတ်သက်တာတွေကို ဥယျာဉ်မှာလည်းပတ်ရင်း အများပြည်သူကြားမှာ ပျံ့နှံ့စေဖို့ ဆောင်ရွက်တာဟာကောင်းတဲ့ အစီအစဉ်လေးတစ်ခုပါ။ ပြီးတော့ ကော်ဖီဈေးကွက်ပါ ရရှိစေဖို့ ရည်ရွယ်ဆောင်ရွက်ပေးနေတဲ့အတွက် ဒေသတွင်းက ကော်ဖီစိုက်တောင်သူတွေအတွက် အခွင့်အလမ်းတွေ ပိုပြီးပွင့်လာမှာပါ” ဟု ပြင်ဦးလွင်မြို့မှ ကော်ဖီစိုက်ပျိုးသူ ဦးအောင်ကိုက ပြောကြားသည်။

ပြင်ဦးလွင်မြို့သည် မြို့၏သဘာဝအလှအပနှင့် အေးချမ်းသည့် ရာသီဥတုကြောင့် ခရီးသွားမြို့တော်တစ်ခုအဖြစ် ခရီးသွားများအကြား ထင်ရှားပြီးဖြစ်သည်။ သို့ဖြစ်ရာ ခရီးသွားမြို့တော် ပြင်ဦးလွင်သို့ ရောက်လေတိုင်း ကော်ဖီရနံ့ဖြင့် အပန်းဖြေနိုင်ရန်၊ ကော်ဖီနှင့်ပတ်သက်သော သတင်းအချက်အလက်များ လေ့လာနိုင်ရန်အတွက် ပြင်ဦးလွင်ကော်ဖီဥယျာဉ်သို့ တစ်ခေါက်တစ်ခါ သွားရောက် လည်ပတ်သင့်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

# စကိုင်းဝေါ့ကာ မျောက်လွှဲကျော်မျိုးစိတ် ထိန်းသိမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည်သစ်များ

သီဟစည်သူ



အရွယ်ရောက်ပြီး စကိုင်းဝေါ့ကာ မျောက်လွှဲကျော် အမတစ်ကောင်ကို တွေ့ရစဉ်။

**အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (မြန်မာ)မှ သုတေသနပညာရှင်များသည် မြန်မာနိုင်ငံ ကချင်ပြည်နယ်ရှိ နေရာခြောက်ခုနှင့် ရှမ်းပြည်နယ်ရှိ နေရာသုံးခုတို့၌ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၃ ခုနှစ် မတ်လအတွင်း ကွင်းဆင်းလေ့လာစူးစမ်းမှုများ ပြုလုပ်ခဲ့ပြီးနောက် မြန်မာနိုင်ငံ၌ စကိုင်းဝေါ့ကာမျောက်လွှဲကျော် အုပ်စုသစ် ၄၄ စု ကျက်စားလျက်ရှိသည်ကို အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။**

မျိုးသုဉ်းအန္တရာယ်ခြိမ်းခြောက်မှုကို ရင်ဆိုင်နေရသည့် စကိုင်းဝေါ့ကာ မျောက်လွှဲကျော်မျိုးစိတ် Skywalker gibbons (သိပ္ပံအမည် – Hoolock tian–xing)ကောင်ရေ ၁၅၀ ခန့်ကို မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ်က ပထမဆုံးအကြိမ် တွေ့ရှိမှတ်တမ်းတင်ခဲ့ပြီးနောက် ပထဝီဝင်အနေအထားအရ မြန်မာနိုင်ငံအတွင်းရှိ ကချင်ပြည်နယ်အတွင်း အင်မိုင်ခနှင့် ဧရာဝတီမြစ်အနောက်ဘက်ကြား၊ သံလွင်မြစ်အရှေ့ဘက်ခြမ်းအကြားတွင် အဆိုပါ စကိုင်းဝေါ့ကာ မျောက်လွှဲကျော်များ ကျက်စားနေထိုင်နိုင်ကြောင်း ယခင်ကတည်းက ပညာရှင်များက လက်ခံယူဆခဲ့ကြသည်။ ယခုအခါ ၎င်းတို့တည်ရှိနေကြောင်းကို မှတ်တမ်းတင်နိုင်ရန်အတွက် ကွင်းဆင်းလေ့လာရေးအဖွဲ့အနေဖြင့် ခေတ်မီဆန်းသစ်သော ထိန်းသိမ်းစောင့်ရှောက်ရေး နည်းပညာများဖြစ်သည့်အသံပိုင်းဆိုင်ရာ စောင့်ကြည့်ခြင်းဖြင့် မျောက်လွှဲကျော်အုပ်စုများကို ခွဲခြားသတ်မှတ်သည့် နည်းလမ်းနှင့် ၎င်းတို့စားသောက်သည့် အသီးအနှံနှင့် အပင်များတွင် ကြွင်းကျန်သည့် DNA နမူနာများကိုရယူ၍ မျိုးရိုးဗီဇခွဲခြမ်းစိတ်ဖြာနည်းစနစ်အရ ၎င်းတို့ကျက်စားနေကြောင်း အထောက်အထား ခိုင်ခိုင်မာမာဖြင့် မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်ကြောင်း နိုင်ငံတကာပရိုင်းမိတ် သုတေသနဂျာနယ်တွင် ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်က ဖော်ပြထားသည်။



အရွယ်ရောက်ပြီး စကိုင်းဝေါ့ကာ မျောက်လွှဲကျော် အထီးတစ်ကောင် ကို တွေ့ရစဉ်။

“ဒါဟာ မြန်မာ့ မျောက်ဝံမျိုးစိတ်တွေ ထိန်းသိမ်းစောင့်ရှောက်ရေး အနာဂတ်အတွက် သိသာထင်ရှားတဲ့ ရှာဖွေတွေ့ရှိမှုတစ်ခုပါ။ ယခုအခါ မြန်မာ့သစ်တောတွေထဲမှာ စကိုင်းဝေါ့ကာမျောက်လွှဲကျော်အုပ်စုတွေ ထပ်မံတွေ့ရှိလာရပေမယ့် သူတို့ရဲ့ နေရင်းဒေသတွေ ပျက်စီးဆုံးရှုံးတာနဲ့ တရားမဝင် အမဲလိုက်သတ်ဖြတ်တာတွေကြောင့် ကောင်ရေအလျင်အမြန်ကျဆင်းလာမှာကိုတော့ စိုးရိမ်နေရပါသေးတယ်၊ လေ့လာတွေ့ရှိတဲ့ အချက်အလက်တွေအရ မျောက်လွှဲကျော်တွေနေထိုင်တဲ့ဒေသတွေမှာ ပိုမိုကောင်းမွန်တဲ့ အကာအကွယ်တွေ ထူထောင်နိုင်ဖို့၊ တောရိုင်းတိရစ္ဆာန်တွေ၊ သစ်ပင်ပန်းမန်မျိုးစိတ်တွေနဲ့ သစ်တောတွေကို မှီခိုနေရတဲ့ ရပ်ရွာဒေသတွေကို ပိုမိုကောင်းမွန်စွာ အကာအကွယ်ပေးနိုင်ဖို့ ဆက်လက်လုပ်ဆောင်သွားနိုင်ဖို့ မျှော်လင့်ပါတယ်”ဟု အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (FFI)၏ မြန်မာနိုင်ငံဆိုင်ရာ ဒါရိုက်တာနှင့် လေ့လာရေးခရီးဦးဆောင်သူ ဦးငွေလွင်က ပြောသည်။

အဆိုပါ မျောက်လွှဲကျော်မျိုးစိတ်များ၏ အကောင်အရေအတွက် အတိအကျကို မသိရှိရသေးသော်လည်း စကိုင်းဝေါ့ကာမျောက်လွှဲကျော်များကို အရှေ့ဘက် မျက်ခုံးဖြူမျောက်လွှဲကျော်များ ကျက်စားရာနေရာများတွင် ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ စကိုင်းဝေါ့ကာ မျောက်လွှဲကျော်မျိုးစိတ်နှင့် အရှေ့ဘက် မျောက်လွှဲကျော်မျိုးစိတ်များ၏ အဓိက ပုံသဏ္ဍာန်ကွဲပြားချက်များမှာ ပါးလွှာသော မျက်ခုံး၊ အညို(သို့မဟုတ်) အနက်ရောင်မုတ်ဆိတ်များ ပါရှိခြင်းနှင့် တစ်ဝက်တစ်ပျက် အဖြူရောင်မျက်နှာကွင်းများ ပါရှိခြင်းဖြစ်သည်။ ကောင်ရေခန့်မှန်းချက်အရ ယခုတွေ့ရှိထားသော ဧရိယာတွင် စကိုင်းဝေါ့ကာမျောက်လွှဲကျော် မျိုးစိတ်တွေ့ရှိမှု အရေအတွက်အများဆုံးလည်း ဖြစ်လာနိုင်ကြောင်း ခန့်မှန်းထားကြသည်။ လက်ရှိ၌ မြန်မာနိုင်ငံအတွင်းရှိ စကိုင်းဝေါ့ကာမျောက်လွှဲကျော်များ ကျက်စားရာနေရာအများစုသည် သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ ပြင်ပတွင် ရှိနေသည့်အတွက်ကြောင့် IUCN Red List တွင် မျိုးသုဉ်းရန်အန္တရာယ်ခြိမ်းခြောက်မှုခံနေရဆဲ မျိုးစိတ်အဆင့်တွင် ဆက်လက်ပါဝင်နေဦးမည်ဖြစ်သည်။

သုတေသနအဖွဲ့အနေဖြင့် မျောက်လွှဲကျော်များ လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော ခြိမ်းခြောက်မှုများနှင့် ပတ်သက်၍လည်း ဒေသန္တရဗဟုသုတများကို စုဆောင်းနိုင်ရန်အတွက် ကျေးရွာ ၁၂ ရွာတွင် ခြိမ်းခြောက်မှု အကဲဖြတ်ခြင်းဆိုင်ရာ စစ်တမ်းများကိုလည်း ပြုလုပ်နိုင်ခဲ့သည်။


မျောက်လွှဲကျော် မျိုးစိတ်များသည် သစ်သီးသစ်ဥများ၊ သစ်ရွက်နုများ၊ အင်းဆက်ပိုးကောင်များကို စားသောက်ကြသည့် အစုံစားသတ္တဝါဖြစ်ပြီး ၎င်းတို့ ပြန်လည်စွန့်ထုတ်လိုက်သည့် အညစ်အကြေးတွင်ပါဝင်သည့် အသီးစေ့များသည် သစ်တောများ ပြန်လည်ရှင်သန်ရေး၊ အပင်မျိုးစိတ်များ ပြန့်ပွားရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသဖြင့် အမြဲစိမ်းသစ်တောများထိန်းသိမ်းရေးအတွက် အရေးပါလှသည့် ဥယျာဉ်မှူးများဟုပင် တင်စားခေါ်ဆိုနိုင်သည်။

ကမ္ဘာပေါ်တွင် လူဝံ(Apes)အုပ်စုဝင်များဖြစ်သည့် မျောက်လွှဲကျော် မျိုးစိတ်ပေါင်း ၂၀ ရှိပြီး မြန်မာနိုင်ငံတွင် အနောက်ပိုင်း မျက်ခုံးဖြူမျောက်လွှဲကျော်၊ အရှေ့ပိုင်း မျက်ခုံးဖြူမျောက်လွှဲကျော်၊ စကိုင်းဝေါ့ကာမျောက်လွှဲကျော်နှင့် မျောက်လွှဲကျော် လက်ဖြူမျိုးစိတ် လေးမျိုးတွေ့ရှိထားကြောင်း သိရသည်။ အနောက်ပိုင်းမျက်ခုံးဖြူ မျောက်လွှဲကျော်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်းကောင်း၊ အရှေ့ပိုင်းမျက်ခုံးဖြူမျောက်လွှဲကျော်များကို ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် လည်းကောင်း၊ မျောက်လွှဲကျော် လက်ဖြူများကို ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် လည်းကောင်း၊ စကိုင်းဝေါ့ကာ မျောက်လွှဲကျော်များကို ကချင်ပြည်နယ်၌ လည်းကောင်း မှတ်တမ်းတင်ထားနိုင်ခဲ့ကြောင်း သိရသည်။

တောတွင်းသီချင်းဆိုသူများ (Forest Singer) ဖြစ်ကြသော ၎င်းမျောက်မျိုးစိတ်များသည် နေထိုင်ရာသစ်တောများ လျော့နည်းလာခြင်း (Habitat loss) နှင့် သစ်တောများ အစိတ်စိတ်ကွဲပြားလာခြင်း (Habitat fragmentation)၊ တရားမဝင် ဖမ်းဆီးရောင်းချခံရခြင်း၊ အမဲလိုက်ခံရခြင်းနှင့် မြို့ပြများဖွံ့ဖြိုးလာခြင်း တို့သည် လက်ရှိ အဓိကကြုံတွေ့နေရသည့် ပြဿနာများဖြစ်သည်။ သဘာဝသစ်တောများနှင့် ဂေဟစနစ်ကို ထိန်းသိမ်းခြင်းအတွက် လွန်စွာအရေးပါလှသည့် မျောက်လွှဲကျော်မျိုးစိတ် ထိန်းသိမ်းကာကွယ်ရေး ထိထိရောက်ရောက် လုပ်ဆောင်နိုင်ရန်နှင့် ထိန်းသိမ်းရေးအသိပညာများ မြှင့်တင်နိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ် အောက်တိုဘာလ ၂၄ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မျောက်လွှဲကျော်များ ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ကျင်းပလေ့ရှိသည်။

မြန်မာနိုင်ငံ၏ လက်ရှိ ထိန်းသိမ်းရေးနယ်မြေစနစ်တွင် စကိုင်းဝေါ့ကာ မျောက်လွှဲကျော်များအတွက် သင့်လျော်သော နေထိုင်ရာနေရာဒေသ လေးရာခိုင်နှုန်းခန့်သာ ပါဝင်နေသည့်အတွက် အစိုးရဌာနဆိုင်ရာများ၊ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့် ဒေသတိုင်းရင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မျိုးစိတ်များရေရှည်တည်တံ့မှုရှိစေရေး ထိန်းသိမ်းကာကွယ်မှုမြှင့်တင်ကြရန် လေ့လာရေးအဖွဲ့တွင် ပါဝင်သည့် ပညာရှင်များက အကြံပြုထားသည်။

**မျောက်လွှဲကျော် မျိုးစိတ်များသည် သစ်သီးသစ်ဥများ၊ သစ်ရွက်နုများ၊ အင်းဆက်ပိုးကောင်များကို စားသောက်ကြသည့် အစုံစားသတ္တဝါဖြစ်ပြီး ၎င်းတို့ ပြန်လည်စွန့်ထုတ်လိုက်သည့် အညစ်အကြေးတွင်ပါဝင်သည့် အသီးစေ့များသည် သစ်တောများ ပြန်လည်ရှင်သန်ရေး၊ အပင်မျိုးစိတ်များ ပြန့်ပွားရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသဖြင့် အမြဲစိမ်းသစ်တောများထိန်းသိမ်းရေးအတွက် အရေးပါလှသည့် ဥယျာဉ်မှူးများဟုပင် တင်စားခေါ်ဆိုနိုင်**




**ကိုးကား –**

**(၁) A new hope – Previously un–known Skywalker gibbon populations found in Myanmar By Fauna and Flora**

**(၂) Love songs lead scientists to new populations of Skywalker gibbons found in Myanmar**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၂-၂၀၂၄ တနင်္လာနေ့

**MRTV**

[illegible]

**mitv**

07:01 Evergreen Classic: Aseinnaya (Takkatho Lae Lae)
07:11 Ecotourism: Historic Pagodas and Intresting Places in Sagaing and Monywa Tourism Zone
07:29 Sagaing: Guitars
07:39 Faith & Worship (Part-1)
08:01 News
08:26 National Attractions Thailand (The World Heritage of Joy, Sukhothai)
08:30 The Coloured Glass Ball (Ywai) Juggling Master
08:54 Local Talents Show (2)
09:01 Mushroom Farming
09:25 Myanmar Traditional Snacks: Shwe Hta Min
09:31 Discovering Tribes: Pa-O: their life and customs (Part-1)
10:25 Topical Topics (No. 21) Some Fish Options for One's Health

**MRTV**

[illegible]

**MRTV News**

Weekly Selected News
MRTV National News
[illegible]

**MRTV**

PR SYSTEM
Economic Review
[illegible]

**MRTV Entertainment**

Satyaprem.Ki.Katha.2023
[illegible]

**MRTV Sports**

Sports Diary
MNL 2022 Match (Replay)
Weekly Sports Info
[illegible]

MRTV Application

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲတက်ရောက်



**မကွေး ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၃ နာရီက မကွေးမြို့ မြသလွန်ဘုရားပွဲတော်ကွင်းပြင်၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဇနီး၊ မကွေးတပ်နယ်မှ ဗိုလ်မှူးချုပ် ထွန်းဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဥပဒေချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၄ သင်းတို့၏ ယှဉ်ပြိုင်နေမှုနှင့် **(အပေါ်ယာပုံ)** ပြိုင်ပွဲဝင် အသင်းများ ကိုယ်စားပြု အကအဖွဲ့များ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရရှိသည့် ပြိုင်ပွဲဝင်များကို ပထမဆု ၁၀ သိန်း၊ ဒုတိယဆု ခုနစ်သိန်း၊ တတိယဆု ငါးသိန်း၊ စတုတ္ထဆု လေးသိန်း၊ နှစ်သိမ့်ဆု နှစ်သိန်းအပြင် ပြိုင်ပွဲဝင် တစ်သင်းလျှင် တစ်သိန်းနှုန်းဖြင့် ထပ်ဆောင်းချီးမြှင့်ငွေများနှင့် တီဗွီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ လျှပ်စစ်မီးပူ၊ ပန်ကာ၊ ထမင်းပေါင်းအိုးများအပြင် ဗလာမပါကံစမ်းမဲ ကံထူးရှင်များအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မီးပုံးပျံလွှတ်တင်ပွဲ အခမ်းအနားကို ကျင်းပရာ စိန်နားပန်မီးပုံးပျံ သုံးလုံး၊ ညမီးကြီး မီးပုံးပျံ နှစ်လုံးနှင့် မီးပုံးပျံငယ် ၃၀၀ တို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ မကွေးတပ်နယ်မှ ဗိုလ်မှူးချုပ် ထွန်းဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဥပဒေချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက မီးထွန်းညှိ၍ လွှတ်တင်ကာ ထမနဲထိုးပြိုင်ပွဲနှင့် မီးပုံးပျံ လွှတ်တင်ပွဲကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**မောင်ညီညာ**


**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


✳ ***ကျောဖုံးမှ***

ကစားမှုအောက် ပုံစံကောင်း ပျောက်ဆုံးခဲ့ပြီး ပွဲချိန်တစ်လျှောက် ဂိုးပေါက်ကန်သွင်းမှု စုစုပေါင်း သုံးကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်။

အာဆင်နယ်အသင်းက နယူးကာဆယ်အသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းမှု စုစုပေါင်း ၁၈ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ပြီး လေးကြိမ်ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ အာဆင်နယ်အသင်းသည် ပရီမီယာ လိဂ် ၂၆ ပွဲတွင် ၁၈ ပွဲအထိ နိုင်ပွဲရရှိလာပြီဖြစ်သည်။

လာမည့်ပွဲစဉ်တွင် အာဆင်နယ်အသင်းက ရှက်ဖီးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ဘက် နယူးကာဆယ်အသင်းက အက်ဗ်အေဖလားပြိုင်ပွဲ၌ ဘလက်ဘန်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၂၅ ရက် နံနက်အစောပိုင်း ပရီမီယာလိဂ်ပွဲစဉ် (၂၆) မှ ဘုန်းမောက်နှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး မန်စီးတီးက တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **အောင်ဇော်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၂ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၉၅ ကျပ် | ၂၆၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၄၀ ကျပ် | ၂၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၇၀ ကျပ် | ၂၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၇၅ ကျပ် | ၂၉၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၇၃၀ | ၆၁၃၂၀၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၁၀၇၂ | ၃၁၀၆၈၀၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၂ | ၁၅၀၀၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၅၆၂ | ၈၄၃၅၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၅ | ၁၂၀၀၀ |
| EFR | ၁၇၀၀ | ၁၈၀၀ | ၉၄ | ၁၆၄၃၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၁၀ | ၄၈၀၀၀ |
| MAEPC | ၁၇၀၀ | ၁၇၀၀ | ၅၀၄ | ၈၅၆၈၀၀ |

# မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင် အစည်းအဝေး (၁/၂၀၂၄) ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) အလုပ်အမှုဆောင် အစည်းအဝေး (၁/၂၀၂၄) ကို ဖေဖော်ဝါရီ ၂၅ ရက်က နိုဗိုတယ်ရန်ကုန်မက်စ်၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်း (ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်စျေးကွက်ရှာဖွေရေးကော်မတီ) က အဖွဲ့ချုပ်ငွေစာရင်းနှင့် ပေးရန်ရှိစာရင်းများ ရှင်းလင်းတင်ပြသည်။ ယင်းနောက် အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဆန်း (အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန) က မြန်မာအမျိုးသမီး ဘောလုံးအကယ်ဒမီကို မန္တလေးမြို့တွင် တည်ဆောက်ရေး၊ နိုင်ငံတကာအဆင့်မီ ဖူဆယ်လေ့ကျင့်ရေးကွင်း တည်ဆောက်ရေး၊ လက်ရွေးစင်အသင်းများအတွက် အဆင့်မြင့်လေ့ကျင့်ရေးစင်တာ High Performance Center (HPC) တည်ဆောက်ရေး၊ ရွှေဝတီဖောင်ဒေးရှင်း၏ ပံ့ပိုးမှုဖြင့် လေ့ကျင့်ရေးကွင်း နှစ်ကွင်း ပြုပြင်တည်ဆောက်ရေးတို့ကို တင်ပြဆွေးနွေးသည်။ ဆက်လက်၍ ၂၀၂၄-၂၀၂၈ သက်တမ်း အဖွဲ့ချုပ် အလုပ်အမှုဆောင် ရွေးချယ်ရေးနှင့် ရွေးကောက်ပွဲ လုပ်ထုံးလုပ်နည်း (၂၀၂၃) များအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အောင် (ဂိုး) က ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းရေးကော်မတီက ယခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းခဲ့ခြင်းများကို ဆက်လက်တင်ပြသည်။ အစည်းအဝေးတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ အခြေခံကျောင်းများအတွက် ဘောလုံးပညာ (FIFA Football For School) အစီအစဉ်ကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် အတူတကွ အကောင်အထည် ဖော်ရေးနှင့် လူငယ်များအတွက် နွေရာသီ အခြေခံ ဘောလုံးသင်တန်းများ ဒေသအသီးသီးတွင် ပူးပေါင်းဖွင့်လှစ်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။ ယင်းနောက် ဦးဇော်ဇော်က တိုင်းဒေသကြီးနှင့် ပြည်နယ် ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ခဲ့ကြသူများနှင့် မြန်မာ့ဘောလုံး ဖွံ့ဖြိုးရေးအတွက် ကဏ္ဍအသီးသီးမှ ပါဝင်ဆောင်ရွက်နေသူအားလုံးကို အထူး ကျေးဇူးတင်ရှိပါကြောင်း နိဂုံးချုပ်စကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**ကိုညီလေး**

**ဓာတ်ပုံ-MFF**

# အသက် ၁၈ နှစ်နှင့် ၃၅ နှစ်အကြား ရခိုင်လူငယ်များအား ရန်ကုန်မှ ရခိုင်သို့ လေယာဉ်ဖြင့် သွားလာခွင့်ပိတ်ပင် ကန့်သတ်ထားကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**




အသက် ၁၈ နှစ်နှင့် ၃၅ နှစ်အကြား ရခိုင်လူငယ်များအား ဖေဖော်ဝါရီ ၂၄ ရက်မှစတင်၍ ရန်ကုန်မှ ရခိုင်သို့ လေယာဉ်ဖြင့် သွားလာခွင့် ပိတ်ပင် ကန့်သတ်ထားကြောင်း ကောလာဟလ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများအထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးမှ လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အသက် ၁၈ နှစ်နှင့် ၃၅ နှစ်အကြား ရခိုင်လူငယ်များအား ရန်ကုန်မှ ရခိုင်သို့ လေယာဉ်ဖြင့် သွားလာခွင့်ပိတ်ပင် ကန့်သတ်ထားခြင်း မရှိကြောင်းနှင့် ကောလာဟလသတင်းအမှားများသာဖြစ်ကြောင်း သိရှိရသည်။ တရားမဝင် ပြည်ဖျက်မီဒီယာများ၏ သတင်းတု၊ သတင်းအမှားများသည် ပြည်သူများကို ကြောက်ရွံ့ထိတ်လန့်လာစေပြီး နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော် ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တန့်ဆည်မြို့နယ် ကံထူးမကျေးရွာတစ်ခုလုံးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**




စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ကံထူးမကျေးရွာကို ဖေဖော်ဝါရီ ၂၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများအား တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ကံထူးမကျေးရွာရှိ နယ်မြေရဲစခန်းကို PDF အမည်ခံအကြမ်းဖက်သမားများက ဖေဖော်ဝါရီ ၂၁ ရက်တွင် လာရောက် တိုက်ခိုက်ခဲ့သည့်အတွက် ကံထူးမကျေးရွာအနီးတွင် လုံခြုံရေး ပူးပေါင်းအဖွဲ့များနှင့် အကြမ်းဖက်သမားများ နှစ်ဖက်တိုက်ပွဲဖြစ်ပွားခဲ့ရာ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များ၏ ထိရောက်သောလက်နက်ကြီး ပစ်ခတ်မှုများကြောင့် အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှု များစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး လုံခြုံရေး ပူးပေါင်းတပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာနှင့်အနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိပြီး ကံထူးမကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေသည် ဆိုသည်မှာ မှန်ကန်မှုမရှိသည့် သတင်းအမှားသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားပြီး ပြည်သူများအား သတင်းအဆိပ်ခတ် ဖြန့်ဝေလျက်ရှိရာ ၎င်းတို့၏ လုပ်ကြံသတင်းအမှားများအပေါ် ပြည်သူများ အထင်အမြင်လွဲမှားမှု မရှိစေရန်အတွက် နိုင်ငံပိုင်သတင်းဌာနများနှင့် သတင်းစာများတွင် သတင်းအမှန်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*✻ ကျောဖုံးမှ*

အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၁၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်း မြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းများ အပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Kyaw Thu Naing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရေဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အမှတ်(၄) ရပ်ကွက်နေ ကျော်သူနိုင်အား နံနက် ၁၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Nihsa Awadnap" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ဂေါင်းဦးဘာကျေးရွာနေ မျိုးမင်းထူးအား နံနက် ၁၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Ko Shein" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကွင်းရပ် ရပ်ကွက်နေ နေလင်းထွန်း (ခ) မင်းသားအား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။




# နိုင်ငံတကာအဆင့်မီ Let's Play Arena Carnival ပွဲတော်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် (Myanmar Electronic Sports Federation)က ကြီးမှူး၍ နိုင်ငံတကာအဆင့်မီ Let's Play Arena Carnival ပွဲတော်အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်အထိ နှစ်ရက်တိုင်ရန်ကုန်မြို့ သက်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ၌ ကျင်းပသည်။

အဆိုပါ ပွဲတော်သို့ ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက Mobile Legends Game အမျိုးအစား Grand Final တွင်AI Esports နှင့် Mythic Seal ယှဉ်ပြိုင်နေမှုကို တက်ရောက်ကြည့်ရှုအားပေးကြသည်။(အပေါ်ပုံ)

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် Esport ပွဲတော် အတွင်းရှိ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ ယင်းပြိုင်ပွဲသို့ အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**အာကာစိုး**



စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ အတန်းများအတွက် နှစ်ဆုံးစာမေးပွဲ သတ္တမနေ့တွင် သိပ္ပံဘာသာရပ်နှင့်လူမှုရေးသိပ္ပံဘာသာရပ်တို့ကို ဖေဖော်ဝါရီ ၂၀ ရက်က ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာဖြင့် ဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။

ကသာမောင်

## နေပြည်တော် လူပျိုဆောင်၊ အပျိုဆောင်များတွင် မီးကြိုတင်ကာကွယ်ရေးဟောပြော

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မိုးမှာလေ့ကျင့်၊ ဆောင်းမှာ စစ်ဆေး သတိပေး၊ နွေမှာ အသင့်ရှိရေး ဟူသော ဆောင်ပုဒ်အတိုင်း ပူပြင်းခြောက်သွေ့သော ရာသီဥတုရောက်ရှိလာပြီဖြစ်သဖြင့် ဝန်ကြီးဌာနအသီးသီးတို့မှ လူပျိုဆောင်၊ အပျိုဆောင် ၁၇၇ ဆောင်တို့တွင် မီးဘေးလုံခြုံရေး စစ်ဆေးပေးခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းတို့ကို ယနေ့နံနက်ပိုင်း၌ နေပြည်တော်မီးသတ်ဦးစီးမှူးရုံး၊ ခရိုင်နှင့်မြို့နယ် မီးသတ်စခန်းများရှိ တပ်ဖွဲ့ဝင်များက စစ်ဆေးရေး အဖွဲ့ ၁၄ ဖွဲ့ဖြင့် ဆောင်ရွက်ကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုကြသည်။

ထို့ပြင် သပြေ(၄)လူပျိုဆောင်နှင့် သဇင်(၃) အပျိုဆောင်တို့တွင် Kitchen Fire၊ Gas Fireနှင့် ဆီမီးလောင်မှုဖြစ်ပွားပါက စနစ်တကျမီးငြိမ်းသတ်ရေးအတွက် မီးဘေးလုံခြုံရေး ဟောပြောခြင်း၊ မီးသတ်ဆေးဘူး အသုံးပြုခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းများ ဆောင်ရွက်ရာ ဝန်ထမ်းများကိုယ်တိုင် လက်တွေ့ပါဝင်ဆောင်ရွက်ကြသည်။(အောက်ပုံ)

**အောင်မျိုး**





ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သတင်းအချက်အလက်များကို ကောင်းစွာသိရှိပြီး သတင်းအမှန်များ သိရှိစေရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ သတင်းစကား လက်ကမ်းစာစောင်များကို ဖေဖော်ဝါရီ ၂၅ ရက်က ပုဗ္ဗသီရိမြို့နယ်ရှိ ရပ်ကွက်များတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် အခမဲ့ဖြန့်ဝေပေးစဉ်။

သန်းသန်းနွယ်(ပုဗ္ဗ)

## ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ငွေကျပ်သိန်း ၇၁၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၃ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း ၇၁၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၃ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် မကျီးရေကျေးရွာအနီးတွင် ရပ်စောက်မှ နောင်ချိုဘက်သို့ စိုင်းယီလှိုင်းမောင်းနှင်လာသည့် TOYOTA HIACE မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၇၁၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၃ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

❍ *ကျောဖုံးမှ*

တန်ဖိုးငွေကျပ် ၃၉၅၉၂၈၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Plastic Packing Foil Printed For Soft Drink ကီလိုဂရမ် ၃၅၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၈၃၇၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၄၃၆၂၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်- မန္တလေးလမ်းကြောင်း၊ ကျောက်ဆည် မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထွက် ကြက်သွန်ဖြူ ကီလိုဂရမ် ၂၇၅၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၄၀၀၀၀၀၀) နှင့် အဆိုပါ ကြက်သွန်ဖြူများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးနှင့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မန္တလေးမြို့အဝင် မြစ်ငယ်တိုးဂိတ်၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် Fashion ပါဆယ်အိတ် ကီလိုဂရမ် ၉၉၆၀၊ Polyester Cotton Fabric ၆၅၃ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆၃၀၆၈၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီးနှင့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၃၀၆၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောင်မင်္ဂလာ အဝေးပြေးကားဝင်း၊ ရွှေတောင်ရိုးကားဂိတ်နှင့် ကားဝင်းအတွင်း ဝင်ရောက်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Sir Edward's ဝီစကီ ၄၀၈ ပုလင်း၊ Ostonil Tablets အရိုးအကြောဆေးဘူး ၁၅၀၊ Napoli စီးကရက် အတောင့် ၅၀၀၊ Lactasoy ပဲနို့ ဘူး ၁၄၀၄၀ အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၁၅၂၈၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၀၀၀၀၀၀) ကို လည်းကောင်း၊ ရွှေပြည်သာမြို့နယ် (၁) ရပ်ကွက်ရှိ ဂိုဒေါင်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Maximus Beer ၁၈၉၆ ဘူး အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၅၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၁၀၂၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၅၈၄၅၈၈၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။**သတင်းစဉ်**

# ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၃) တွင် ကိန်း၏ သွင်းဂိုးများဖြင့် လိုက်ပ်ဇစ်ကို ဘိုင်ယန်မြူးနစ် အနိုင်ရ

ဖေဖော်ဝါရီ ၂၅ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၃) မှ ဘိုင်ယန်မြူးနစ်နှင့် လိုက်ပ်ဇစ်အသင်း ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက ကိန်း၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဦးဆောင်သူ လေဗာကူဆင်အသင်းကို ဖိအားပေးနိုင်ခဲ့သည်။

လိုက်ပ်ဇစ်အသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် ဘိုင်ယန်မြူးနစ်အသင်းသည် မိနစ် ၅၀ ကျော်အထိ သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။ သို့သော်လည်း ပွဲချိန် ၅၆ မိနစ်တွင် အသင်း အဓိက တိုက်စစ်ကစားသမား ဟယ်ရီကိန်းက မူစီရယ်လာ၏ ဖန်တီးမှုမှ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ထို့နောက် လိုက်ပ်ဇစ်အသင်းကလည်း ချေပဂိုးရရှိရေးကြိုးစားလာခဲ့ရာ မိနစ် ၇၀ တွင် ရရှိခဲ့ပြီး ဆက်ခိုက သွင်းယူနိုင်ခဲ့သည်။ တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးရန် နီးစပ်ခဲ့သော်လည်း ဘိုင်ယန်မြူးနစ် တိုက်စစ်ကစားသမား ကိန်းက နာကျင်အချိန်ပိုတွင် အသင်းအတွက် အရေးပါသည့် အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုအနိုင်ပွဲကြောင့် ဘိုင်ယန်မြူးနစ်အသင်းသည် ၂၃ ပွဲကစားပြီး ၅၃ မှတ်ဖြင့် လေဗာကူဆင်ကို ဒုတိယနေရာမှ ဆက်လက်ဖိအားပေးလျက်ရှိသည်။





# ကာတာအိုးပင်းအမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် မန်းဆစ်ခ်ကို အနိုင်ယူပြီး ခါချာနော့ဗ် ဗိုလ်စွဲ

ကာတာအိုးပင်းအမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရုရှားမှ ကာရင်ခါချာနော့ဗ်က ချက်တင်းနစ်ကစားသမား မန်းဆစ်ခ်ကို အနိုင်ယူပြီး ၎င်း၏ ခြောက်ကြိမ်မြောက် ATP Tour ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် (၁၇) ရှိ အသက် ၂၇ နှစ်အရွယ် ရုရှားတင်းနစ်ကစားသမား ခါချာနော့ဗ်သည် ပြိုင်ဘက်ကို ၇-၆ (၁၄-၁၂)၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။ ချက်ဇ် တင်းနစ်ကစားသမား မန်းဆစ်ခ် (၁၈နှစ်) သည် ကာတာအိုးပင်းဗိုလ်လုပွဲသို့ တက်လှမ်းနိုင်သည့် ပထမဆုံး ဆယ်ကျော်သက်တင်းနစ်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ခါချာနော့ဗ်သည် ကာတာအိုးပင်း ဆီမီးဖိုင်နယ်တွင် ဩစတြေးလျတင်းနစ်ကစားသမား ကိုပေါ့ပရင်နှင့် တွေ့ဆုံခဲ့ပြီး ၇-၆ (၁၄-၁၂)၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်း ဖြစ်သည်။

ပြိုင်ဘက်တင်းနစ်ကစားသမား မန်းဆစ်ခ်က ပြင်သစ်တင်းနစ်ကစားသမား မန်းဖီးလ်နှင့် တွေ့ဆုံခဲ့ပြီး ၆-၄၊ ၁-၆၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်း ဖြစ်သည်။

Emirates FA CUP

| အက်ဖ်အေဖလားပဉ္စမအဆင့် |
|---|
| ၂၇-၂-၂၀၂၄ |
| အင်္ဂါနေ့ နံနက် |
| ကိုဗင်ထရီ - မိတ်စတုန်း |
| ၂၈-၂-၂၀၂၄ |
| ဗုဒ္ဓဟူးနေ့ နံနက် |
| ဘုန်းမောက် - လက်စတာ |
| ဘလက်ဘန်း - ကာဆယ် |
| လူတန် - မန်စီးတီး |
| ၂၉-၂-၂၀၂၄ |
| ကြာသပတေးနေ့ နံနက် |
| ချယ်ဆီး - လိဒ်စ် |
| နော်တင်ဟမ် - မန်ယူ |
| ဝုဖ် - ဘရိုက်တန် |
| လီဗာပူး - ဆောက်သမ်တန် |

**ယခုတစ်ပတ် ဖေဖော်ဝါရီ ၂၇ ရက်၊ ဖေဖော်ဝါရီ ၂၈ ရက်နဲ့ ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းမှာ အက်ဖ်အေဖလား ပြိုင်ပွဲ ပဉ္စမအဆင့်ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ပဉ္စမအဆင့်မှာ ဘုန်းမောက်က လက်စတာ၊ လူတန်က မန်စီးတီး၊ ချယ်ဆီးက လိဒ်စ်၊ နော်တင်ဟမ်က မန်ယူ၊ လီဗာပူးနဲ့ ဆောက်သမ်တန် စတဲ့အသင်းတွေ ပါဝင်တာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။**



# အက်ဖ်အေဖလားပြိုင်ပွဲ ပဉ္စမအဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

## ချယ်ဆီး VS လိဒ်စ်

| အက်ဖ်အေနောက်ဆုံးသုံးပွဲရလဒ် | အက်ဖ်အေနောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| ချယ်ဆီး ၄ - ၀ ပရက်စတန် | ပီတာဘရော့ ၀ - ၃ လိဒ်စ် |
| ချယ်ဆီး ၀ - ၀ ဗီလာ | လိဒ်စ် ၁ - ၁ ပလိုင်းမောက် |
| ဗီလာ ၁ - ၃ ချယ်ဆီး | ပလိုင်းမောက် ၁ - ၄ လိဒ်စ် |

ပုံမှန်ခြေစွမ်းပြန်ရဖို့ ရုန်းကန်နေရတဲ့ ချယ်ဆီးက ချန်ပီယံရှစ်မှာ ပုံစံကောင်းရရှိနေတဲ့ လိဒ်စ်နဲ့ တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ ချယ်ဆီးက ခံစစ်ပိုင်းဆိုးရွားပြီး ပြိုင်ဘက်လိဒ်စ်က တိုက်စစ်ပိုင်း အားကောင်းတယ်။ ချယ်ဆီးအသင်း မမျှော်လင့်ဘဲ ရှုံးနိမ့်သွားနိုင်တယ်။

## နော်တင်ဟမ် VS မန်ယူ

| အက်ဖ်အေနောက်ဆုံးသုံးပွဲရလဒ် | အက်ဖ်အေနောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| ဘလက်ပူး ၂ - ၃ နော်တင်ဟမ် | မန်စီးတီး ၂ - ၁ မန်ယူ |
| ဘရစ္စတိုး ၀ - ၀ နော်တင်ဟမ် | ဝီဂန် ၀ - ၂ မန်ယူ |
| နော်တင်ဟမ် ၁ - ၁ ဘရစ္စတိုး | နယူးပို့သ် ၂ - ၄ မန်ယူ |

နော်တင်ဟမ်နဲ့ မန်ယူအသင်းတို့ နောက်ဆုံးအကြိမ်ထိပ်တိုက်တွေ့ဆုံမှုမှာ နော်တင်ဟမ်က အနိုင်ရရှိထားတယ်။ သို့သော်ငြား မန်ယူက နောက်ပိုင်းပွဲစဉ်တွေမှာ ပုံမှန်ခြေစွမ်းပြသထားနိုင်ပြီး ပြိုင်ဘက်နော်တင်ဟမ်က ပုံမှန်ခြေစွမ်းပျောက်ဆုံးနေတာ တွေ့ရတယ်။ နော်တင်ဟမ်ထက် မန်ယူနိုင်ဖွယ်ရာရှိတယ်။

## ဘုန်းမောက် VS လက်စတာ

| အက်ဖ်အေနောက်ဆုံးသုံးပွဲရလဒ် | အက်ဖ်အေနောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| ဘုန်းမောက် ၂ - ၄ ဘန်လေ | လက်စတာ ၁ - ၂ ဘလက်ဘန်း |
| ကျူပီအာ ၂ - ၃ ဘုန်းမောက် | မီဝေါ ၂ - ၃ လက်စတာ |
| ဘုန်းမောက် ၅ - ၀ ဆွမ်ဆီး | လက်စတာ ၃ - ၀ ဘာမင်ဂမ် |

ဘုန်းမောက်က ခြေစွမ်းမဆိုးဘူးဆိုပေမယ့် တိုက်စစ်၊ ခံစစ် အကောင်းဆုံးပုံစံမှာရှိတဲ့ လက်စတာကို အနိုင်ရဖို့ ခက်ခက်ခဲခဲ ကစားရဖွယ်ရှိတယ်။ နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာ ဘုန်းမောက်က အသာရထားတယ်။ သို့သော်လည်း ယခုအကြိမ်တွေ့ဆုံမှုမှာ ဘုန်းမောက်ထက် လက်စတာ နိုင်ပွဲရဖွယ်ရှိတယ်။

## လူတန် VS မန်စီးတီး

| အက်ဖ်အေနောက်ဆုံးသုံးပွဲရလဒ် | အက်ဖ်အေနောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| လူတန် ၀ - ၀ ဘောလ်တန် | မန်စီးတီး ၂ - ၁ မန်ယူ |
| ဘောလ်တန် ၁ - ၂ လူတန် | မန်စီးတီး ၅ - ၀ ဟက်ဒါဖီးလ် |
| အဲဗာတန် ၁ - ၂ လူတန် | စပါး ၀ - ၁ မန်စီးတီး |

လူတန်က အိမ်ကွင်းမှာ ကစားရသော်ငြား ခြေစွမ်းကွာဟမှုရှိတဲ့ မန်စီးတီးကို အသာရဖို့ မလွယ်ဘူး။ မန်စီးတီးအသင်းက လူစုံထုတ်လာဖွယ်မရှိတောင် လူတန်ကို အနိုင်ယူကျော်ဖြတ်နိုင်စွမ်းရှိတယ်။ လူတန်အသင်းအနေနဲ့ တိုက်စစ်အဆုံးသတ်ပိုင်းသေချာခဲ့ရင် မန်စီးတီးကို အမြင့်ဆုံး သရေသာရမယ်။

## လီဗာပူး VS ဆောက်သမ်တန်

| အက်ဖ်အေနောက်ဆုံးသုံးပွဲရလဒ် | အက်ဖ်အေနောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| ဘရိုက်တန် ၂ - ၁ လီဗာပူး | ဆောက်သမ်တန် ၄-၀ ဝါဆော |
| အာဆင်နယ် ၀ - ၂ လီဗာပူး | ဝက်ဖို့ဒ် ၁-၁ ဆောက်သမ်တန် |
| လီဗာပူး ၅ - ၂ နော့ဝှစ်ချ် | ဆောက်သမ်တန် ၃-၀ ဝက်ဖို့ဒ် |

တိုက်စစ်ပိုင်းထက်မြက်တဲ့ အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ပြီး အကြိတ်အနယ်ရှိလာမှာပါ။ ဒီနှစ်သင်းတွေ့ဆုံတိုင်း အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရလေ့ရှိတယ်။ သို့သော်ငြား ဆောက်သမ်တန်အသင်းထက် လီဗာပူး နိုင်မယ်။

■ မိုးဇက် - စုစည်းသည်

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


### ပညာရေးဝန်ကြီးဌာန
### အခြေခံပညာဦးစီးဌာန
### အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများ အားလုံး အလယ်တန်းဆင့်(Grade 9)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၁) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း (၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄)ခရိုင်၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (၃၄) ကျောင်း ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အဆိုပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာ အထက်တန်းဆင့်၊ (၂) စက်မှုနည်းပညာ၊ (၃) စိုက်ပျိုးရေးအတတ်ပညာ၊ (၄) မွေးမြူရေးအတတ်ပညာ စသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။



**(၁) အခြေခံပညာအထက်တန်းဆင့်**

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသော ဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

**(၂) စက်မှုနည်းပညာ**

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်း နည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများမှာ အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ(AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရ နည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည်ဖြစ်ပါသည်။

**(၃) စိုက်ပျိုးရေးအတတ်ပညာ**

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science) (၅)နှစ်သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agri-culture) (၃)နှစ်သင်တန်းနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်)သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) သင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ် ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

**(၄) မွေးမြူရေး အတတ်ပညာ**

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ်သင်တန်းများကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

အဆင့်မီ(Qualitfied)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ(Diploma in Animal Husbandry) (၃)နှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ(Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့် သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်မံတိုးဖွင့်လှစ်မည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်းတည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက-ဒုတ္တန် |
| ၂ | တနင်္သာရီ | ၂ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂) ကော့သောင်း |
| ၃ | ပဲခူး(အရှေ့) | ၃ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက-ပဲနွယ်ကုန်း |
| ၄ | ပဲခူး(အနောက်) | ၄ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက-သဲကုန်း |

စာမျက်နှာ ၂၄ သို့

စာမျက်နှာ ၂၃ မှ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံးစိုက်ရာမြို့ | ကျောင်းတည်ရှိရာမြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၅ | မကွေး | ၅ | ချောက် | ချောက် | ချောက် | အထက–ငွေးချို |
| ၆ | မန္တလေး | ၆ | မဟာအောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၇ | အမရပူရ | အမရပူရ | အမရပူရ | အထက–ပလစ(၂) |
| | | ၈ | တံတားဦး | တံတားဦး | တံတားဦး | အထက–တံတားဦး |
| | | ၉ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| | | ၁၀ | ပြင်ဦးလွင် | ပြင်ဦးလွင် | ပြင်ဦးလွင် | အထက(ခွဲ) အလက–၁ |
| ၇ | မွန် | ၁၁ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက–ရွာလွတ်၊ ချောင်းဆုံ |
| | | ၁၂ | ကျိုက်ထို | ကျိုက်ထို | ကျိုက်ထို | အထက(၂) |
| ၈ | ရခိုင် | ၁၃ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၄ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၉ | ရန်ကုန် | ၁၅ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၆ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက – တိုက်ကြီး |
| | | ၁၇ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၈ | သဃ်န်းကျွန်း | သဃ်န်းကျွန်း | သဃ်န်းကျွန်း | အထက–သုဝဏ္ဏ |
| | | ၁၉ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၀ | သန်လျင် | သန်လျင် | သန်လျင် | အထက – ဖားကူး |
| | | ၂၁ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |
| ၁၀ | ရှမ်း(တောင်) | ၂၂ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၃ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁) ပင်လုံ |
| | | ၂၄ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတပ် |
| | | ၂၅ | လင်းခေး | လင်းခေး | လင်းခေး | အထက (ဝမ်ဟတ်) |
| ၁၁ | ရှမ်း(ရှေ့) | ၂၆ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၇ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက–နားကောင်းမူး |
| | | ၂၈ | မိုင်းယောင်း | မိုင်းယောင်း | မိုင်းယောင်း | အလက (တပ်တွင်း) |
| ၁၂ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂) ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက–နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက–ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၃ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက–ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက–MRTV |

## မင်းလှမြို့တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

မင်းလှ ဖေဖော်ဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျန်းမာရေးဦးစီးဌာနက အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေး စောင့်ရှောက်မှုများပြုလုပ်ပေးခြင်းကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ လှဝင်းဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသမှုပေးခြင်းနှင့် ဆေးဝါးများ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၈၁ ဦးကို ဆေးကုသမှုဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသမှုပေးခြင်းနှင့် ဆေးဝါးများအခမဲ့ဖြန့်ဝေပေးခြင်းများကို လစဉ် ဆေးကုသမှုဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ရွှေစီမံကိန်းရှိ SHWE Phase 3 Development Project အရ Environmental Impact Assessment Survey လုပ်ငန်းများအား MV. JENNY ဖြင့်ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၁၁.၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၁ မိနစ် ၃၁.၈၆ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၄၀.၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၃၃.၄၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၅၂.၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၁၅.၂၁ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၃.၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၀.၁၉ စက္ကန့်တို့အတွင်းတွင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရွှေစီမံကိန်းရှိ SHWE Phase 3 Development Project အရ Environmental Impact Assessment Survey လုပ်ငန်းများအား MV.JENNY ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

"အဂတိပယ်ရှား ပြည်သာယာ"
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓါတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေရှုတ်ချစေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ် (၁၄၄)၊
ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၅၊ ၀၆၇-၈၁၀၃၃၃၃၊
Email Address – accm@accm.gov.mm ၊
Website Address – http://www.accm.gov.mm

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊အကွက်အမှတ် ဆဆ-၅၊ ဦးပိုင်အမှတ်(၈၂)၅၅x ၅၆လမ်းကြား၊ အောင်ဇေယျX အောင်ဆန်းလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နွယ်ရီစိန်၏(SP ရရှိသူ ဦးနိုင်ဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၀၀၁/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းမင်းဆန်း ၉/မရမ(နိုင်)၀၀၄၁၀၆ က အမှုတွဲအမှတ် ၇၃၉၃/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊အကွက်အမှတ် ဂဂ-၂၊ ဦးပိုင်အမှတ်(၆၅-က)၅၈x ၅၉လမ်း၊ ၁၀၃X ၁၀၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အောင်မမ၏(GP ရရှိသူ ဦးကျော်ဝင်းသန်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တင်တင်အေး ၉/မနတ(နိုင်)၀၁၁၅၈၁ ကအမှုတွဲအမှတ် ၇၃၉၅/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်င-၂၊ ဦးပိုင်အမှတ်(၁၄၄)၊ ၆၃လမ်း၊ ၁၀၇x၁၀၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဇာခြည်အေး၏(S.Pရရှိသူ ဒေါ်သန်းသန်းအေး)ထံမှ မှတ်ပုံ တင်အရောင်းအဝယ်စာချုပ်အမှတ်(၄၂၈၈/၂၀၂၃)ဖြင့်ဝယ်ယူခဲ့သူ ဦးဌေးနိုင်ထွန်း (ခ)ဦးထင်လင်းအောင် ၉/မရမ(နိုင်)၀၃၅၆၄၄က အမှုတွဲအမှတ် ၇၃၉၁/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၉/၆က)၊ ဦးပိုင်အမှတ်(၅/၂)၊ မြေဧရိယာ(၀ဒသမ၂၂၄)ဧကရှိ မြေကွက်သည် မူလက ဦးဆိုင်းဆင်ဝါးနော်အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၄၀(၃)၂၀၀၁-၂၀၀၂ အရ (၁၄-၁-၂၀၁၆)ရက်ထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန် အမည်ပေါက်သူ ဦးဆိုင်းဆင်ဝါးနော် (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးငြိမ်းဦးကို)က (၈-၁၂-၂၀၂၃) ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၅၆၄/၂၀၂၃) အရ မူလမြေဧရိယာ(၀ဒသမ၂၂၄)ဧကအနက်မှ အရှေ့ဘက်ခြမ်းဧရိယာ(၀ဒသမ၀၇၄)ဧကရှိ မြေကွက်အား ဦးပိုင်ခွဲစိတ်၍ ဒေါ်နန်းအေးကြည် ၁/မကန(နိုင်) ၀၀၀၈၈၂၊ ဒေါ်အေးအေးမြင့် ၁/မကန(နိုင်) ၁၁၃၀၈၂(၂)ဦးထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်နန်းအေးကြည်ပါ (၂)ဦးအမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦး စီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြစ်ကြီးနားမြို့**

## ၉-၂-၂၀၂၄ရက် ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃၀-ပါ ဦးကိုကိုနိုင် ၉/ ဝတန(နိုင်) ၁၀၂၃၈၅၏ လွှဲအပ်ညွှန်ကြားချက်ဖြင့် အထက်တန်းရှေ့နေ ဦးမြင့် ထွန်း (စဥ်-၄၉၅၇၅)၏ အိမ်ခြံမြေ အရောင်းအဝယ်ကို ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ပါရည်ညွှန်းထားသည့် သတင်းစာကြော်ငြာတွင်ပါရှိသော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ကြိုးကြာလမ်း၊ အမှတ်(၂၃၆/၂)၊ ဧရိယာ(၅၆.၄'x၃၀')ရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမွေဆက်ခံသူများဖြစ်သော ဒေါ်သန်းသန်းဦး ၁၂/ဥကတ(နိုင်) ၁၀၁၆၄၂၊ ဒေါ်ချိုဆန်းအေး ၁၂/ဥကတ(နိုင်) ၀၈၆၈ ၈၀၊ ဦးသန်းထွန်း ၁၂/ဥကတ(နိုင်) ၁၀၁၆၆၀တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက (၁၆-၉-၂၀၂၃) ရက်တွင် စရန်ငွေ ပေးချေထားခဲ့ပြီး ဝယ်ယူရန် စီစဉ်ထားခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ စရန်ငွေပေးပြီး နောက်ရောင်းသူများမှ ၎င်းတို့ရောင်းချသည့် ခြံမြေနှင့် ပတ်သက်သော အရောင်းမြေပုံကူးခြင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းများပြုလုပ်နေဆဲ ကာလတွင် ကျွန်ုပ်၏မိတ်ဆွေမှ ငွေကျပ်သိန်း (၅၀၀)ကို ထပ်မံလက်ခံပေးပါရန် ပြောဆိုညှိနှိုင်းထားမှုအပေါ် တစ်စုံတစ်ရာ ဖျက် သိမ်းမှုမပြုဘဲ စရန်ငွေပေးအပ်ထားသည့်စာချုပ်ကို လည်းဖျက်သိမ်းခြင်းမရှိဘဲ ယခုဝယ်ယူစရန်ငွေပေးသူ ဦးကိုကိုနိုင်ထံလွှဲပြောင်း ရောင်းချရန် စရန်ငွေရယူ ပြီး ကြောင်းကြော်ငြာထည့်သွင်းသည်ကို တွေ့ရှိရသည့်အတွက် ယခုအရောင်းအဝယ်ပြုလုပ်ရန် စရန်ငွေရယူထားသည့် ခြံမြေကွက်နှင့်ပတ်သက်၍ စရန်ငွေပေးချေထားသူ ကျွန်ုပ်၏မိတ်ဆွေမှ ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်များအရ-** |
| **ဦးအောင်မြသူ(ခ)ဦးမင်းသက္က** | **ဒေါ်နန့်ရှုဂေးခလိန်(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဥ်-၈၀၃၅/၁၂)** |
| | **အမှတ်(၁၀၃)၊ သဒ္ဒါရုံလမ်း၊ (၄၇)ရပ်ကွက်၊** |
| | **ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊** |
| | **ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၆၁၃၅၄** |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်(၁-၄-၂၀၂၄ မှ ၃၁-၃-၂၀၂၅ ရက်နေ့အထိ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနရှိ အောက်ပါကျန်ရှိသည့် အရပ်ရပ်အခွင့်အရေးလိုင်စင်(၁)ခု၏ လုပ်ပိုင်ခွင့်များအား ဈေးပြိုင်စနစ်ဖြင့် ဒုတိယအကြိမ် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

| စဉ် | လိုင်စင်အမည် | အာမခံငွေ(ကျပ်) |
|---|---|---|
| (က) | သာဝတ္တိနွားပွဲဈေးဝင်ကြေးကောက် | ၁၂၅၀၀၀၀၀/- |

၂။ ဈေးပြိုင်စနစ်ဖြင့် ဒုတိယအကြိမ် လေလံတင်ရောင်းချခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | နေ့ရက် | ။ | ၁-၃-၂၀၂၄ရက် (သောကြာနေ့) |
| (ခ) | အချိန် | ။ | နံနက် ၁၀နာရီ |
| (ဂ) | နေရာ | ။ | ဈေးများဌာနအစည်းအဝေးခန်းမ၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ။ |
| (ဃ) | လျှောက်လွှာပိတ်မည့်ရက် | ။ | ၂၈-၂-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃:၃၀နာရီ |

၃။ လေလံလျှောက်လွှာနှင့် စည်းကမ်းချက်များကို နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနတွင် ရုံးချိန်အတွင်း အခမဲ့ရယူလျှောက်ထားနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံး ချိန်အတွင်း တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ရောင်းမည်

သစ်လုံးခွဲရန် Band Saw စက်နှင့်

Moulding Machine သစ်အချောထည်

စက်များရောင်းရန်ရှိသည်။

ဆက်သွယ်ရန်ဖုန်း-

09 400300900 , 09 400900300

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀)၊မြေကွက်အမှတ် (၁၃၈၃/က)၊ သတိပဋ္ဌာန်လမ်း၊အကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ ၁၂၀၀ စတုရန်းပေရှိ ဦးတင်လှိုင် ၁၂/ဗဟန(နိုင်)၀၀၉၅၇၉ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစန်းနိုင် ၁၂/ လကန(နိုင်)၀၇၀၃၃၁မှ ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက် လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဥ်-၂၆၄၀၉)** |

**အမှတ် (၈၂၈/က)၊ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊၀၉-၇၉၇၆၄၀၆၁၆၊၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(RA-III/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၇၇-ဇ)၊ မြေဧရိယာ ၀ဒသမ၄၅ဧကအနက်မှ မြေဧရိယာ ၀.၀၉၃ဧကရှိ မြေအား ဦးပိုအေး ၉/မမန(နိုင်)၀၃၅၁၈၂ မှ ဦးပိုင်ခွဲ/မြေငှားဂရန်အမည်ပြောင်း/သက်တမ်းတိုးရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ် (၅/၆က)၊ ဦးပိုင်အမှတ်(၅/၂)၊ မြေဧရိယာ(၀ဒသမ၂၂၄)ဧကရှိ မြေကွက်သည် မူလက ဦးဆိုင်းဆင်ဝါးနော်အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၄၀(၃)၂၀၀၁-၂၀၀၂ အရ (၁၄-၁-၂၀၁၆)ရက်ထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန် အမည်ပေါက်သူ ဦးဆိုင်းဆင်ဝါးနော် (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးငြိမ်းဦးကို)က (၁၃-၁၂-၂၀၂၃)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် (၅၇၃/၂၀၂၃) အရ မူလမြေဧရိယာ(၀ဒသမ၂၂၄)ဧကအနက်မှ အနောက် ဘက်ခြမ်းဧရိယာ (၀ဒသမ၁၅၀)ဧကရှိ မြေကွက်အား ဦးပိုင်ခွဲစိတ်၍ ဦးစံအေး ၁၃/နဆန(နိုင်) ၀၀၈၄၁၉ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးစံအေးအမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာ စာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့် ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦး စီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊မြစ်ကြီးနားမြို့၊ရန်ကြီးအောင်ရပ်ကွက်၊ကွင်းအမှတ်(၁၃/၁-ဂ)၊ ဦးပိုင်အမှတ်(၅၇/၂)၊ မြေဧရိယာ (၀.၁၄၄)ဧကရှိ မြေကွက်သည် မူလက ဦးလှမြင့်အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၄၁၉/၁၉၉၀-၁၉၉၁အရ (၃၀-၆-၂၀၂၀)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည် ပေါက်သူဦးလှမြင့်(၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူဦးရာဗီး)က(၈-၁၂-၂၀၂၃)ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၅၆၀/၂၀၂၃) အရ ဦးစိုင်းဝဏ္ဏ ၁/မကတ(နိုင်)၀၆၉၇၃၁ထံသို့အပြီး အပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးစိုင်းဝဏ္ဏအမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက် ထားလာမှုအပေါ်ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှ စ၍(၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါကလျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ လူနေရပ်ကွက်အမှတ် -ရတနပုံအိမ်ရာစီမံကိန်း၊ နဝရတ်လမ်းမနှင့် ရတနာပုံ(၅)လမ်းထောင့်၊ မြေကွက်အမှတ်(၃၇၀+၃၇၁(ခ)၊ အကျယ်အဝန်း(၅၃ဒသမ၆)ပေx၆၇ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက် ပေါ်တွင်ဆောက်လုပ်ထားသော နှစ်ထပ်အာစီလုံးချင်းနေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာန(မြို့မြေစာရင်း)တွင် အမည်ပေါက်ပိုင်ဆိုင်သူ ဗိုလ်မှူးကံလှ(ငြိမ်း) ၇/ပခန(နိုင်) ၁၉၃၉၀၁က အရှုပ်အရှင်းကင်းရှင်း၍ မိမိကသာလွှဲ ပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးကျော်မင်းစိုး ၇/ပခန(နိုင်) ၂၃၄၇၉၁ နှင့်ဒေါ်စုစုချို ၆/ထဝန (နိုင်) ၀၆၉၇၇၆တို့က AYA Bank (Home Loan)ဖြင့် အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း ) ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ထက်ထက်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၈၆၈၈)**
**အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း -၀၉-၇၉၀၁၄၄၅၂၇**

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေတန်ခူးကိုကို ၈/မကန(နိုင်)၂၁၇၇၅၆နှင့် ဗိုလ်ကြီးဆန်းလင်း၊ကိုယ်ပိုင်အမှတ်-(ကြည်း)၆၆၅၂၃၊ ၉/ညဥန(နိုင်)၁၆၇၇၀၀(ဘ)ဦးတင်လှတို့သည် လွန်ခဲ့သော(၅-၃-၂၀၁၆)ရက်တွင် တရားဝင်လက်ထပ်ထိမ်းမြားပြီး ပေါင်းသင်းနေထိုင်ခဲ့ကြရာမှ သားသမီးနှစ်ဦးထွန်းကားခဲ့ပါသည်။ သို့သော်ယခုအခါတွင် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားခြင်း မတိုက်ဆိုင်သည့်အပြင် ဆက်လက်ပေါင်းသင်းရန်လည်းမဖြစ်နိုင်တော့သည့်အတွက်ကြောင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်းကို(၁၀-၁၁-၂၀၂၃)ရက်၌ အသိသက်သေများနှင့်အတူ တောင်ကြီးမြို့၊ ရှမ်းပြည်နယ် တရားလွှတ်တော် မှတ်ပုံတင်ဌာနတွင် နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေတန်ခူးကိုကိုမှ နောက်နောင်ဗိုလ်ကြီးဆန်းလင်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်မေတန်ခူးကိုကို၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၆၈၃)**
**အမှတ်-(၄၄)၊သဇင်လမ်း၊ကျောက်ကုန်းရပ်၊မကွေးမြို့။**

## အမှားပြင်ဆင်ချက်

၄-၁၂-၂၀၂၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ(စာမျက်နှာ- ၃၁)ပါ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာတွင် ဒေါ်သန်းသန်းဆင့်၏သမီး မယုဝါလှိုင် ၇/ ပတန(နိုင်) ၁၁၀၄၃၁ သည် ဖခင်ကြီးအား အမျိုးမျိုးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သောကြောင့် စာသားနေရာ၌ မိခင်ကြီးအား အမျိုးမျိုးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ မင်းကုန်းရပ်ကွက်၊ အကွက်အမှတ်(၂၇)၊ မင်းကုန်းရပ် ၊ ဦးပိုင်အမှတ်(၁၆၈)၊ ဧရိယာ(၀ဒသမ၀၆၅)ဧကရှိ မြေကွက်အမည်ပေါက်သူ ဦးကိုကိုလေး၏အမည်မှ ဦးအော်ဂျာဆီလာ ၇/ကတခ(နိုင်) ၀၇၅၃၃၁အမည်သို့ အမည်ပြောင်းမြေငှားဂရန်အသစ်လျှောက် ထားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း။

**ဦးအော်ဂျာဆီလာ၊**
**မင်းကုန်းရပ်**
**ဗန်းမော်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/44632, TVS NEOXBCW-110 , M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိသဥ္ဇာကို ၈/ ပခက(နိုင်)၂၈၃၃၉၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17W/84606, Jialing-90 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ထွန်း ၁၃/လရန(နိုင်) ၂၁၇၈၆၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6M/5395, Mazda Titan SYF 6T,Light Truck (4X2)ယာဉ်လက်ဝယ်ရှိသူ Unique Asia Top Co.,Ltd, က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2M/4576, HONDA FIT GP1,HATCH Back (4X2)R ယာဉ်လက်ဝယ်ရှိသူဦးတိုက်ထွန်းအောင် ၅/ဒပယ(နိုင်)၀၉၇၆၆၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၈၄၉၈၂, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Prince Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 33W/34643 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညနခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/2961, Honda Fit GE6 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဘုံ ၁၃/ကလန(နိုင်) ၁၀၂၂၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက် ထား လာ ပါ သ ည် ။ ကန့်ကွက်လိုပါက ခိုင်လုံသော အ ထော က် အ ထား များ ဖြ င့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(မိတ္ထီလာမြို့)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ကိရိယာများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**Digital Multifunction Copier** (၂၁)လုံး

- c/wOne Tube of Toner Standard Duplexing 2 x 550 Shts Universal Cassette, 1 x 100 Shts Stack Bypass STD: 2 GB Memory (30GB EMMC), 7 inch TFT LCD WVGA Color Touch Panel 600 x 600 dpi Copy/Scan Resolution & 1200 x 1200 dpi Printing Resolution Specification Network print controller (UFR II LT) Supports – PCL printer driver, 9999 copies– Windows 2000/10/ Server 2003/ Vista/ Server 2008/Win7/Mac OSX (10.4.9 or later) (Standard Feature: Copier, Printer, Scanner, Ethernet Network & Remote UI, Scan to E mail, Wireless, Mobile Print) (25 PPM, 25–400% Zoom, A3 Size)

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား တင်ဒါတင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏တရားဝင် ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။ တရားဝင်ဝယ်ယူထားသူများ၏ မူရင်း အဆိုပြုလွှာပုံစံများကိုသာ လက်ခံပါမည်။

၃။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံအား တစ်စုံလျှင် ၁၀၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) ဖြင့် ၂၀-၂-၂၀၂၄ ရက်မှ ၄-၃-၂၀၂၄ ရက်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂) တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ် (၂၂)ရှိ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ ၄-၃-၂၀၂၄ရက်၊ ညနေ ၁၆:၀၀ နာရီ နောက်ဆုံးထားပြီး လာရောက်တင်သွင်းရန်နှင့် သတ်မှတ်ကာလ ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၄၂၃၄၊ ၀၆၇-၃၄၀၄၃၁၁ နှင့် ၀၆၇-၃၄၀၄၃၀၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်မ မမြရည်နန္ဒာအောင် (ဘ) ဦးအောင်ကိုကို ၁၂/ဗဟန(နိုင်)၀၉၇၀၉၄ မှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၀၁၃ခုနှစ် ဇူလိုင်လ ၈ ရက်နေ့စွဲပါ မှတ်ပုံတင်နံပါတ် ၁၁၂၇၉ ဖြင့် ဦးမိုးကျော်စိုး (ဘ)ဦးအေးကြူ ၁၂/သဃက(နိုင်) ၀၅၅၉၅၅သို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ၂၃-၂-၂၀၂၄ ရက်မှ အပြီးအပိုင် ရုပ်သိမ်းလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြရည်နန္ဒာအောင် (ဘ) ဦးအောင်ကိုကို ၁၂/ဗဟန(နိုင်)၀၉၇၀၉၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ရပ်ကွက်၊ အကွက်အမှတ်(ဇ-၃)၊ ဦးပိုင်အမှတ် (၅၇)/လမ်း၆၀၊ ၁၁၁x၁၁၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခင်ပွန်း ဦးအရွတ်ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ခင်သူဇာ ၉/မခန(နိုင်)၀၀၁၅၄၃ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက် ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(RA-V/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၁၈-ဇ)၊ မြေရိယာ ၀ ဒသမ ၂၃ ဧကရှိမြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးဝဏ္ဏလင်းထွဋ် ၉/မရမ (နိုင်)၀၄၆၄၇၈ နှင့်ဒေါ်နီလာဝင်း ၉/မရမ(နိုင်)၀၅၃၀၂၃တို့ မှဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ ကွင်း/အကွက်အမှတ်(၆/၂၊ နန္ဒဝန်)၊ ဦးပိုင်အမှတ်(၁၀)၊ မြေရိယာ ၀ ဒသမ ၅၀၁ ဧကရှိမြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ခင်စိုးမိုမို ၁၂/ရကန(နိုင်)၀၂၁၁၆၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၂၄ ခုနှစ် မတ်လ ၂ ရက်(တောင်သူလယ်သမားနေ့)၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၄ရက် (တပေါင်းလပြည့်နေ့)နှင့် ၂၀၂၄ခုနှစ် မတ်လ ၂၇ ရက်(တပ်မတော်နေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## စိတ်ပညာမိသားစု (၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

စိတ်ပညာဌာနတွင် ပညာသင်ကြားခဲ့သော ကျောင်းသား/ကျောင်းသူများနှင့် ပညာသင်ကြားလျက်ရှိသော ကျောင်းသား/ကျောင်းသူများ၏(၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး ကျောင်းသား/ကျောင်းသူအပေါင်းတို့အား ကြွရောက်ပေးနိုင်ပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။

**ရက်** ။ ၂-၃-၂၀၂၄ရက်(စနေနေ့)
**အချိန်** ။ နံနက် ၉:၀၀နာရီမှ မွန်းတည့် ၁၂:၀၀နာရီ
**နေရာ** ။ Panda Hotel"ပုလဲခန်းမ"

အလှူငွေများကို အောက်ပါကော်မတီများထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ဒေါက်တာဦးသောင်းကြည် | ဖုန်း-၀၉-၇၉၅၅၄၃၄၀၃ |
| ဒေါက်တာညွန့်ညွန့်သီ | ဖုန်း-၀၉-၄၂၁၁၃၀၈၅၀ |
| ဦးလှမြင့် | ဖုန်း-၀၉-၂၅၀၄၁၇၈၁၈ |

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်ကွက်နေ ဦးသစ်ဆန်း (ဘ)ဦးမျိုးခန့် ၉/မခန(နိုင်)၂၅၇၈၁၂ နှင့် မိတ္ထီလာမြို့၊ မြို့သစ်ရပ်နေ ဒေါ်သင်းမာလှိုင် (ဘ)ဦးကျော်ညွန့် တို့သည်လွန်ခဲ့သော(၇)နှစ်ခန့်က လက်ထပ်ပေါင်းသင်းခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဦးသစ်ဆန်းနှင့် ဒေါ်သင်းမာလှိုင်တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိ၍ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးသစ်ဆန်း(ဘ)ဦးမျိုးခန့်** | **ဦးသောင်းလင်းထက်အောင်** |
| **၉/မခန(နိုင်)၂၅၇၈၁၂** | **အထက်တန်းရှေ့နေ** |
| | **(စဉ်-၅၃၃၂၀)** |

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(နန-၂၂)၊ ဦးပိုင်အမှတ်(၄၉)၊ ၆၇x၆၈လမ်းကြား၊ စံပြလမ်းနှင့် သခင်ဖိုးလှကြီးလမ်းကြားရှိတောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နှင်းအေး (ခ)ဒေါ်ငွေငွေ ၉/မရတ(နိုင်)၀၁၆၀၀၉ ၏ (SP ရရှိသူ ဦးတိုးတိုး) က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၇၃၄၅/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ အကွက်အမှတ်(၅၉၉)၊ ဦးပိုင်အမှတ် (၁၉)/စစ်ကိုင်း-မန္တလေးကားလမ်းအရှေ့ဘက် မြစ်ကြီးနား-မန္တလေး မီးရထားလမ်း အနောက်ဘက်ရှိ ဦးရဲမြင့်၊ ဒေါ်လှလှကြည် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၉/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်လှလှကြည် ၉/အမရ(နိုင်)၀၆၂၆၇၃၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၈၂၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးခိုင်ဇော် ၉/အမရ(နိုင်)၀၆၈၇၆၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက် အမှတ်(၅၈၆)၊ ဦးပိုင်အမှတ် (၅၂-က)၊ ၂၉x၃၀လမ်းကြား၊ ၈၃x၈၄ လမ်းကြားရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူ ဖခင် ဦးတင်ဝင်း၊ မိခင် ဒေါ်ကြည်ကြည်တို့ ကွယ်လွန်၍ ကျန်ရစ်သူသားများဖြစ်ကြသော ဦးထွန်းလှဝင်း ၁၂/စခန(နိုင်)၀၄၂၈၁၀၉၊ ဦးကြည်ဝင်း ၁၂/စခန(နိုင်)၀၄၁၇၅၂၊ ဦးသိန်းငွေဝင်း ၅/ရဥန(နိုင်)၀၀၀၆၄၇၊ ဦးအောင်ဆန်းဝင်း ၅/ရဥန(နိုင်)၀၀၀၆၄၈ တို့က ဘိုးဘ အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက် ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

